# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)


၁၃၈၀ ပြည့်နှစ်၊ ကဆုန်လကွယ်နေ့ | ၂၀၁၈ ခုနှစ်၊ မေ ၁၄ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၂၄)


ယနေ့ **ဖတ်စရာ**


"နှလုံးသားထဲက ပုံ" ဓာတ်ပုံပြပွဲ အမျိုးသားပြတိုက် (ရန်ကုန်) ၌ ကျင်းပ စာ » ၃

နယ်မြေလုံခြုံရေးအခြေအနေအရ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ အဝင်အထွက်အချိန်များ ပြောင်းလဲ စာ » ၅

ရှမ်းပြည်နယ်အစိုးရအဖွဲ့က မှုဆယ်ပစ်ခတ်မှုတွင် ဒဏ်ရာရ၊ သေဆုံးသူများအတွက် ထောက်ပံ့ငွေများပေးအပ် စာ » ၁၁

တရုတ်နိုင်ငံ၏ ပထမဆုံး ပြည်တွင်းလုပ်လေယာဉ်တင်သင်္ဘော ပင်လယ်ခရီးစဉ်လမ်းကြောင်း စတင်ထွက်ခွာ စာ » ၁၄




မန္တလေးမြို့ ရွှေစာရံဘုရားအနီးရှိ ဒုဋ္ဌဝတီမြစ်ကမ်းတစ်နေရာ။

## ဒုဋ္ဌဝတီမြစ်ရေ အရည်အသွေး ဆန်းစစ်ချက်အရ ညစ်ညမ်းမှုအနည်းငယ်သာရှိဟုဆို

**မန္တလေး မေ ၁၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ ပူးပေါင်းဆောင်ရွက်သည့် အခြေခံရေနှင့်ဆိုင်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းစနစ်အတွက် စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းစီမံကိန်းအရ မန္တလေးမြို့ရှိ ဒုဋ္ဌဝတီမြစ်ရေ၏ အရည်အသွေးကို လေ့လာဆန်းစစ်ရာတွင် ရေညစ်ညမ်းမှုအနည်းငယ်သာရှိကြောင်း အဆိုပါစီမံကိန်းအဖွဲ့ခေါင်းဆောင် ဂျပန်နိုင်ငံသား ဒေါက်တာ အီတာရူအိုကူတာက ပြောသည်။

အဆိုပါစီမံကိန်းကို ၂၀၁၅ ခုနှစ် ဇွန်လမှ ၂၀၁၈ခုနှစ် မေလအထိ သုံးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့ပြီး စီမံကိန်းတွင် ရေသယံဇာတနှင့်ပတ်ဝန်းကျင်စီမံခန့်ခွဲခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဟူ၍ နှစ်ပိုင်းပါဝင်ကာ ရေသယံဇာတနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးတွင် လှိုင်မြစ်ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဒုဋ္ဌဝတီမြစ်ကိုလည်းကောင်း လေ့လာဆန်းစစ်ချက်များ ပြုလုပ်ခဲ့ကြောင်း သိရသည်။ *စာမျက်နှာ ၄ ကော်လံ ၅* ❑




## ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းနှစ်ကျောင်းသို့ အဝါရောင် ကျောင်းကြိုပို့ယာဉ်များ စတင်ပြေးဆွဲမည်ဟု သိရ

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းသားကျောင်းသူများအား သယ်ယူပို့ဆောင်ပေးမည့် ကျောင်းကြို၊ ပို့ (School Bus) ယာဉ်များအား ကမာရွတ်မြို့နယ်နှင့် ရန်ကင်းမြို့နယ်များအတွင်းရှိ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား ဦးစားပေးအနေဖြင့် စတင်ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျောင်းသားများတဲ့ကျောင်းကို အဓိကရည်ရွယ်တာပေါ့။ TTC ကျောင်းနှစ်ကျောင်းကိုစပြီးဆွဲမယ်။ တကယ်လို့ အခြားကျောင်းတွေကိုလည်း မေးထားပါတယ်။ လိုအပ်တယ်ဆိုရင် နောက်စီစဉ်ပေးမှာပါ။ ဒီနေ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အားလုံးကိုတွေ့ပြီး ပြောတဲ့အခါမှာ TTC က အဓိကလိုနေတာပါ။ အဲဒါကို TTC ကမာရွတ်နဲ့ TTC ရန်ကင်းကို ဦးစားပေးပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောကြားသည်။

ကျောင်းကားသမားများ၏ တောင်းဆိုမှုအရ ဘယ်မောင်း၊ ညာမောင်းစနစ် ခွဲခြားသတ်မှတ်မှုကိုယခုနှစ်အတွက် သတ်မှတ်ဦးမည်မဟုတ်ဘဲ တစ်နှစ်အတွင်း ဂျပန်ကားများကို မောင်းနှင်ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ ကျောင်းကားများအနေဖြင့် လုပ်ငန်းလိုင်စင်၊ အလုံးစုံအာမခံထားရှိမှုများ ပြုလုပ်ထားရမည်ဖြစ်ကြောင်း သိရသည်။ ရန်ကင်းနှင့် ကမာရွတ်မြို့နယ်များရှိ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း (TTC) နှစ်ကျောင်းမှ *စာမျက်နှာ ၄ ကော်လံ ၃* ❖




မြန်မာ့အလင်း

# စကားအရာ အင်္ဂါငါးတန်

ရဟန်းတို့ အင်္ဂါငါးမျိုးနှင့် ပြည့်စုံသော စကားသည် ကောင်းစွာဆိုအပ်သည် မည်၏။ မကောင်းသဖြင့် ဆိုအပ်သည်မမည်။ အပြစ်လည်း မရှိ၊ ပညာရှိတို့လည်း မကဲ့ရဲ့အပ်။

အဘယ်ငါးမျိုးတို့နည်းဟူမူ-

(၁) ပြောဆိုရန် အချိန်အခွင့် သင့်ရောက်သော ကာလ၌ ပြောဆိုခြင်းလည်းတစ်ပါး၊

(၂) မှန်ကန်စွာ ပြောဆိုခြင်းလည်း တစ်ပါး၊

(၃) နူးညံ့သိမ်မွေ့စွာ ပြောဆိုခြင်းလည်း တစ်ပါး၊

(၄) အကြောင်းအကျိုးနှင့် စပ်သည်ကိုသာလျှင် ပြောဆိုခြင်းလည်း တစ်ပါး၊

(၅) မေတ္တာရှေ့ထား၍ မေတ္တာစိတ်ရှိ၍ ပြောဆိုခြင်းလည်း တစ်ပါး၊

ရဟန်းတို့ ဤအင်္ဂါငါးမျိုးနှင့် ပြည့်စုံသော စကားသည် ကောင်းစွာဆိုအပ်သည်မည်၏ဟု ဗုဒ္ဓမြတ်စွာဘုရားက ဆုံးမတော်မူခဲ့ကြောင်း အင်္ဂုတ္တရနိကာယ်၊ စတုတ္ထ ပဏ္ဏာသ၊ ဗြာဟ္မဏဝဂ်၊ ဝါစာသုတ်တွင် ဖော်ပြပါရှိသည်။

ယင်းသို့ ဆုံးမတော်မူခဲ့ရခြင်း၏ နောက်ခံအကြောင်းရင်းလည်းရှိသည်။ ဘုရားလက်ထက်တွင် အခါတစ်ပါး မိတ်ဆွေဖြစ်ကြကုန်သော ရဟန်းများသည် ကောသလတိုင်းရှိ ကျောင်းသင်္ခမ်းတစ်ခု၌ အတူတကွ ဝါဆိုကြစဉ် စကားအများကြောင့် ငြင်းခုံခိုက်ရန်မရှိစေဘဲ အညီအညွတ်အေးချမ်းစွာ နေထိုင်နိုင်ကြရန်ဟူသော ရည်ရွယ်ချက်ဖြင့် တစ်ပါးနှင့်တစ်ပါး လုံးဝစကားပြောဆိုခြင်းမပြုဘဲ ကိုယ်စီကိုယ်စီ ပြုဖွယ်ကိစ္စများကိုသာ ပြုကြရင်း ဝါတွင်းသုံးလကို ကုန်လွန်စေခဲ့ကြသည်။ ဝါကျွတ်ပြီးနောက် ဘုရားရှင်ထံမှောက် သွားရောက်ဖူးမြော်ကြသည့်အခါ ဗုဒ္ဓဘုရားရှင်က ရဟန်းများအား "အသင်တို့ ချမ်းသာစွာနေခဲ့ကြကုန်သလော"ဟု မေးသည်။ ရဟန်းများကလည်း ဝါတွင်းသုံးလပတ်လုံး တစ်ပါးနှင့်တစ်ပါး စကားမပြောဘဲ ချမ်းသာစွာနေခဲ့ကြကြောင်း ပြန်လည်လျှောက်ထားသည့်အခါ ဗုဒ္ဓက ပြင်းထန်စွာ ရှုတ်ချခဲ့သည့်အပြင် စကားမဆိုသောအကျင့်ကို ဆောက်တည်သော ရဟန်းအားလည်း ဒုက္ကဋ်အာပတ်သင့်စေကြောင်း ပညတ်တော်မူခဲ့သည်။

ဆိုရေးရှိက၊ ဆိုအပ်လှ၏ ဟူသကဲ့သို့ပင် စကားပြောဆိုရန် အကြောင်းရှိပါက ပြောကြရမည်သာဖြစ်သည်။ ယင်းသို့ ပြောသည့်အခါတွင်လည်း အထက်တွင်ဆိုခဲ့သည့်အတိုင်း အခြေအနေ အချိန်အခါနှင့် ကိုက်ညီသည့်စကား၊ မှန်ကန်သည့်စကား၊ နားဝင်မဆိုးသည့် ရိုင်းစိုင်းကြမ်းတမ်းမှုမရှိသည့်စကား၊ အကြောင်းအကျိုးဆီလျော်သည့်စကား၊ ကောင်းရာကောင်းကျိုးကို လိုလားသည့်စကား တစ်နည်းအားဖြင့် မေတ္တာရှေ့ထားသည့်စကားဖြစ်ဖို့လိုမည်ဖြစ်သည်။ ပြောသင့်ပါလျက် မပြောခြင်းသည် အပြစ်ဖြစ်သကဲ့သို့ မဟုတ်မမှန်သည့်စကား၊ ကုန်းချောပြစ်တင် ရန်တိုက်သည့်စကား၊ ကြမ်းတမ်းရန့်ရင်းသည့်စကား၊ သေးနုတ်သိမ်ဖျင်းသည့်စကားတို့ကို ပြောဆိုခြင်းတို့သည်လည်း ဝစီဒုစရိုက်သင့်မည်ဖြစ်သည်။ လူတို့ ပြုလုပ်တတ်ကြသည့် ကိုယ်၊ နှုတ်၊ စိတ်အပြုအမူများ တစ်နည်းအားဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် ပြုလုပ်သည့် မကောင်းမှုဒုစရိုက်များအနက် ဝစီဒုစရိုက်ခေါ် နှုတ်အားဖြင့် ပြုမူသည့် မကောင်းမှုက အများဆုံးဖြစ်ကြောင်း ဗုဒ္ဓစာပေများတွင် ဖော်ပြထားသည်။

ယနေ့ခေတ်တွင်မူ နည်းပညာမြင့်မားတိုးတက်မှုက အရွယ်ရောက်သူလူအားလုံးတို့နှင့် လက်တစ်ကမ်းဆီသို့ ရောက်ရှိလာမှုနှင့်အတူ ဝစီဒုစရိုက်ကို နည်းပညာအကူအညီဖြင့် လွယ်လွယ်ကူကူ ကျယ်ကျယ်ပြန့်ပြန့် ပြုမူရန် အခွင့်အလမ်းသာလာသည်။ စကားဖြင့်သာမက၊ သင်္ကေတအားဖြင့်၊ စာအားဖြင့်ပါ ကျူးလွန်လာနိုင်သည်။ မကောင်းမှုဒုစရိုက်ဟူသည် ကိုယ်အားဖြင့် ပြုသည်ဖြစ်စေ၊ နှုတ်အားဖြင့်ပြုသည်ဖြစ်စေ၊ စိတ်အားဖြင့် ပြုသည်ဖြစ်စေ ပြုလုပ်သူကိုသာ ဦးစွာထိခိုက်စေမည်ဖြစ်ကြောင်း ပညာရှိတို့က ဆုံးမလေ့ရှိကြသည်။

ညီညွတ်မှုများကို ဖျက်ဆီးစေတတ်သော၊ အမုန်းတရားများကို ပွားများစေတတ်သော၊ ယုံကြည်လေးစားမှုများကို ပျက်ယွင်းစေတတ်သော၊ ပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေတတ်သော ဝစီဒုစရိုက်မှုများကို အလွယ်တကူ မကျူးလွန်မိကြစေဘဲ မိမိတို့၏ နှုတ်အမူအရာတို့ကို ကောင်းစွာစောင့်ထိန်းကာ အင်္ဂါငါးတန်ဖြင့် ပြည့်စုံသော စကားတို့ကိုသာ ကောင်းစွာ ဆိုအပ်ကြပါစေကြောင်း။ ။

# မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ငွေရတုသဘင်ကျင်းပရန်စီစဉ်

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းကို ၁၉၉၃ ခုနှစ် အောက်တိုဘာတွင် စတင်တည်ထောင်ဖွဲ့စည်းခဲ့ရာ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် သက်တမ်း ၂၅ နှစ်ပြည့် ငွေရတုသဘင်အခမ်းအနားကို စည်ကားစွာကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။



အဆိုပါကာလအတွင်း နှစ်စဉ်ပညာပေးသင်တန်းများ ပုံမှန်ဖွင့်လှစ်ခဲ့ရာ အခြေခံပန်းအလှပြုပြင်မှုနှင့် အဆင့်မြင့်ပန်းအလှပြုပြင်မှု သင်တန်းများ၊ စီးပွားဖြစ် သစ်ခွစိုက်ပျိုးနည်းသင်တန်းများ၊ ပန်းဥယျာဉ်တည်ထောင်ခြင်းနှင့် မြေယာအလှပြုပြင်မှုသင်တန်းများ၊ သစ်သီးပုံဖော်အလှပြင်သင်တန်းစသည့်ဖြင့် အမျိုးသမီး အများဆုံး တက်ရောက်လျက်ရှိသည့် ပြည်သူ့အကျိုးပြု သင်တန်းအသီးသီးကို သင်တန်းအပတ်စဉ်တစ်ခုလျှင် သင်တန်းသား သင်တန်းသူ ၅၀ ဖြင့် သင်ကြားပို့ချနိုင်ခဲ့ရာ ယနေ့အထိ သင်တန်းဆင်းအင်အား ၃၀၀၀ ခန့်အထိ လေ့ကျင့် ပျိုးထောင်ပေးနိုင်ခဲ့ပြီး အဆိုပါ သင်တန်းဆင်းများထဲမှ အချို့မှာ စီးပွားဖြစ် ကိုယ်ပိုင်လုပ်ငန်းများ တည်ထောင်၍ အောင်မြင်မှုများရရှိနေကြပြီ ဖြစ်သည်။

ယခုအခါ အသင်းဝင်အင်အား ၂၀၀၀ ခန့် ရှိလာခဲ့ပြီး နိုင်ငံတော်က မှတ်ပုံတင်ဖြင့် ခွင့်ပြုထားသည့် ဝါသနာရှင်အသင်းတစ်ခုဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းခွဲများကိုပါ ကျယ်ပြန့်စွာ ဆက်လက်ဖွဲ့စည်းသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ငွေရတုအကြို လေ့ကျင့်ပညာပေးရေးအစီအစဉ်အရ အဆင့်မြင့်ပန်းအလှပြုပြင်မှုသင်တန်း အမှတ်စဉ် ၂/၂၀၁၈ သင်တန်းဆင်းပွဲကို မေ ၁၁ ရက်က ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံးသင်တန်းခန်းမဆောင်တွင်း၌ ကျင်းပရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်း (စိုက်ပျိုးရေးပညာရှင်)က သင်တန်းဆင်းအမှာစကားပြောကြားပြီး ပန်းအလှပြင်ပြိုင်ပွဲပထမဆုရ မနှင်းဝတ်ရည်၊ ဒုတိယဆုရ ဒေါ်သီတာထွန်း၊ တတိယဆုရ မဥမ္မာတင်နှင့် နှစ်သိမ့်ဆုရနှစ်ဦးတို့အား ဆုများချီးမြှင့်ခဲ့သည်။

**မြတ်စိုး(လှိုင်)**

# ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာရေးစပ်၊ ကျပန်းစကားပြောပြိုင်ပွဲ နှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှကြီးမှူး၍ ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ၁၁ ကြိမ်မြောက် မူးယစ်ဆေးဝါးနှင့်စပ်လျဉ်းသော ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာရေးစပ်၊ ကျပန်းစကားပြောနှင့် ကဗျာစပ်ဆိုပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ကျောက်ဆည်ခမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲတွင် (မြန်မာ-အင်္ဂလိပ်) အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ပြိုင်ပွဲများကို ဇွန် ၁၉ ရက်တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ အထိ ရန်ကုန် အနောက်ပိုင်းခရိုင်၊ မွန်းတည့် ၁၂ နာရီ မှ ညနေ ၄ နာရီ အထိ မြောက်ပိုင်းခရိုင်၊ ဇွန် ၂၀ ရက်တွင် နံနက် ၉ နာရီ မှ မွန်းတည့် ၁၂ နာရီအထိ အရှေ့ပိုင်းခရိုင်၊ မွန်းတည့် ၁၂ နာရီ မှ ညနေ ၄ နာရီအထိ တောင်ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကဗျာရွတ်ဆိုပြိုင်ပွဲ (မြန်မာ-အင်္ဂလိပ်) မူလတန်းအဆင့်ပြိုင်ပွဲကို ဇွန်လ ၂၁ ရက်တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ အထိ အနောက်ပိုင်းခရိုင်၊ မွန်းတည့် ၁၂ နာရီ မှ ညနေ ၄ နာရီ အထိ မြောက်ပိုင်းခရိုင်၊ ဇွန်လ ၂၂ ရက်တွင် နံနက် ၉ နာရီ မှ မွန်းတည့် ၁၂ နာရီအထိ အရှေ့ပိုင်းခရိုင်၊ မွန်းတည့် ၁၂ နာရီ မှ ညနေ ၄ နာရီအထိ တောင်ပိုင်းခရိုင်တို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲများကို အခြေခံပညာကျောင်းများသာမက ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများလည်း ပါဝင်နိုင်သည်။

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစပ်ဆိုပြိုင်ပွဲ (အလွတ်တန်းအတွက်) စာမူများကို ဇွန်လ ၇ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပြီး နောက်ဆုံးအဆင့် ကျပန်း (မြန်မာ-အင်္ဂလိပ်)နှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ (မြန်မာ-အင်္ဂလိပ်) ပြိုင်ပွဲများကို ဇွန် ၂၄ ရက် နံနက် ၉ နာရီတွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကာ ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)ရုံး အမှတ်-၃၇/G မြေကွက်အမှတ်-၁/H၊ ဖုန်း-၅၀၂၉၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၃-၅-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |

**စက်သုံးဆီဈေးနှုန်း (မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀/၈၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀/၈၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၀၅/၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၈၆၀ ကျပ် |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၄၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၉၉ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၀၃ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၁၅ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၂၈ ・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၁၁ ・ ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ・ ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၉ ・ ၉၅၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ ・ ၆၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၃၉ ・ ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ・ ၀၂၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

## ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

**ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲ ဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန် ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံတကာ မျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူ ဖြေရှင်းနိုင်မှာ မဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား

**ဘယ်လိုစီမံကိန်းတွေပဲ ချမှတ်ချမှတ်၊ အကောင်အထည်ဖော်ရာမှာ စုပေါင်းလုပ်ဆောင်ခြင်းကသာ အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား ဖြစ်ပါလိမ့်မယ်။ အစုအဖွဲ့ ဂိုဏ်းဂဏစိတ်တွေကို ဖယ်ရှားပြီး၊ နိုင်ငံနဲ့ပြည်သူများ အကျိုးသယ်ပိုးရာမှာ၊ မည်သူကိုမျှ လက်ညှိုးမထိုး၊ မိမိရဲ့စေတနာ၊ ပညာ၊ သတ္တိတွေကိုသာ လူတိုင်းလူတိုင်း အထွတ်အထိပ်ရောက်အောင် ကြိုးစားဆောင်ရွက်မယ်ဆိုရင် ဘယ်လိုကြီးမား၊ ခက်ခဲတဲ့ စိန်ခေါ်မှုပဲဖြစ်ပါစေ၊ ကျော်လွှားနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# “နှလုံးသားထဲက ပုဂံ” ဓာတ်ပုံပြပွဲ အမျိုးသားပြတိုက် (ရန်ကုန်) ၌ကျင်းပ

**ရန်ကုန် မေ ၁၃**

မြန်မာ့အမွေအနှစ် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးကြိုဆိုသည့် အနေဖြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် လူနေမှုဘဝများအား သိရှိစေရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ မေတ္တာမိုးပရဟိတအဖွဲ့နှင့် မြန်မာနိုင်ငံဓာတ်ပုံပညာရှင်များ ပူးပေါင်းကာ “ နှလုံးသားထဲကပုဂံ” ဓာတ်ပုံပြပွဲကို အမျိုးသားပြတိုက် (ရန်ကုန်)၌ မေ ၁၃ ရက်မှ ၁၅ ရက်အထိ နေ့စဉ် နံနက် ၉နာရီခွဲမှ ညနေ ၄နာရီခွဲအထိ ကျင်းပလျက်ရှိသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ကြီးကျယ်ခမ်းနားသော ရှေးဟောင်းအဆောက်အအုံများ၊ ထူးခြားသည့်ဗိသုကာပညာများ၊ အနုပညာလက်ရာများ၊ သဘာဝရှုမြင်ကွင်းများ၊ ရိုးရာပွဲတော်များ၊ ပုဂံဒေသအလေ့အထများနှင့် လူနေမှုဘဝများကို မြန်မာနိုင်ငံတစ်ဝန်းသာမက ကမ္ဘာတစ်ဝန်းကပါ သိရှိစေရန်၊ မိမိတို့ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ချစ်မြတ်နိုးတန်ဖိုးထားစိတ်၊ အဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ပိုမိုဖြစ်ထွန်းလာစေရန်၊ အမွေအနှစ်ကာကွယ်ထိန်းသိမ်းမှုတွင် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုအပ်သည်ဟူသော ရည်ရွယ်ချက်ကိုလည်း အကောင်အထည်ဖော်ဆောင်ရန် ရည်ရွယ်ချက်များဖြင့် “ နှလုံးသားထဲက ပုဂံ” ဓာတ်ပုံပြပွဲကို ကျင်းပခြင်းဖြစ်သည်။

အဆိုပါ ဓာတ်ပုံပြပွဲ၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းနှင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံတကာ သံရုံးများမှ သံတမန်များ၊ မြန်မာနိုင်ငံဓာတ်ပုံပညာရှင်များ၊ သတင်းမီဒီယာများ၊ ဒေသခံလူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံများနှင့် မေတ္တာမိုး ပရဟိတအဖွဲ့ဝင်များ တက်ရောက်ကြသည်။ ယင်းနောက်ဓာတ်ပုံပြပွဲအခမ်းအနားဖွင့်လှစ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာနပြည်ထောင်စုဝန်ကြီး **(ယာပုံ)** နှင့် တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးတို့က အမှာစကားပြောကြားခဲ့ကြသည်။

UNESCO Yangon မှ Head of Office Ms. Min Jeong Kim က အမှာစကားပြောကြားပြီး Architect in UNESCO Consultant, Mr. Kai Weise က ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းထားခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ဓာတ်ပုံပညာရှင်တစ်ဦးက ဓာတ်ပုံပြပွဲကျင်းပခြင်းနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းနှင့် တာဝန်ရှိသူများက ပုဂံဒေသကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။ ယင်းနောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များက ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြပွဲအတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။



**သတင်းစဉ်**

# ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေးအတွက် ကျောင်းအုပ်ကြီးများ၏ ပံ့ပိုးကူညီမှု၊ စီမံခန့်ခွဲမှုက အရေးကြီး

**နေပြည်တော် မေ ၁၃**

ကျောင်းအုပ်ကြီးများပညာရေးစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် ၁/၂၀၁၈ နေပြည်တော် သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် ၆ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူးနှင့် ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ပညာရေးမိသားစုဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့ သင်တန်းသည် နေပြည်တော်တွင် ပထမဦးဆုံးဖွင့်လှစ်ခဲ့သော ပညာရေးစီမံခန့်ခွဲမှု သင်တန်းဖြစ်ပါကြောင်း၊ ကျောင်းအုပ်ကြီးများအနေဖြင့် ယခုသင်တန်းတွင် သင်ကြားသင်ယူရေး၊ စီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပညာရေးပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုများ၊ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသင်ကြားပို့ချချက်များနှင့်မိမိတို့၏ အတွေ့အကြုံများကို မျှဝေဖလှယ်နိုင်ကြမည်ဖြစ်ပါကြောင်း၊ သင်တန်းအတွေ့အကြုံများက မိမိတို့ ဆောင်ရွက်နေသည့် ပညာရေးကဏ္ဍများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးဆောင်ရွက်ပေးနိုင်ကြမည်ဟုယုံကြည်ပါကြောင်း၊ ပညာရည်မြင့်မားရေးအတွက် အရည်အသွေးရှိသော ဆရာ ဆရာမများသည် အဓိကကျပါကြောင်း၊ ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေးအတွက် ကျောင်းအုပ်ကြီးများ၏ ပံ့ပိုးကူညီမှု၊ စီမံခန့်ခွဲမှုများက အရေးကြီးပါကြောင်း၊ ကျောင်းဖွင့်ရာသီ နီးကပ်လာပြီဖြစ်သောကြောင့် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းရောက်ရှိရေး၊ မူလတန်းပညာသင်ယူပြီးမြောက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကအခမဲ့ဖြန့်ဝေသည့် ဗလာစာအုပ်များ၊ ကျောင်းသုံးဖတ်စာအုပ်များ၊ ကျောင်းဝတ်စုံများကို ကျောင်းလာအပ်သူတိုင်း လက်ထဲအရောက်ဖြန့်ဝေပေးကြရန်နှင့် သင်ကြားသင်ယူမှုလုပ်ငန်းများကို ဇွန်လ ၁ ရက်နေ့ကတည်းက အင်ပြည့်အားပြည့် ဆောင်ရွက်သွားကြရန်၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား လူသားကောင်းများဖြစ်ရန်၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်ရန်၊ တာဝန်ယူ တာဝန်ခံဆောင်ရွက်တတ်ရန်၊ တီထွင်ကြံဆတတ်ရန် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက အမှာစကားပြောကြားပြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဒေါက်တာ ဇော်ဝင်းက ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်တို့မှ သင်တန်းသား သင်တန်းသူများကိုယ်စား ကိုယ်စားလှယ်များအား သင်တန်းဆင်း လက်မှတ်ချီးမြှင့်သည်။

ထို့နောက် သင်တန်းသားသင်တန်းသူများက “မင်းသားနှင့်မင်းသားနှစ်ပါးပြိုင်” အက “ထာဝရသစ္စာ”အကများဖြင့် ကပြဖျော်ဖြေကြသည်။ အဆိုပါသင်တန်းသို့ နေပြည်တော်ကောင်စီနယ်မြေမြို့နယ်အသီးသီးမှ သင်တန်းသားသင်တန်းသူများဖြစ်သော အလယ်တန်း အထက်တန်းကျောင်းအုပ်ကြီး ၉၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ မှာ ဧပြီ ၂၃ ရက်မှ မေ ၁၂ ရက်အထိဖြစ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် အဖွဲ့သည် နေပြည်တော် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကာ ၂၀၁၈-၂၀၁၉ပညာသင်နှစ် ဒုတိယတန်းသင်ရိုးသစ်သင်တန်းသို့ တက်ရောက်နေသည့် ဆရာ ဆရာမများအား လှည့်လည်ကြည့်ရှုအားပေး၍ သင်ကြားရေးစီမံခန့်ခွဲရေးနှင့် ပညာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်းသတင်းရရှိသည်။




**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးခဲ့

**နေပြည်တော် မေ ၁၃**

မေ ၁၃ ရက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ကာ ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**မြန်မာ့အလင်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အလှူငွေလက်ခံခြင်းနှင့် မြန်မာလက်သင်္ကေတပြဘာသာစကား စံသတ်မှတ်ခြင်းကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၁၃**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်အမှတ် (၆၄) ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီလမ်းထောင့်ရှိ ရန်ကုန်တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနမှူးရုံး၌ ကျင်းပသည့် ကချင်ပြည်နယ် တိုက်ပွဲရှောင်စခန်းများရှိ မိခင်နှင့်ကလေးများအတွက် မောင်ဘုန်းမြတ်သားထူး၏ တစ်နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် မိဘ၊ ဆွေမျိုးမိတ်ဆွေများစုပေါင်း၍ အလှူငွေကျပ် ၂၅ သိန်းလှူဒါန်းပွဲသို့ တက်ရောက်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။



ထို့နောက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ကွန်ပျူတာနည်းပညာဆိုင်ရာ ကျွမ်းကျင်သူကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ နားမကြားသောကလေးများအတွက် မြန်မာလက်သင်္ကေတပြဘာသာစကား စံသတ်မှတ်ပြီးတစ်နိုင်ငံလုံး ပြန့်ပွားအောင် အသုံးပြုနိုင်ရေးနှင့်စပ်လျဉ်း၍ပြည်သူများ လွယ်လင့်တကူလေ့လာနိုင်သော Website နှင့် Mobile Application များဖန်တီးထားခြင်း၊ Facebook Page မှတစ်ဆင့် ပြည်သူလူထုဝင်ရောက်လေ့လာနိုင်ရန် စီစဉ်ထားရှိခြင်း၊မြန်မာလက်သင်္ကေတပြစံဘာသာစကားအားဆွံ့အနားမကြားကျောင်းများအားလုံးတစ်ပြေးညီအသုံးပြုနိုင်ရေးနှင့် အဆိုပါဘာသာစကားလေ့လာမှုအား ပိုမိုအသုံးပြုလာနိုင်စေရန် ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အောင်မြင်အောင် ဆောင်ရွက်ရေးရှေ့လုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❑ *ရှေ့စာမျက်နှာမှ*

"ကျွန်တော်တို့က ဒုဋ္ဌဝတီမြစ်ထဲကိုစွန့်ပစ်နေတဲ့ ရေဆိုးတွေကြောင့် မြစ်ရေအခြေအနေ ဘယ်လိုရှိတယ်ဆိုတာကို လေ့လာခဲ့ပါတယ်၊ ဒုဋ္ဌဝတီမြစ်ရေနဲ့ပတ်သက်ပြီး ရှာဖွေတွေ့ရှိတဲ့ ရလဒ်ကတော့ ဒုဋ္ဌဝတီမြစ်ရေက အခုအချိန်ထိတော့ အဆင်ပြေနေသေးတယ်၊ အလွန်ညစ်ပေနေတာမျိုး မရှိသေးဘူး၊ ဘာကြောင့်လဲဆိုရင်သူ့ရဲ့ မြစ်ဧရိယာကကျယ်တဲ့အတွက် စွန့်ပစ်တဲ့ရေဆိုးတွေ မြစ်ဧရိယာမှာ ပျော်ဝင်သွားတာကြောင့် ပြောပလောက်တဲ့အထိတော့ မညစ်ညမ်းသေးဘူး၊ ရန်ကုန်က လှိုင်မြစ်ထက်စာရင် ဒုဋ္ဌဝတီမြစ်ရေ အများကြီးသန့်သေးတယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင် ဒုဋ္ဌဝတီမြစ်ရေကို လေ့လာဆန်းစစ်ရာတွင် မြစ်အတွင်းသို့ စက်ရုံများမှ စွန့်ပစ်သည့်ရေဆိုးများသာမက လူနေအိမ်များမှ စွန့်ပစ်သည့် ရေဆိုးများကြောင့်လည်း ရေညစ်ညမ်းမှုများဖြစ်ပေါ်နေပြီး နွေရာသီတွင် ရေခန်းခြောက်မှုများဖြစ်ပေါ်ပါက မြစ်အတွင်းသို့ စွန့်ပစ်ရေဆိုးများကြောင့် မြစ်ရေညစ်ညမ်းမှု ပိုမိုများပြားလာနိုင်ကြောင်း သိရသည်။

လက်ရှိတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ရေဆိုးသန့်စင်စက်ရုံကို တည်ဆောက်နေပြီး အဆိုပါစက်ရုံပြီးစီးပါက စက်ရုံများမှ ရေဆိုးများကို ဒုဋ္ဌဝတီမြစ်အတွင်းသို့ စွန့်ပစ်ခြင်းမပြုဘဲ ယင်းစက်ရုံအတွင်းသို့ စွန့်ထုတ်နိုင်မည်ဆိုပါက မြစ်ရေခန်းခြောက်သော်လည်း ရေညစ်ညမ်းမှုပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

အခြေခံရေနှင့်ဆိုင်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းစနစ်အတွက် စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းစီမံကိန်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့ အဓိကပူးပေါင်းဆောင်ရွက်ခဲ့သည့်အပြင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါဌာနများရှိ ဝန်ထမ်းများကို အဆိုပါစီမံကိန်းနှင့် ပတ်သက်၍ မှတ်တမ်းမှတ်ရာမှတ်သားနည်းများ၊ အသိပညာဖလှယ်ခြင်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့်နည်းလမ်းများကို သင်တန်းပေးခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

**မိုးထစ်ချုန်း ရွာမည်**

**နေပြည်တော် မေ ၁၃**- နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

# ဇာတ်လမ်းတိုကို နိုင်ငံတကာရုပ်ရှင်ပွဲတော်များ၊ ခရီးသွားလုပ်ငန်းပြပွဲများတွင် ပြသနိုင်ပါက ခရီးသွားလုပ်ငန်းပိုမိုတိုးတက်လာမည်

**နေပြည်တော် မေ ၁၃**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ယမန်နေ့ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပသည့် မြောက်ဦးရှေးဟောင်းမြို့တော်ကို UNESCO World Heritage Site စာရင်းဝင်ရောက်နိုင်ရေး ရည်ရွယ်ရိုက်ကူးထားသည့်My Hidden City ရုပ်ရှင်ဇာတ်လမ်းတိုမိတ်ဆက်ပြသခြင်း အခမ်းအနားသို့ တက်ရောက်သည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးသည် ရုပ်ရှင်ဇာတ်လမ်းတိုကို ကြည့်ရှုပြီး နောက်ဂုဏ်ပြုစကားပြောကြားရာတွင် မြောက်ဦးဒေသကို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် UNESCO World Heritage Site စာရင်းဝင်ရောက်ရာတွင် အထောက်အကူဖြစ်စေရန်ယခုရုပ်ရှင်ကို ရိုက်ကူးခဲ့သူများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ရုပ်ရှင်ဇာတ်လမ်းတို့ကို ကြည့်ရှုခြင်းဖြင့် မြောက်ဦးဒေသ၏တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုအလှအပများနှင့် လူနေမှုပုံစံတို့ကိုခံစားရပါကြောင်း၊ ဤဇာတ်လမ်းတိုကိုနိုင်ငံတကာ ရုပ်ရှင်ပွဲတော်များ၊ ခရီးသွားလုပ်ငန်းပြပွဲများတွင်ပြသနိုင်ပါက ခရီးသွားလုပ်ငန်းတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့အင်းလျားလိတ်ဟိုတယ်၌ ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိမြို့၌ မေ ၈ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ခဲ့သည့် Training Of Trainers and ASEAN Community-Based Tourism Standard Dissemination Workshop(level-1) သင်တန်းသို့တက်ရောက်ခဲ့ကြသည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ အရာထမ်းများ၊ ပြင်ပကျွမ်းကျင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် သင်တန်းတက်ရောက်ခဲ့သူများက သင်တန်းတွင် လေ့လာရရှိခဲ့မှုများ၊ မြန်မာနိုင်ငံရှိရပ်ရွာ အခြေပြုခရီးသွားလုပ်ငန်းများတွင် ပြန်လည်အသုံးချနိုင်မှုများကို ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးမှ မြန်မာနိုင်ငံ၏ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း၏ ရှေ့အလားအလာမှာကောင်းမွန်မည်ဟု ယုံကြည်ကြောင်း၊ လာမည့်နှစ်တွင် ဂျပန်၊ ကိုရီးယားနှင့် တရုတ်ခရီးသွားဈေးကွက်အောင်မြင်ရေးတွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းနှင့်အတူ Organic Garden ကိုလည်းပူးတွဲဆောင်ရွက်ပါကခရီးသွားလုပ်ငန်းအတွက်ပိုမိုကောင်းမွန်ကြောင်း မှာကြားသည်။

အဆိုပါ Training Of Trainers and ASEAN Community-Based Tourism Standard Dissemination Workshop(level-1) သင်တန်းသို့ မြန်မာနိုင်ငံမှ သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






**ရခိုင်ပြည်နယ် သံတွဲခရိုင်တောင်ကုတ်မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုဦး၏ ကြပ်မတ်မှုဖြင့် တောင်ကုတ်မြို့နယ် ရဲတပ်ဖွဲ့၊ လမူးနယ်မြေရဲစခန်းမှ ဒုတိယရဲအုပ် ခင်မောင်ဆန်း ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မေ ၉ ရက်က တောင်ကုတ်မြို့နယ် ကျော်ကိုင်းကျေးရွာအုပ်စု ငှက်ပျောတောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ သက်ငယ်မုဒိမ်းမှုနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောစဉ်။**

ခရိုင်(ပြန်/ဆက်)

❖ *ရှေ့စာမျက်နှာမှ*

ကျောင်းကားအစီးရေ ၁၀၀ နီးပါး YRTA သို့ တောင်းဆိုထားပြီး အခြားကျောင်းများမှာမူ တင်ပြခြင်းမရှိသေးကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းသား ကျောင်းသူများကို သယ်ယူပို့ဆောင်ပေးမည့် ကျောင်းကြို၊ ပို့ (School Bus)ယာဉ်များအား မောင်းနှင်ရန် ယာဉ်မောင်းများနှင့် ယာဉ်ကြီးကြပ် (အမျိုးသမီး) များကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ စတင်ခေါ်ယူနေပြီ ဖြစ်သည်။ ပညာအရည်အချင်းအနေဖြင့် အနည်းဆုံး ၇ တန်းအောင်မြင်သူဖြစ်ရမည်ဖြစ်ကာ မော်တော်ယာဉ် မောင်းနှင်မည့်သူများအနေဖြင့် အသက် (၃၀ နှစ်မှ ၅၅ နှစ်) အထိဖြစ်ကာ ယာဉ်ကြီးကြပ်သူအနေဖြင့် အသက် (၂၀ နှစ်မှ ၃၅) နှစ်အတွင်း ဖြစ်ရမည်ဟူသောအချက်ခုနစ်ချက်ပါ လျှောက်လွှာများကို မေလ ၂၀ ရက်နေ့နောက်ဆုံးထားပြီး YRTA ရုံးချုပ်သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း တိုင်းဒေသကြီးအတွင်းရှိ ကျောင်းသားကျောင်းသူများအား သယ်ယူပို့ဆောင်ပေးမည့် ကျောင်းကြို၊ ပို့ယာဉ်များ အသုံးပြုရာတွင် ယာဉ်အန္တရာယ်လုံခြုံစိတ်ချစေရေးအတွက် စည်းကမ်းချက် ၁၂ ချက် ပါဝင်သော ကျောင်းကြို၊ ပို့ယာဉ်အမျိုးအစားသတ်မှတ်ချက်ကိုလည်း ယခုနှစ်ဇန်နဝါရီလအတွင်း၌ YRTA က ထုတ်ပြန်ထားသည်။ YRTA လက်အောက်တွင်ကျောင်းကြို၊ ပို့ယာဉ်အဖြစ်ပြေးဆွဲရန် အဝါရောင် (School Bus) ယာဉ်အစီးရေ ၂၀၀ ခန့် ဝယ်ယူထားကြောင်း သိရသည်။ **သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

# လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် အိမ်ထောင်စုများအား ထောက်ပံ့

**မိုးမိတ် မေ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင်၌ လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုရှိသည့် အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် သွပ်အမိုးများပေးအပ်ခြင်းကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မေ ၁၂ ရက်က ကျင်းပခဲ့ရာ ခရိုင်သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှု ဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက အမှာစကားပြောကြားပြီး ခရိုင်၊ မြို့နယ် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သဘာဝဘေးသင့်အိမ်ထောင်စုများသို့ အမိုးအကာသွပ်များကို လည်းကောင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနမှ ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်ခဲ့ကြသည်။

မိုးမိတ်ခရိုင်၌ မေ ၉ ရက် ဖြစ်ပေါ်ခဲ့သော လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရပ်ကွက်နှစ်ခုနှင့် ကျေးရွာနှစ်ရွာတို့မှ အိမ်ထောင်စုသုံးစု၊ ဘာသာရေးအဆောက်အအုံ သုံးခု၊ ကျေးရွာစာကြည့်တိုက်တစ်ခုတို့အတွက် ထောက်ပံ့ငွေကျပ်လေးသိန်း၊ ခုနစ်ပေသွပ် ၁၁၄ ချပ်နှင့် သွပ်မိုသုံးဖာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မွန်ပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်းသည် ယမန်နေ့က မွန်ပြည်နယ်အတွင်းရှိ ကျိုက်ထို၊ ရေး၊ ကျိုက်မရောမြို့နယ်များ၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများနှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ကျိုက်ထိုမြို့နယ် အင်္ဂတို-မိုးဘော ၂/၀ မိုင် ကျောက်ခင်းနေမှု၊ ရေးမြို့နယ် မော့ကနင်-ဘဲလမု- ဘီဆိုင်-ကွမ်းသီးတောလမ်း ၂/၀ မိုင် ကျောက်ခင်းနေမှု၊ ကလော့- ချောင်းတောင်လမ်း ၃/၀ မိုင် ကတ္တရာခင်းနေမှု၊ အဏ္ဏဝါရပ်ကွက် အလက(၁)၌ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် ရေး-ခေါဇာသွားလမ်း ၂/၅ မိုင်မှ ကဗျာဝကျေးရွာသို့ ဆက်သွယ်သည့် ကတ္တရာလမ်းခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျိုက်မရောမြို့နယ်အတွင်းရှိ ဓမ္မသအထက(ခွဲ)၊ ဖာသိမ်အထက(ခွဲ)၊ ဝါးပြန်ကုန်းအလက(ခွဲ)နှင့် တံတားဦး(မူလွန်) တို့တွင် တန်ဖိုးနည်းနေအိမ်နှစ်လုံးစီ ဆောက်လုပ်နေမှု၊ ဖားဘောင်ဂူ- ကော့ဝက်လမ်း ၁/၀ မိုင်ကျောက်ခင်းနေမှု၊ မိခွမ်း-ထိပှူးသံလမ်း ၂/၄ မိုင်ကျောက်ခင်းနေမှု၊ အဇင်းဆည်မှ ကင်းချောင်းကျေးရွာသို့ ရေပိုက်သွယ်တန်းခြင်း ၈/၀ မိုင်နှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်ငါးလုံး တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသ၌ နေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်လမ်းရရှိစေရေးနှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့် အညီပညာရေး၊ ကျန်းမာရေး၊ လမ်း/တံတား၊ စွမ်းအင်၊ အိမ်ရာအဆောက်အအုံ လုပ်ငန်းများအား ဘဏ္ဍာနှစ်အလိုက် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လပွတ္တာနှင့် ပုသိမ်ခရိုင်ရှိ လယ်မြေများအား ရေငန်ဝင်ရောက်မှုမှ ကာကွယ်ပေးရန် တာတမံများ ပြန်လည်တည်ဆောက်

**နေပြည်တော် မေ ၁၃**

နာဂစ်မုန်တိုင်းသင့်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာနှင့် ပုသိမ်ခရိုင်ရှိ စပါးစိုက်လယ်မြေများအား ရေငန်ဝင်ရောက်နစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ရန်အတွက် တာတမံများ ပုံစံကျအခိုင်အမာပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိရာ ဇင်ရွဲတာနှင့် ဘီတွဒ်ကျွန်းအပိုင်း(၁)တို့တွင်တာတမံတည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးတော့မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး ၉ မှ သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှဦးစီးအရာရှိ ဦးတင်မိုးကျော်က "ဇင်ရွဲကျွန်းက လပွတ္တာမြို့တောင်ဘက်မှာ ရှိပါတယ်၊ အဓိက တာပုံစံပြုပြင်ဆောင်ရွက်ခြင်းအပြင် တာတိုးချဲ့ဆောင်ရွက်ခြင်းကိုပါ ဆောင်ရွက်ပါတယ်၊ နာဂစ်မတိုင်မီက ရှိခဲ့တဲ့တာက ခြောက်မိုင်လောက်ပဲရှိတယ်၊ နာဂစ်ဖြစ်ပြီးတဲ့နောက်မှာ တည်ဆောက်ရေး(၁)က တာအမြင့် (၈ ဒသမ ၅) ပေအမြင့် မြှင့်ပြီးဆောင်ရွက်ခဲ့ပါတယ်၊ တည်ဆောက်ခဲ့ပြီးတော့ ဒေသခံတောင်သူတွေရယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေက ဒီကျွန်းဟာ တာအပြည့်ပတ်မှ ပိုအကျိုးဖြစ်ထွန်းမယ်ဆိုပြီးတင်ပြတဲ့ အတွက်ကျွန်းကိုတာအပြည့်ပတ်ဖို့ မြေတိုင်းတာခြင်း လုပ်ငန်းတွေကို တွက်ချက်ပြီး ဒီကျွန်းပေါ်မှာ ကျွန်တော်တို့က မူလတာ ခြောက်မိုင်၊ တိုးချဲ့တာက ၁၀ မိုင်ခွဲ၊ ၁၆ မိုင်ခွဲကို တာပုံစံကျပြုပြင်ခြင်းရော၊ တာအသစ်တည်ဆောက်ခြင်းတွေပါ အကုန်လုံးဆောင်ရွက်ရပါတယ်"ဟု ပြောသည်။

အဆိုပါ တာအသစ်တိုးချဲ့ခြင်းစီမံကိန်းကို ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၈ ခုနှစ်က တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် ပျက်စီးခဲ့သည့်တာများအား ပြန်လည်ပြုပြင်ရန် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တည်ဆောက်ရေး ၁ မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် တည်ဆောက်ရေး ၉ မှ လွှဲပြောင်းလက်ခံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဇင်ရွဲကျွန်းပေါ်၌ ဇင်ရွဲရေတံခါး (၆× ၆) ပေ လေးပေါက်ရေတံခါးတစ်ခု ဆောင်ရွက်ပြီးစီးခဲ့ပြီး ၂၀၁၇-၂၀၁၈တွင် ကိုးဘိုရေတံခါး တည်ဆောက်ပြီးစီးခဲ့ပါတယ်၊ ဒီကျွန်းပေါ်မှာ ရေတံခါးနှစ်ခုနဲ့ တာအလျား ၁၆ ဒသမ ၅ မိုင်ကနေပြီးတော့ ရေငန်ကာကွယ် ဧက ၄၀၀၀ ကို ကာကွယ်ပေးမှာဖြစ်ပါတယ်" ဟု တည်ဆောက်ရေး ၉ မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နာဂစ်မုန်တိုင်းသင့်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ရေငန်တားတာများ ပုံစံကျပြန်လည်ပြုပြင်ရေးအတွက် JICA မှ စက်ယန္တရား ၄၁ စီး ကူညီထောက်ပံ့ပေးခဲ့ပြီး ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရရှိရန်ပုံငွေဖြင့် ဇင်ရွဲရေငန်တား တာကို ဆောင်ရွက်ခဲ့ရာ ရာခိုင်နှုန်းပြည့် ပြီးစီးပြီဖြစ်ပြီး ဘီတွဒ်ကျွန်း (၁)တာမှာလည်း တာမြှင့်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၈၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီတာတွေပြီးသွားတဲ့အတွက် ဇင်ရွဲကျွန်းပေါ်မှာရှိတဲ့ စပါးစိုက်ဧက ၄၀၀၀ ဟာ အခုဆို ရေငန်ဝင်ရောက်မှုကနေ ကာကွယ်နိုင်မယ်၊ မိုးတွင်းမှာရွာတဲ့ မိုးရေတွေကို ညောင်ပင်သာချောင်းနဲ့ လက်ရှိကျွန်တော်တို့တူးထားတဲ့ မြောင်းတွေထဲကနေ နွေမှာ နွေစပါးမဟုတ်ရင်တောင်မှ ဒုတိယသီးနှံတစ်ခုခုကို စိုက်ပျိုးနိုင်ဖို့ရည်ရွယ်ပါတယ်" ဟု ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာနှင့် ပုသိမ်ခရိုင်အတွင်း ကျွန်းပတ်တာနှင့် ရေငန်တားတာများ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ဆောင်ရွက်ခြင်းများပြီးစီးပါက စပါးစိုက်လယ်မြေဧက ၉၇၆၈၀ ကို ရေငန်ဝင်ရောက်နစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး မိုးနှောင်းကာလတွင်လည်း ချောင်း၊ မြောင်းများအတွင်း ရေချိုသိုလှောင်ထားနိုင်မည်ဖြစ်သဖြင့် နွေစပါးအတွက်ပါ ရေလုံလောက်စွာ ဖြည့်တင်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းသစ်(သတင်းစဉ်)**



၆၇-၇၁ ကီလိုတန်း၌ ဒေါ်နအောင် နှင့် မင်းမောင်မောင်တို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်။ ဓာတ်ပုံ- မင်းထက်

❑ ကျောဖုံးမှ

လည်းကောင်း၊ စိုးထက်ဦး (Phoenix) နှင့် ဆီနီအို (ထိုင်း)တို့ပွဲတွင်လည်း စိုးထက်ဦးက ပထမအချီ ၁ မိနစ် ၅၀ စက္ကန့်မှာပင် ဆီနီအိုကိုအလဲထိုးဖြင့် လည်းကောင်းအနိုင်ရပြီး ကျားပေါက် (ရန်စစ်ငြိမ်း)နှင့် ကျောက်လျှမ်းလီ (တရုတ်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် ကျားပေါက်က ဒုတိယအချီ ၁ မိနစ် ၂၄ စက္ကန့်အရောက်တွင် နှစ်ဦးနှစ်ဖက် ပူးလုံးသတ်ပုတ်ရင်း ကျားပေါက်က သူ့အားသန်ရာ ခေါင်းတိုက်ချက်များဖြင့် အသုံးပြုပြီး ပွဲသိမ်းအနိုင်ယူခဲ့ သည်။

ယင်းနောက် ဒုတိယနေ့ ကွာတားဖိုင်နယ်နောက်ဆုံးပွဲစဉ် အဖြစ် ၆၇- ၇၁ ကီလိုတန်းပြိုင်ပွဲတွင် ဒေါ်နအောင် (Phoenix) နှင့် မင်းမောင်မောင် (တောင်ကလေး)တို့ပွဲတွင် နှစ်ဦးစလုံး လက်ဝှေ့သမ္မာရင့်များပီပီရေကုန်ရေခန်းငါးချီပြည့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အလဲထိုးအရှုံး၊ အနိုင်မပေါ်ခဲ့၍ အမှတ်ဖြင့်ဆုံးဖြတ်ရာ မင်းမောင်မောင် (တောင်ကလေး) အမှတ်ပြတ် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းသွား ပြီဖြစ်သည်။

**မောင်စိန်လွင် (မြန်မာ့အလင်း)**

# နယ်မြေလုံခြုံရေး အခြေအနေအရ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ အဝင်အထွက်အချိန်များ ပြောင်းလဲ

**လွယ်ဂျယ် မေ ၁၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ရှိ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းအား ယခင်က ၂၄ နာရီ ဝင်ထွက်ခွင့်ပြုထားရာမှ နယ်မြေလုံခြုံရေးအခြေအနေအရ မေ ၁၂ ရက်မှ စတင်၍ အဝင်အထွက်ချိန်များ ပြောင်းလဲသတ်မှတ်လိုက်ကြောင်း လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်း အဝင်အထွက်ချိန်များ ပြောင်းလဲသတ်မှတ်ရာတွင် ကုန်တင်ယာဉ်နှင့် ခရီးသည်တင်ယာဉ်များ ဝင်/ထွက်ခြင်းကို နယ်မြေလုံခြုံရေးအရ နံနက် ၆ နာရီမှ ည ၈ နာရီအထိ လည်းကောင်း၊ ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်ရေးလုပ်ငန်းများကို ယခင်အတိုင်း နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# လျှပ်စစ်အသိ၊ လျှပ်စစ်သတိ

**. . . . . . ထွန်းဝင်း . . . . . .**

လျှပ်စစ်ဓာတ်အားကို ပေါ့ဆစွာ သုံးစွဲကြသည့်အတွက် မီးလောင်ဆုံးရှုံးမှုနှင့် ဓာတ်လိုက်မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပါသည်။

**မီးလောင်ဆုံးရှုံးရသည့် အဓိက အကြောင်းရင်း**

မီးလောင်ဆုံးရှုံးရသည့် အဓိက အကြောင်းရင်းမှာ ဟောင်းနွမ်းဆွေးမြည့်နေသော ဝိုင်ယာကြိုးများ အသုံးပြုမှုနှင့် လျှပ်စစ်အသုံးအဆောင်ပစ္စည်းများဖြစ်သည့် မီးဖို၊ ပေါင်းအိုး၊ ရေနွေးအိုး၊ မီးပူ စသည်တို့အား မေ့လျော့ကာ ဖွင့်ထားမိခြင်းတို့ကြောင့် ဖြစ်ပါသည်။ လျှပ်စစ်ဝိုင်ယာကြိုးမှတစ်ဆင့် မီးလောင်မှုဖြစ်ပေါ်ခဲ့လျှင် ရှေးဦးစွာ လျှပ်စစ်မိန်းခလုတ်ကိုပိတ်ပါ။ သက်ဆိုင်ရာလျှပ်စစ်ရုံးနှင့် မီးသတ်ရုံးကို ဖုန်းဆက်ပြီး သတင်းပို့ပါ။ မီးသတ်ဆေးဘူးဖြင့် ပက်ဖျန်း ငြှိမ်းသတ်ပါ။ ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းပါ။

လျှပ်စစ်မီးဘေးအန္တရာယ်မဖြစ်စေရန် ကြိုတင်ကာကွယ်မှုအဖြစ်-

- ဟောင်းနွမ်းဆွေးမြည့်နေသော ဝိုင်ယာကြိုးများကို အရည်အသွေး အဆင့်မီသော ဝိုင်ယာကြိုးများဖြင့် အသစ်လဲလှယ်ပါ။
- လျှပ်စစ်ဒဏ်ခံကြိုး (ဖျူးစ်)ကို လိုအပ်သည်ထက် ပိုမထည့်ပါနှင့်။
- ချွတ်ယွင်းနေသော မီးခလုတ်၊ ပလပ်ပေါက်နှင့် ဒါးမိန်းများကို အသစ်လဲလှယ်ပါ။
- အပြင်သွားလျှင် မီးခလုတ်အားလုံး ပိတ်ပြီးမှ သွားပါ။
- အိပ်ရာဝင်လျှင် အသုံးမလိုသော မီးခလုတ်များကို ပိတ်ပြီးမှ အိပ်ပါ။
- မီးပျက်နေချိန်၌ မီးခလုတ် ဖွင့်မထားပါနှင့်။
- မီးသတ်ဆေးဘူး ဝယ်ယူဆောင်ထားပါ။
- အဓိကအနေဖြင့် ကွိုင်မီးဖို၊ ပေါင်းအိုး၊ ရေနွေးအိုးနှင့် မီးပူ စသည်တို့မှ အပူလွန်ကဲ၍ လောင်နိုင်သောကြောင့် မီးခလုတ်ပိတ်ရန် မမေ့ပါနှင့်။


သို့မှသာ လျှပ်စစ်မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်မည် ဖြစ်ပါသည်။

**ဓာတ်လိုက်မှုဖြစ်ရခြင်း၏ အဓိကအကြောင်းရင်း**

ထို့အတူ ဓာတ်လိုက်မှုဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ ပေါက်ပြဲနေသောမီးကြိုးကို ထိခိုက်မိခြင်း၊ ပြတ်ကျနေသောမီးကြိုးကို ခလုတ်တိုက်နင်းမိခြင်း၊ မြေဓာတ်အားစီးဆင်း (Earth) မိနေသော လျှပ်စစ်အသုံးပြုပစ္စည်းများဖြစ်သည့် တီဗွီ၊ အောက်စက်၊ အင်တာနာ၊ မော်တာ၊ မီးဖိုတို့ကို ကိုင်တွယ်ခြင်း၊ မီးခလုတ်ပိတ်ထားသော်လည်း ဓာတ်အားပြောင်းပြန် (Reverse) စီးဆင်းနေတတ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဓာတ်လိုက်မှုအန္တရာယ်သည် ကြောက်စရာအကောင်းဆုံးဖြစ်ပြီး တစ်ချက်မှားယွင်းပါက အချိန်ခဏလေးအတွင်း အသက်ဆုံးရှုံးရမည် ဖြစ်ပါသည်။

မိမိရှေ့တွင် လျှပ်စစ်ဓာတ်လိုက်မှုကို တွေ့ကြုံရပါလျှင် ရှေးဦးစွာ လျှပ်စစ်မီးခလုတ်ကို ပိတ်ပါ။ ဓာတ်အားရှိနေပါက သားရေလက်အိတ်အစွပ်၊ အဝတ်ခြောက် (သို့မဟုတ်) သတ္တုကင်းမဲ့သည့်ကြိုးဖြင့် လူနာကို လျှပ်စစ်ကြိုးမှ ဆွဲယူဖယ်ရှားပါ။ မိမိကလည်း ခြောက်သွေ့သည့်နေရာပေါ်မှ ဖယ်ရှားပါ။



ဓာတ်လိုက်ခံရသည့်လူနာကို ပြုစုလိုပါလျှင် ...

ပထမပြုစုခြင်းအနေဖြင့် -

- လူနာကို ပက်လက်လှန်ကာ ဦးခေါင်းကို နောက်လှန်ပြီး မော့ထားပါ။
- လူနာ၏နှာခေါင်းကို ညှစ်ပြီး ပိတ်ထားပါ။
- လူနာ၏ပါးစပ်ကို ဟပြီး အသက်ပြင်းပြင်းရှူသွင်းပါ။
- လူနာ၏ပါးစပ်ကို မိမိပါးစပ်ဖြင့်ငုံ၍ လူနာ၏ရင်အုံကြွလာသည့်တိုင် လေမှန်မှန်မှုတ်သွင်းပြီးမှ မိမိပါးစပ်ကို ခွာလိုက်ပါ။
- လေမှုတ်သွင်းခြင်းကို (၆) ကြိမ်တိတိ အမြန်ပြုလုပ်ပါ။
- ထို့နောက် (၆)စက္ကန့်ခြား၍ လူနာအသက်မှန်မှန် ပြန်လည်ရှူလာသည့်တိုင် (သို့မဟုတ်) ဆရာဝန်ရောက်ရှိလာသည့်တိုင် ဆက်လက်ပြုစုပါ။

ဒုတိယ ပြုစုခြင်းအနေဖြင့် -

- အကယ်၍ လူနာ၏ပါးစပ်တွင် ဒဏ်ရာရရှိနေပြီး လေမှုတ်သွင်းသော်လည်း ရင်အုံ တက်ကြွမှု မရှိလျှင် လူနာ၏ပါးစပ်ကို လက်ဖြင့်ပိတ်ကာ မိမိက အသက်ပြင်းပြင်းရှူလျက် လူနာ၏ နှာခေါင်းကို ပါးစပ်ဖြင့် လေမှုတ်သွင်းပေးပါ။
- လေမှုတ်သွင်းပြီးနောက် လူနာ၏ပါးစပ်မှ လက်ကို ဖယ်ထားပြီး မိမိက အသက်ပြင်းပြင်း ပြန်ရှူကာ လူနာအသက်ပြန်လည်ရှူလာသည့်တိုင်(သို့မဟုတ်) ဆရာဝန်ရောက်ရှိလာသည့်တိုင် ဆက်လက်ပြုစုပါ။

တတိယပြုစုခြင်းအနေဖြင့် -

- လူနာကိုမှောက်လျက်ထားပြီး ဦးခေါင်းကို ယှက်လျက်ရှိနေသော ၎င်း၏လက်ပေါ်၌ မိမိပါးဖြင့် ကပ်ထားပါ။
- မိမိ၏လက်ဖဝါးနှစ်ခုကို လူနာ၏ လက်ပြင်ပေါ်တွင်တင်ပြီး ရှေ့သို့ လက်အဆုံး ဖိတွန်းနှိပ်ချပါ။
- ထို့နောက် မိမိ၏အားကို ဖြေးညှင်းစွာလျှော့လျက် မိမိ၏လက်ဖြင့် လူနာ၏ တံတောင်ဆစ်သို့ ရွှေ့ကိုင်ပြီး မိမိဘက်သို့ 'မ' ၍ ဆွဲယူပါ။
- ထို့နောက် လူနာ၏လက်ကို ပုံမှန်နေရာတွင် ပြန်ချကာ ယခင်အတိုင်း တစ်ဖန်ပြန်လည် ပြုစုပါ။
- လူနာ အသက်မှန်မှန်ပြန်လည်ရှူလာသည့်တိုင် (သို့မဟုတ်) ဆရာဝန်ရောက်ရှိလာသည့်တိုင် ပြုစုပါ။

လျှပ်စစ်ဓာတ်လိုက်မှု မဖြစ်စေရန် ကြိုတင်ကာကွယ်မှုအဖြစ် ...

- ဟောင်းနွမ်းဆွေးမြည့်ပေါက်ပြဲနေသော ဝိုင်ယာကြိုးများကို အရည်အသွေးအဆင့်မီ ဝိုင်ယာကြိုးများဖြင့် အသစ်လဲလှယ်ပါ။
- ချွတ်ယွင်းနေသော မီးခလုတ်၊ ပလပ်ပေါက်နှင့် ဒါးမိန်းများကို အသစ်လဲလှယ်ပါ။
- ရေတင်မော်တာ၊ ကွိုင်မီးဖိုတို့အား မြေစိုက်ကြိုး (Earth) ချပါ။
- မီးပျက် / မီးပြင်ရှိပါက ကိုယ်တိုင်မပြုလုပ်ဘဲ နားလည်တတ်ကျွမ်းသည့် (လျှပ်စစ်ကျွမ်းကျင်လက်မှတ်ရ)သူများကို ခေါ်ယူပြုလုပ်ခိုင်းပါ။
- လျှပ်စစ်နှင့်ပတ်သက်သည့် အရာဝတ္ထုပစ္စည်းများကို ကလေးများ လက်လှမ်းမမီရာတွင် ထားရှိပါ။

သို့မှသာ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် လျှပ်စစ်နှင့် ပတ်သက်၍ မီးလောင်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်နှင့် ဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးစေရန်အတွက် လျှပ်စစ်အသိ၊ လျှပ်စစ်သတိလေးထားပြီး အထူးဂရုပြုဆောင်ရွက်သွားကြပါရန် မေတ္တာအရင်းခံစိတ်ဖြင့် တိုက်တွန်းလိုက်ရပါသည်။ မိဘပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးကြပါစေ ....။ ။

# တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ တောင်သူဦးကြီးများအတွက် ၂၀၁၈ ခုနှစ်၊ မိုးရာသီ စိုက်ပျိုးစရိတ်များ ထုတ်ချေးရာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲများ၌ ၂၀၁၈ ခုနှစ် ၊ မေလ ၁၇ ရက်နေ့မှစတင်၍ ထုတ်ချေးမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ်၊ ဇွန်လကုန်တွင် အပြီးထုတ်ချေးရန် ဆောင်ရွက်မည် ဖြစ်ပါသည် ။

၂။ ယင်းသို့ ထုတ်ချေးရာတွင် ယခင်နှစ်များက တောင်သူ ( ၃ ) ဦး အစုအဖွဲ့အလိုက် ( ဝိုင်းလေးချုပ် ) အာမခံသည့်စနစ်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ( ပုံစံ - ၇ ) မူရင်းကို ပြသစေပြီး တိုက်ဆိုင်စစ်ဆေး၍ ထုတ်ပေးခဲ့ပါသည်။ အဆိုပါစနစ်အရ ဝိုင်းလေးချုပ်တွင်ပါဝင်သူ တောင်သူတစ်ဦးဦးက ချေးငွေပြေကျေအောင် ပေးဆပ်ရန်ပျက်ကွက်ပါက ကျန်နှစ်ဦးကိုလည်း ချေးငွေသစ်ထုတ်ချေးခြင်းမပြုသဖြင့် ချေးငွေပြေကျေသော တောင်သူများမှာ နစ်နာမှုများရှိခဲ့ပါသည်။

၃။ သို့ဖြစ်ရာ ယခု ၂၀၁၈ ခုနှစ်၊ မိုးချေးငွေထုတ်ချေးသည့်အခါ ယခင်ကျင့်သုံးခဲ့သော တောင်သူလယ်သမား သုံးဦးအစုအဖွဲ့အချင်းချင်း အာမခံသည့်ပုံစံဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ( ပုံစံ - ၇ ) မူရင်းကို တိုက်ဆိုင်စိစစ်၍ ချေးငွေထုတ်ချေးသည့်ပုံစံအစား တောင်သူတစ်ဦးချင်း ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် (ပုံစံ-၇) မူရင်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အပေါင်အဖြစ်ပေးအပ်၍ တောင်သူ တစ်ဦးချင်းက ကိုယ်တိုင်အာမခံသည့်စနစ်ဖြင့် ရှင်းလင်းလွယ်ကူစွာ ထုတ်ချေးမည့်ပုံစံသို့ ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ စိုက်ပျိုးစရိတ်ချေးငွေရယူမည့် တောင်သူဦးကြီးများအနေဖြင့် ၂၀၁၈ ခုနှစ်၊ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ စိုက်ပျိုးရာသီ အချိန်မီရရှိရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန်နှင့် သတ်မှတ်ကာလအတွင်း ချေးငွေများ လာရောက်ထုတ်ယူကြပါရန် လေးစားစွာအသိပေး ကြေညာအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

# ရေဖြူမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားသွယ်တန်းရေးနှင့်စပ်လျဉ်း၍ လူထုတွေ့ဆုံပွဲကျင်းပ

**ရေဖြူ မေ ၁၃**

တိုတယ်မြန်မာ (Total-Myanmar) နှင့် SIEMENS Myanmar မှ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကံပေါက်ဒေသအတွင်း LNG ဓာတ်ငွေ့ရည်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီး ကံပေါက်မှ ပဲခူးဘုရားကြီး ဓာတ်အားခွဲရုံသို့ ၅၀၀ ကေဗွီ လျှပ်စစ်ပို့လွှတ်လိုင်းဖြင့် သွယ်တန်းပို့ဆောင်မည့် အစီအစဉ်နှင့် စပ်လျဉ်း၍ မေ ၁၃ ရက် နံနက်က လူထုတွေ့ဆုံပွဲ အခမ်းအနားတွင် ရှင်းလင်းခဲ့သည်။



လူထုတွေ့ဆုံပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ရေးမြို့နယ်မှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြကြောင်း သိရသည်။

ယင်းတွေ့ဆုံပွဲတွင် တိုတယ်မြန်မာကုမ္ပဏီမှ တာဝန်ရှိသူများက လူထု၏ သဘောထားအမြင်နှင့် အတွေ့အကြုံများ ဖလှယ်နိုင်ရေးအတွက် ရှင်းလင်းခြင်းတို့ ပြုလုပ်ခဲ့ကြောင်း ကုမ္ပဏီမှ ပြောရေး ဆိုခွင့်ရှိသူက ပြောသည်။

နိုင်ငံတကာနှင့် မြန်မာနိုင်ငံ စံနှုန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံကိန်းအတွက် ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE- Initial Environmental Examination) ကို တိုတယ်မြန်မာနှင့် SIMENS Myanmar နှင့် ERM ကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ကံပေါက်မှ ပဲခူးဘုရားကြီးဓာတ်အားခွဲရုံ ၄၅၀ ကီလိုမီတာ အရှည်ရှိသော ၅၀၀ ကေဗွီလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်သွယ်တန်းပို့ဆောင်ပြီး နိုင်ငံတော်လျှပ်စစ်ကွန်ရက်အတွင်း ဖြည့်ဆည်းမည်ဖြစ်သကဲ့သို့ ဓာတ်အားလိုင်းမှာ မွန်ပြည်နယ် မော်လမြိုင်၊ ကျိုက်မရော၊ ပေါင်၊ သထုံ၊ ဘီးလင်း၊ ရေးနှင့် ကျိုက်ထိုမြို့နယ်များအား ဖြတ်သန်းသွယ်တန်းသွားမည်ဟု သိရသည်။ **နေမျိုးထွဋ်(ရေး)**

# ထူးခြားသည့် နေ့အပူချိန်

**နေပြည်တော် မေ ၁၃**

ထူးခြားသည့် နေ့အပူချိန်များမှာ အောင်လံမြို့ တွင် ၄၀ ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့နှင့် မကွေးမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကိုကိုးကျွန်းမြို့တွင် ၃ ဒသမ ၀၇ လက်မ ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၂ ဒသမ ၄၄ လက်မ ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၆၉ လက်မ၊ မအူပင်မြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၁ ဒသမ ၂၆ လက်မ ၊ မိုင်းယန်းမြို့နှင့်ဖျာပုံမြို့တို့တွင် ၁ ဒသမ ၁၄ လက်မစီနှင့်မိုင်းဆတ်မြို့တွင် ၁ ဒသမ ၀၂ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ငါန်းဇွန်မြို့နယ် မြို့သာစက်မှုဥယျာဉ်မြို့တော်စီမံကိန်းဖော်ဆောင်မှုကို နိုင်ငံတော်က အားပေးကူညီသွားမည်

**နေပြည်တော် မေ ၁၃**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် မြို့သာဒေသရှိ မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်းသို့ ရောက်ရှိသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား Mandalay Myotha Industrial Development Public Co.,Ltd. (MMID)၏ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်တွင်လည်း မိမိတို့ဝန်ကြီးဌာနနှင့်ပတ်သက်၍ နောင် သုံးနှစ်အတွင်း မဂ္ဂါဝပ် ၃၀၀၀ ရရှိရေး အကောင်အထည်ဖော်ရန်ပါရှိသဖြင့် ၎င်းကိုရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အချိန်တိုအတွင်း လျှပ်စစ်ဓာတ်အားရရှိရန် LNG ဖြင့် ဓာတ်အားထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်ဖက်တွင်လည်း ရေအား၊ အပူစွမ်းအင်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာမှ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများအတွက်လည်း အဆင်သင့် ဖြစ်စေရန်မျှော်မှန်း၍ လျှပ်စစ်ဓာတ်အားများရရှိနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် ၅၀၀ ကေဗွီအရှေ့၊ အနောက်၊ တောင်၊ မြောက် မဟာဓာတ်အားလိုင်းကွန်ရက်စနစ်များကိုလည်း သုံးနှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ယခု မြို့သာစက်မှုဥယျာဉ်မြို့တော်စီမံကိန်းကြီး အကောင်အထည်ဖော်ဆောင်ရွက်နေမှုအပေါ် နိုင်ငံတော်အစိုးရအနေဖြင့်လည်း အားပေးကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၎င်းအပြင် မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ယခုစီမံကိန်းကြီး အောင်မြင်ရန် လျှပ်စစ်ဓာတ်အားရရှိရေးကို နှစ်အလိုက်ပိုင်းခြားပြီး ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြို့သာစက်မှုဥယျာဉ်မြို့တော်စီမံကိန်းသို့ ဓာတ်အားဖြန့်ဖြူးပေးထားသော 66/11 kV, 20 MVA ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး စီမံကိန်းဧရိယာအတွင်း လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ယာပုံ)**



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၉၃ အနီးရှိ ၅၀၀/၂၃၀/ ၃၃ ကေဗွီ ၅၀၀ အမ်ဗွီအေကံကောင်း(မိတ္ထီလာ) ဓာတ်အားခွဲရုံတည်ဆောက်မည့် မြေနေရာသို့ ရောက်ရှိပြီး တာဝန်ရှိသူများက ၅၀၀ ကေဗွီကံကောင်း (မိတ္ထီလာ) - စပါးကြွယ် (တောင်ငူ) ဓာတ်အားလိုင်း ၁၄၆ မိုင် တည်ဆောက်နေမှုအခြေအနေတို့အား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ၅၀၀/၂၃၀/ ၃၃ ကေဗွီ ၅၀၀ အမ်ဗွီအေကံကောင်း (မိတ္ထီလာ) ဓာတ်အားခွဲရုံမှ ၅၀၀ ကေဗွီဓာတ်အားလိုင်းဖြင့် ကံကောင်း (မိတ္ထီလာ) မှ စပါးကြွယ် (တောင်ငူ) သို့ ဓာတ်အားလိုင်းမိုင် ၁၄၆ မိုင်ကို တည်ဆောက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းတစ်ခုလုံးအနေဖြင့် ၇၂ ဒသမ ၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ကြိုးဆွဲခြင်းလုပ်ငန်းကို မကြာမီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါ ကြိုးဆွဲခြင်းလုပ်ငန်းအပါအဝင် ဓာတ်အားလိုင်းတည်ဆောက်ခြင်းစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိသည့်အပြင် ၅၀၀/၂၃၀/ ၃၃ ကေဗွီ ၅၀၀ အမ်ဗွီအေကံကောင်း (မိတ္ထီလာ) ဓာတ်အားခွဲရုံနှင့် ၅၀၀/၂၃၀/ ၃၃ ကေဗွီ ၅၀၀ အမ်ဗွီအေစပါးကြွယ် (တောင်ငူ) ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းကိုလည်း ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်နှင့် တာဝန်ရှိသူများက ကျေးလက်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ဥက္ကံ-ကျွဲဘုတ်ကျေးလက်လမ်းဖွင့်

ရန်ကုန် မေ ၁၃

**ရန်ကုန်တိုင်းဒေသကြီးမြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥက္ကံ-ကျွဲဘုတ်ကျေးရွာချင်းဆက် ကျေးလက် ကွန်ကရစ်လမ်းဖွင့်ပွဲကို မေ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးလက်လမ်းတည်ရှိရာ ဥက္ကံ-ကျွဲဘုတ်နယ်စပ် မဏ္ဍပ်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုက်ကြီးမြို့နယ်မှ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးရွာများမှ တောင်သူလယ်သမားများ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်က လမ်းဖောက်လုပ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုက်ကြီးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလွင်စိုးမင်းက အမှာစကားပြောကြားသည်။ ၎င်းနောက် ဒေသခံကျေးရွာသားတစ်ဦးက လမ်းဖောက်လုပ်ပေးမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဥက္ကံမှ ကျွဲဘုတ်ကျေးလက်ကွန်ကရစ်လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလွင်စိုးမင်း၊ တိုက်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒေသခံတောင်သူလယ်သမားများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများသည် ကျေးလက်လမ်းဖွင့်ပွဲမှတ်တမ်းဝင်အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ကျေးလက်ကွန်ကရစ်လမ်းကို ဖြတ်သန်းလမ်းလျှောက် ကြည့်ရှုကြသည်။

အဆိုပါ ကျေးလက်ကွန်ကရစ်လမ်းသည် တိုက်ကြီးမြို့နယ် ဥက္ကံမှ ကျွဲဘုတ်ကျေးရွာအထိ မိုင်အားဖြင့် ၅ မိုင် ၄ ဖာလုံ၊ ပေပေါင်း ပေ ၂၉၀၄၀ ရှိပြီး အကျယ်ပေ ၁၂ ပေရှိသည်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေကျပ် ၁၃၉၂ ဒသမ ၈၂ သန်းဖြင့် ၂၉ -၁၁- ၂၀၁၇ ခုနှစ်က စီမံကိန်း စတင်ဆောင်ရွက်ခဲ့ပြီး မေ ၅ ရက်တွင် ပြီးစီးခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

အဆိုပါ ကျေးလက်လမ်းသည် တိုက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၆၀၊ ကျေးလက်လူဦးရေပေါင်း ၁၆၅၂၀ ဦး၊ လယ်ယာထွက်ကုန်များစီးဆင်းမှု သီးနှံစိုက်ဧက ၆၆၂၉ ဧက၊ လမ်းပန်းဆက်သွယ်ရေး အထောက်အကူပြုစာသင်ကျောင်း ၂၃ ကျောင်း၊ ကျေးလက်တောရွာများမှ စာသင်သား ကျောင်းသားကျောင်းသူ ၂၆၉၆ ဦးတို့အတွက် အကျိုးပြုတော့မည့် ကျေးလက်ကွန်ကရစ်လမ်းဖြစ်သည်။

**ခရမ်း-စိုးမြင့်**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တွင် ဝန်ထမ်းအိမ်ရာတိုက်ခန်းပေါင်း ၅၃၀ တည်ဆောက်ပေးရန် လျာထား

မန္တလေး မေ ၁၃

**မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ ဝန်ထမ်းအိမ်ရာတိုက်ခန်းပေါင်း ၅၃၀ တည်ဆောက်ပေးရန်လျာထားကြောင်း အဆိုပါဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်နိုင်က ပြောကြားသည်။**

အဆိုပါ တိုက်ခန်းများကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေး၊ မတ္တရာ၊ မိုးကုတ်၊ စဉ့်ကူး၊ တံတားဦး၊ မြစ်သား၊ စဉ့်ကိုင်၊ သာစည်၊ မလှိုင်၊ ဝမ်းတွင်း၊ မြင်းခြံ၊ ငါန်းဇွန်နှင့် ပျော်ဘွယ် စသည့်မြို့များတွင် ငွေကျပ် ၈ ဒသမ ၈ ဘီလီယံ သုံးစွဲ၍ တိုက်ခန်းများ တည်ဆောက်ပေးသွားရန် လျာထားပြီး ယင်းတိုက်ခန်းများမှာ တစ်ခန်းလျှင် ၆၅၀ စတုရန်းပေ ကျယ်ဝန်း မည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ် ၂၈ မြို့နယ်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နှစ်တိုဘတ်ဂျက်အထိ ဝန်ထမ်းအိမ်ရာက ၃၀၃၀ ပဲ တည်ဆောက်ပေးနိုင်သေးတယ်၊ တစ်တိုင်းလုံးမှာ ဝန်ထမ်း က ၅၆၁၆၂ ဦး ရှိတာကြောင့် အချိုးကျ တွက်ကြည့်မယ်ဆိုရင် ၅ ဒသမ ၃၉ ရာခိုင်နှုန်းပဲ ရှိတယ်၊ ဒါကြောင့် ပိုမိုတည်ဆောက်ပေးနိုင်ဖို့ ယခု ဘဏ္ဍာနှစ်မှာ ဘတ်ဂျက်လျာထားပြီး ဆောင်ရွက်ပေးတာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် လက်ရှိတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၌ ပြည်ထောင်အစိုးရဘတ်ဂျက်နှင့် တိုင်းဒေသကြီးအစိုးရဘတ်ဂျက် စုစုပေါင်း ငွေကျပ် ၁၀ ဘီလီယံ သုံးစွဲ၍ အောင်မြင်မန္တလာနိုင်ငံ့ဝန်ထမ်းအိမ်ရာကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာ အနီးရှိမြေဧက ၃၃ ဒသမ ၂၂ ဧကပေါ်တွင် တိုက်ခန်းပေါင်း ၅၀၀ တည်ဆောက်ပေးလျက်ရှိပြီး အဆိုပါတိုက်ခန်းများမှာ လက်ရှိအချိန်၌ ပြီးစီးလုနီးပါးရှိပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ခြောက်လဘတ်ဂျက်ဖြင့်လည်း တိုင်းဒေသကြီးအတွင်းရှိမြို့နယ် ရှစ်မြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအိမ်ရာတိုက်ခန်း ၂၄၈ ခန်းကို တည်ဆောက်ပေးသွားမည့်အပြင် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မဲကင်းကုန်း၊ ဘိုတပ်ကုန်းနှင့် သမ္မတောတို့တွင်လည်း တန်ဖိုးမျှတ အရောင်းအိမ်ရာများကို တည်ဆောက်ပေးရန် လျာထားပြီးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အောင်မြင်မန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာများကို တွေ့ရစဉ်။

# အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူများတိုးတက်စွာရရှိရေးသည် အလွန်အဓိကကျ

**ရန်ကုန် မေ ၁၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မေ ၁၂ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမတွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်သည်။

**အဆင့်မြင့်စေရန်ဆောင်ရွက်လျက်ရှိ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့နှင့် သားဖွားနေ့ နှစ်ရပ်ပေါင်းကို စုပေါင်းစည်းလုံးညီညွတ်စွာကျင်းပနိုင်ပြီး အားလုံးစုံညီစွာ တက်ရောက်ကြသည့်အတွက် အထူးကျေနပ်ဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နိုင်ငံအတွက် အင်အားများပင်ဖြစ်ပါကြောင်း၊ သူနာပြုနှင့် သားဖွားဆရာမများ၏ ပြည်သူ့ကျန်းမာရေးဆိုင်ရာ စွမ်းရည်၊ ကုသရေးနှင့် သူနာပြုစုမှုစွမ်းရည်များ ယခုထက်ပိုမိုတိုးတတ်စေရေးနှင့် သူနာပြုနှင့် သားဖွားဆိုင်ရာ လူ့စွမ်းအားအရင်းမြစ်တိုးတက်စေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် သူနာပြုသင်တန်းသားဦးရေ နှစ်စဉ် ၁၈၀၀ ခန့်သာ သင်ကြားပေးနိုင်ရာမှ ယခုနှစ်မှစတင်၍ ၃၆၀၀ အထိ တိုးမြှင့်ခေါ်ယူ သင်ကြားပေးမည့်အပြင်၊ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားရေးစနစ်များကို နိုင်ငံတကာအဆင့် အတန်းမီဖြစ်စေရေး ပြောင်းလဲဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ သင်ကြားမှု၊ သင်ယူမှုပတ်ဝန်းကျင်ကိုလည်း ယခုထက်ပိုမိုကောင်းမွန် အဆင့်မြင့်စေရန် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည့်အတွက် ကျေးလက်ဒေသတွင် အများစုတာဝန်ထမ်းဆောင်ကြရသော သားဖွားဆရာမများ၏ အရည်အသွေး ပိုမိုမြင့်မားစွာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများ၏ ကျန်းမာရေးအသိပညာ ယခုထက် ပိုမိုမြင့်မားလာစေရေးဆောင်ရွက်မှုနှင့် တက်ဘလက်ဖုန်းများအသုံးပြု၍ ဆောင်ရွက်နိုင်ရေး စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ သားဖွားကဏ္ဍဘက်ပေါင်းစုံမှတိုးတက်၍ အရည်အသွေးမြင့်မားစေရေး၊ သူနာပြု၊ သားဖွားအသင်းနှင့် ကောင်စီတို့မှ ဝန်ကြီးဌာနအား အကြံဉာဏ်များပေးစေလိုပါကြောင်း၊ အလားတူပင် သူနာပြုကဏ္ဍတိုးတက်ရေးအတွက် အကြံဉာဏ်များ ပေးစေလိုပါကြောင်း။

**အလွန်အဓိကကျ**

ကမ္ဘာတွင် ကျန်းမာရေးလုပ်သားအင်အားစုကြီး၏ ၅၀ ရာခိုင်နှုန်းခန့်သည် သူနာပြုနှင့် သားဖွားများပင်ဖြစ်၍ ကျန်းမာရေးကဏ္ဍအတွက် အလွန်အရေးပါသည့် အင်အားစုကြီး ဖြစ်ပါကြောင်း၊ ထို့အပြင် လူတိုင်းလက်လှမ်းမီနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဆီသို့ အရောက်လှမ်းရာတွင် သူနာပြု၊ သားဖွားများမှပေးအပ်သော ကျန်းမာရေးကဏ္ဍ၏ လွှမ်းခြုံမှုမြင့်မားရေးနှင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူများတိုးတက် များပြားစွာရရှိရေးသည် အလွန်အဓိကကျသောနေရာတွင် ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သူနာပြု၊ သားဖွားကဏ္ဍကြီးတစ်ခုလုံး ယခုထက် ပိုမိုတိုးတက်အောင် အလေးအနက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောက်လုပ်သည့် မိုးကောင်းမြို့ မြို့တော်ခန်းမသစ်ဖွင့်

**မြစ်ကြီးနား မေ ၁၃**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ မြို့အင်္ဂါရပ်နှင့်အညီ မြို့တော်ခန်းမသစ် တည်ဆောက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်းပေါင်း ၈၉၈ သန်းဖြင့် ဆောက်လုပ်ပြီးစီးသည့် မြို့တော်ခန်းမသစ်ဖွင့်ပွဲကို မေ ၁၂ ရက်က မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက်ရှိ အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

မြို့တော်ခန်းမသစ်ကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်း၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှု လက်မှုဝန်ကြီး ဦးဝင်းညွှန့်နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်မြသွေးစံတို့က ဖဲကြိုးဖြတ်လှစ်ပေးကြပြီး မြို့တော်ခန်းမဆိုင်းဘုတ်ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။




ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ခန်းမသစ်အတွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်း အများပြည်သူတို့၏ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက် မြို့ ရွာများအလိုက် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံနှင့် ခန်းမအဆောက်အအုံများကို ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြို့တော်ခန်းမ ဆောက်လုပ်ခဲ့သည့် မနောကေရီဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်ချို လွင်ထွေးက မြို့တော်ခန်းမသစ် ဆောက်လုပ်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရပ်မိ၊ ရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မြို့တော်ခန်းမသစ် အဆောက်အအုံအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ မြို့တော်ခန်းမသစ်ကို ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်းပေါင်း ၈၉၈ သန်းဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အလျား ၁၆၈ ပေ၊ အနံ ၁၁၂ ပေ၊ အမြင့် ၄၅ ရှိ RC နှစ်ထပ် အဆောက်အအုံဖြစ်ပြီး ဖေဖော်ဝါရီ ၁၂ ရက်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၃**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မိုး/ဇလ**

# ကျန်းမာရေးအထောက်အကူဖြစ်စေရန် ရေနီမြို့တိုက်နယ်ဆေးရုံဖွင့်

**ရေတာရှည် မေ ၁၃**

မြို့ပြနှင့် ကျေးလက်ဒေသများတွင် မှီတင်းနေထိုင်ကြသည့် ဒေသပြည်သူများအတွက် ကျန်းမာရေး အထောက်အကူပြုမှု၊ လွှမ်းခြုံမှု ကောင်းမွန်စေရန် တောင်ငူခရိုင် ရေတာရှည်မြို့နယ် ရေနီမြို့တိုက်နယ် ဆေးရုံဖွင့်ပွဲအခမ်းအနားကို မေ ၁၃ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးငြိမ်းနှင့် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်တို့က တိုက်နယ်ဆေးရုံဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သိန်းပေါင်း ၅၀၀၀ ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဆေးရုံတည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ရေနီမြို့နှင့် အနီးဝန်းကျင်မှ ကျေးရွာပေါင်း ၂၄ ရွာ၊ အိမ်ခြေပေါင်းခြောက်ထောင်ကျော်၊ လူဦးရေအားဖြင့် သုံးသောင်းကျော်ကို ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မည်ဖြစ်ပြီး နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၂ ရွာကိုလည်း ကျန်းမာရေး ကူညီစောင့်ရှောက်မှုများ ပေးနိုင်မည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခုကဲ့သို့ ရေနီတိုက်နယ် ဆေးရုံဖွင့်လှစ်နိုင်ခြင်းမရှိသည့်အချိန်က ရေနီမြို့နှင့် အနီးဝန်းကျင်ဒေသ များဖြစ်ကြသော ဇေယျသိမ်၊ ရဲကုန်း၊ ဒေါင်းနန်းကျ၊ ဆပ်သေ အစရှိသော ကျေးရွာအုပ်စုများအပြင် လယ်ဝေးမြို့နယ်အတွင်းရှိ တောင်ဖီလာ၊ ကြာကန်၊ သောင်ဇင်အေးကျေးရွာများသည် ဆွာမြို့၊ ရေတာရှည်မြို့နှင့် လယ်ဝေးမြို့ များရှိ ဆေးရုံများသို့ သွားရောက်ကုသခဲ့ကြရပြီး အချိန်ကုန်ခြင်းနှင့် ငွေကြေးကုန်ကျမှုများလည်းရှိကာ ယခုကဲ့သို့ ဆေးရုံဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် ဒေသတွင်း မှီတင်းနေထိုင်ကြသူများအတွက် များစွာအဆင်ပြေကြမည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**



# လက်ပံတန်းမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ၊ စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်းဓမ္မာရုံတို့ ပျက်စီး

**လက်ပံတန်း မေ ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့တွင် မေ ၁၂ ရက် ညနေ ၆ နာရီခန့်က မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ဧရာဝတီမြစ်နှင့် မြစ်မခမြစ်အနီးရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ နေအိမ် ၁၂၈ လုံး၊ စာသင်ကျောင်းနှစ်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတစ်ခုတို့ ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့သည်။

မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် လက်ပံတန်းမြို့နယ် ခမုံအုပ်စု၊ အောင်လံကုန်းအုပ်စု၊ ဆင်မနီအုပ်စု၊ နတ်ဖန်ကွင်းအုပ်စု၊ သီတာကုန်းအုပ်စု၊ ဇီးဖြူကုန်းအုပ်စု၊ သာရဝေါ်အုပ်စုရှိ ကျေးရွာများတွင် နေအိမ် ၁၁၃ လုံး၊ ဇီးဖြူကုန်းကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံ တစ်ခု၊ ကုလားချောင်း အ.ထ.က စာသင်ဆောင်နှစ်ဆောင်တို့ အမိုးလန်ခဲ့ပြီး နေအိမ် ၁၅ လုံးနှင့် သီတာကုန်းကျေးရွာ အ.မ.က ကျောင်းစာသင်ဆောင် တစ်ဆောင် ပြိုလဲပျက်စီးခဲ့ကြောင်း သိရသည်။ ပျက်စီးဆုံးရှုံးခဲ့သည့်နေအိမ်များမှ မိသားစုများအား နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များတွင် နေရာချထားပေးပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

အဆိုပါကျေးရွာအချို့တွင် ဧပြီ ၁၈ ရက်ကလည်း လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၃၃၉ လုံး အမိုးလန်ခဲ့ပြီး ၃၈ လုံး ပြိုလဲပျက်စီးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ငြိမ်းငြိမ်းချမ်းချမ်း အေးအေးဆေးဆေး ကိုယ့်အိမ်ထောင်စုနဲ့ကိုယ် နေစေချင်တာပေါ့

**တွေ့ဆုံမေးမြန်း..ရဲခေါင်ညွန့်၊ ဓာတ်ပုံ..ဖိုးထောင်**

**ကချင်ပြည်နယ် မြစ်ကြီးနားသို့ မေလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ သုံးရက်ကြာ သွားရောက်သတင်းရယူခဲ့သည့် သတင်းမီဒီယာအဖွဲ့သည် မြစ်ကြီးနားမြို့နယ်၊ တန်ဖရဲ၊ မြစ်ဆုံကျေးရွာရှိ မာရီယာကောင်းကင်ဘုံ သခင်မဘုရားကျောင်း၊ ကဝါးခါ၊ နောင်နန်းကျေးရွာအုပ်စု တြီနတီနှစ်ခြင်း ဘုရားကျောင်း၊ ယခင် KIA တပ်မဟာ (၂) ထိန်းချုပ်ခဲ့ရာညောင်ရမ်းစခန်း (၁၊၂၊၃၊၄)နှင့် တပ်မဟာ (၂) ဌာနချုပ်တည်ရှိသည့် အောင်လော့ဒ်ကျေးရွာများသို့ ရောက်ရှိခဲ့သည်။**


အင်ဂျုံဂျာတောင်


ဗိုလ်မှူးချုပ် ကျော်စိုးမင်း


ဒုတိယဗိုလ်မှူးကြီး စိုးထက်


ဦးဂဲနက်(စ်)


လတောင်ထု

ရောက်ရှိခဲ့ရာနေရာတိုင်းတွင် နေရပ်မှ ခေတ္တတိမ်းရှောင်လာသည့် စစ်ရှောင်ကျေးရွာသူ ကျေးရွာသားများ၊ တပ်မတော်မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များကို မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်။

**အင်ဂျုံဂျာတောင်**
**တန်ဘောင်ယန်ကျေးရွာ**
**မြစ်ဆုံကျေးရွာရှိ မာရီယာကောင်းကင်ဘုံ သခင်မဘုရားကျောင်း**

နန့်ပေါ်ယန်ကျေးရွာကလာတယ်။ တစ်ရွာလုံးစုလာကြတယ်။ လူပေါင်း ၁၀၀ ကျော်လောက်ရှိမယ်။ စားရေး၊ နေရေးက အဆင်ပြေပါတယ်။ ရွာမှာက တောင်ယာလုပ်တယ်။ မိသားစု လေးဦးရှိတယ်။ ပစ္စည်းတွေဘာမှ မပါဘူး။ ဒီအတိုင်းထွက်လာကြရတယ်။ အေးအေးချမ်းချမ်းနဲ့ ကိုယ့်နေရာမှာကိုယ် နေချင်ပါတယ်။ သူတို့ အချင်းချင်းတိုက်တာ၊ ပစ်ခတ်တာမှာ ကြားက ကျွန်မတို့က ဒုက္ခရောက်ရတယ်။ အဲဒါကိုကြောက်လို့ ထွက်လာတာပါ။

**လဖိုင်ဘရန်ရှောင်**
**(၁၈) မိုင်ရွာ**
**မြစ်ဆုံကျေးရွာရှိ မာရီယာကောင်းကင်ဘုံ သခင်မဘုရားကျောင်း**

စစ်ကပြေးတာနှစ်ခေါက်ရှိပြီ။ လွန်ခဲ့တဲ့ ခုနစ်နှစ်က ဇန်ပိုင်မှာကျည်ဆန်ကြားထဲက လွတ်လာတာက တစ်ခေါက်။ အဲဒီကနေ အခု ၁၈ မိုင်မှာနေတော့ တစ်ခေါက်ပြေးလာတာပေါ့။ သေနတ်သံတွေကြားတော့ ကြောက်စရာကြီးလေ။ နေလို့မှ မရတော့တာ။ ဒီကို မေ ၃ ရက်က ရောက်တာဖြစ်မယ်။ မိသားစုလိုက်ပြေးလာတာ။ တစ်ခါတည်းတောက်လျှောက် မရောက်နိုင်ဘူးလေ။ တောကနေပတ်ပြီးမှ ရောက်လာခဲ့တာ။ ခြေကျင်လာခဲ့တာ။ ကျွန်တော်တို့က နောက်ကျတယ်။ ယောက္ခမအဖွားကြီးက ၁၁၇ နှစ်ဆိုတော့ သူကိုပိုးပြီးမှ လာရတော့ နောက်ကျတယ်။ ကျွန်တော့်မှာ မိသားစု ငါးဦးရှိတယ်။ အမျိုးတွေနဲ့ အိမ်ထောင်စုသုံးစုဆိုတော့ အားလုံး ၁၂ ဦးပါတယ်။ တောင်ယာပဲခုတ်တယ်။ စစ်နဲ့ပတ်သက်ပြီး သိပ်မပြောချင်တော့ဘူး။ ခံတော့ခံစားရတယ်။ ငြိမ်းငြိမ်းချမ်းချမ်းအေးအေးဆေးဆေး ကိုယ့်အိမ်ထောင်စုနဲ့ကိုယ် နေစေချင်တာပေါ့။ ဒီမှာက အခက်အခဲ သိပ်မရှိပါဘူး။ အသက်ကြီးတဲ့ ယောက္ခမအတွက်ပဲ စိုးရိမ်တယ်။

**လတောင်ထု**
**အင်ဂျန်းယန်ရွာ၊ နောင်နန်းကျေးရွာအုပ်စု တြီနတီနှစ်ခြင်းဘုရားကျောင်း**

အင်ဂျန်းယန်ရွာနားက အင်ဂရန်းကောင်ရွာကပါ။ စစ်ဖြစ်နေတော့ ကြောက်လို့ ပြေးလာတာ။ သားနဲ့ ချွေးမ၊ မြေးလေးယောက်ပါပါတယ်။ အင်ဂျန်းယန်မှာတော့ မိသားစုတွေ ကျန်နေသေးတယ်။ သူတို့လာမလား၊ မလာဘူးလားတော့ မသိဘူး။ စစ်ပွဲဒဏ်ကိုခံစားရတာ အသက် ၂၀ လောက်ကတည်းကပဲ။ စစ်နဲ့ပတ်သက်ပြီး ဘာမှမပြောတတ်ဘူး။ ငြိမ်းချမ်းပါစေ၊ စစ်ပွဲတွေ ရပ်ပါစေပဲ ပြောတတ်တယ်။

**ဗိုလ်မှူးချုပ် ကျော်စိုးမင်း**
**(နယ်မြေခံတပ်နယ်မှ )**

အခုကတော့ ကျွန်တော်တို့ တံတားညီနောင် ဖားကန့်၊ မြစ်ကြီးနားမှာ ဖြစ်တာ။ အဲ့ဒါက ဧပြီလ ၆ ရက်နေ့မှာ ဖြစ်တာ။ ပြီးတော့ လမုံပေါ့။ ကားနဲ့ ဆို ၁၅ မိနစ်လောက်ပဲသွားရတယ်။ လမုံရွာကို ဧပြီလ ၈ ရက်နေ့မှာသူတို့ လာတိုက်တယ်။ အဲဒီဖြစ်စဉ်တွေကြောင့် ဒီဒေသမှာ ကျွန်တော်တို့တစ်တွေက နယ်မြေရှင်းလင်းရေးလုပ်တယ်။ နယ်မြေရှင်းလင်းရေးလုပ်တာ တနိုင်းက KIA ရဲ့ ညောင်ရမ်း ၁ ၊ ၂ ၊ ၃ ၊ ၄ နဲ့ တပ်မဟာ (၂) ဌာနချုပ်ပေါ့။ ရှင်းလင်းရေးလုပ်တဲ့အခါ အရပ်သားတွေ မထိခိုက်အောင် စစ်ရေးပစ်မှတ်တွေပဲ အဓိကထားတယ်။ ကျေးရွာထဲကို မကျအောင်၊ နေအိမ်တွေ မထိခိုက်အောင် ဆောင်ရွက်ပါတယ်။ နေအိမ်တွေ ထိခိုက်မှု မရှိတာ သွားတဲ့သူတွေအားလုံး သိပါတယ်။ လူဆိုတာ ကိုယ့်နေရာမှာ နေချင်ကြတယ်။ လာနေပါ။ သူတို့ရဲ့ နေရေး၊ ထိုင်ရေး၊ လုံခြုံရေးကို ကျွန်တော်တို့ စီစဉ်ပေးမယ်။

**ဒုတိယဗိုလ်မှူးကြီး စိုးထက်**
**(နယ်မြေခံတပ်မှ)**

အောင်လော့ဒ်ကျေးရွာမှာ လုံခြုံရေးတာဝန် ထမ်းဆောင်နေပါတယ်။ မေလ ၁ ရက်နေ့က ရောက်ပါတယ်။ ကျွန်တော်တို့ရောက်လာတဲ့အချိန် ပထမတွေ့ခဲ့ရတာက မီးလောင်ထားတဲ့ တပ်မဟာ(၂) စခန်းတွေပါ။ မျှော်စင်ဒီဘက်အပိုင်းမှာတော့ ပျက်စီးမှု လုံးဝမရှိတဲ့ ကျေးရွာပါ။ ကျွန်တော်တို့ မရောက်ခင်မှာရော၊ ရောက်ရှိလာတဲ့ အချိန်မှာရော ပိတ်မိနေတဲ့ ပြည်သူဆိုပြီးတော့ လာရောက်ဆက်သွယ်တာ မရှိပါဘူး။ ကျွန်တော်တို့ မရောက်ခင်မှာတော့ အသင်းတော်ကနေ ပထမအကြိမ် ဆက်သွယ်တာကတော့ လူ ၂၀၀ ကျော်ပေါ့။ ဒကစ(တနိုင်း)ကနေပြီး ကြက်ခြေနီတွေနဲ့ ချိတ်ဆက်ပြီး ခေါ်ယူသွားပါတယ်။ ဒါကလည်း အောင်လော့ဒ်ကမဟုတ်ဘဲ ရွှေလုပ်သားနဲ့ ဈေးသည်တွေမို့ သူတို့တွေ နေထိုင်ရာကို ပြန်ပို့ခဲ့ပါတယ်။ အောင်လော့ဒ်ကျေးရွာမှာရှိတဲ့ ဘုရားကျောင်းတွေကိုတော့ သန့်ရှင်းရေးလုပ်ပြီး နေအိမ်တွေကိုတော့ နဂိုမူလအတိုင်းပဲ ခြံတံခါးတွေကို ပိတ်ပေးထားပါတယ်။

**ဦးဂဲနက်(စ်)**
**ဥက္ကဋ္ဌ၊ ကချင်ပြည်နယ်**
**ကြက်ခြေနီကြီးကြပ်မှုကော်မတီ**

ဧပြီလ ၁၇ ရက်နေ့မှာအောင်လော့ဒ်မှာ ရွာသူရွာသားတွေ ပိတ်မိနေတယ်လို့ သတင်းရလို့ ကျွန်တော်တို့ ပြည်နယ်အစိုးရကို တင်ပြတာ သူတို့က ချက်ချင်းခွင့်ပြုပါတယ်။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နဲ့ ကျွန်တော်တို့ကို ညှိနှိုင်းပေးတဲ့အခါ ဧပြီလ ၁၈ ရက်နေ့မှာ ခွင့်ပေးတဲ့အတွက် ဧပြီလ ၂၀ ရက်နေ့မှာ အောင်လော့ဒ်ကို ရောက်ပါတယ်။ စရောက်ကတည်းက အောင်လော့ဒ်မှာ လူမတွေ့ပါဘူး။ ကြက်ခြေနီအဖွဲ့ လာတယ်ဆိုတာ ပိတ်မိနေတဲ့ ရွှေမှော် လုပ်သားတွေနဲ့ ဈေးရောင်းတဲ့ ဈေးသူတွေကြားတော့ ဒီကို ဧပြီလ ၂၀ ရက်နေ့မှာ ထွက်လာပါတယ်။ အောင်လော့ဒ်ရွာက လူတွေကိုလည်း ပါလာတဲ့သူတွေနဲ့ ချိတ်ဆက်တဲ့အခါ ငါးကြိမ်အဆက်အသွယ်ရပါတယ်။ ထွက်လာဖို့ ချိတ်ဆက်တဲ့အခါ ကျွန်တော်တို့ကို လာကြိုတာ ကျေးဇူးတင်ပါတယ်၊ လာလည်း လာချင်ပါတယ်၊ ဒါပေမယ့် တိုင်ပင်လိုက်ဦးမယ်ဆိုပြီး ထွက်မလာတော့ပါဘူး။ ကျွန်တော်တို့ KBC ဘုရားကျောင်းမှာ သုံးရက်ကြာ စခန်းဖွင့်ပြီး စောင့်ပါတယ်။ နောက်ဆုံးတော့ ရွှေမှော် လုပ်သားတွေနဲ့ ဈေးရောင်းတဲ့ ဈေးသူ ၂၂၅ ဦးကိုပဲ ကယ်ထုတ်ပြီး တနိုင်းအုပ်ချုပ်ရေးမှူးရုံးကနေ သူတို့နေထိုင်ရာတွေကို ပြန်လည်ပို့ဆောင်ပေးခဲ့ပါတယ်။ အဲ့ဒီအချိန် အောင်လော့ဒ်ရွာမှာရှိတဲ့သူတွေက သုံးရက်လောက် လမ်းလျှောက်ရင် ရောက်နိုင်တဲ့နေရာမှာ ရှိတယ် ပြောပြီးမလာတော့တာပါ။


အောင်လော့ဒ်ကျေးရွာသို့ သွားရောက်စဉ်။

## မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်

**နေပြည်တော် မေ ၁၃**

မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလ၌ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေ မြင့်တက်လာမည် ဖြစ်ပါသည်။ မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်ပါသည်။ ရာသီဥတုဒဏ်ကြောင့် ရေလမ်းညွှန် အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များ ဂရုပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

မြစ်ရေ မြင့်တက်လာမှုကြောင့် ရေနည်းကာလတွင်ရှိခဲ့သော သောင်နှင့် ကျွန်းများ ရေမြုပ်၍ ရေမွှာပေါက် ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ထို့အပြင် ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် ရေအနက် မလုံလောက်သော ရေမွှာပေါက် ဖြတ်လမ်းများကို အသုံးပြု ခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်း သတိပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်း ပြသထားပါသည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ် အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း ပြသထားပါသည်။

ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အုတ်ခုံများမှာ ရေမြုပ်နေပြီး ရေလယ်တိုင် နှစ်ခုအကြား၌ ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတား ရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့်တကမစနစ်များကို ကြိုတင်စစ်ဆေးပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန် ရယူ၍ ဖြတ်သန်းခုတ်မောင်းကြရန်နှင့် တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်နှစ်စီး ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် ရေယာဉ် များသည် မိမိ၏ သယ်ဆောင်ဝန်အားနှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြရမည် ဖြစ်ပါသည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရမည် ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှု ဖြစ်ပေါ်သည့်အခါ ရေယာဉ် အန္တရာယ်မဖြစ်စေရေးအတွက် အထူးသတိပြု ခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**မှ ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျောက်ဖြူနှင့် ရမ်းဗြဲဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ကြည့်ရှုစစ်ဆေး

**ကျောက်ဖြူ မေ ၁၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက ကျောက်ဖြူ စက်မှုလက်မှုသိပ္ပံကျောင်း (၁၅၀× ၇၅)ပေ အဆောက်အအုံ ၉၀ ရာခိုင်နှုန်း ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ဖြူပညာရေးကောလိပ်တွင် သုံးထပ်ဆောင် (RC) ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်သွားမည်**

ဆက်လက်၍ ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ နှစ်နှစ်တာဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများတွင် အားသာချက်၊ အားနည်းချက်များရှိခဲ့ပါကြောင်း၊ ယခုဘတ်ဂျက်အသစ်တွင် ဆောင်ရွက်မည့်လုပ်ငန်း များကို တာဝန်ခံမှု၊ တာဝန်ယူမှုများနှင့် အဂတိ တရားကင်းကင်းဖြင့် ပြည်သူလူထုအား ပွင့်လင်း မြင်သာစွာ ချပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုက အားကိုးယုံကြည်ရသော အစိုးရဖြစ်လာအောင် အတူလက်တွဲကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုကိုလည်း အဓိကအလေးထားဆောင်ရွက် လျက်ရှိပါကြောင်း ပြောကြားသည်။

**အားပေးစကား ပြောကြား**

ထို့နောက် ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံ ပြင်ပလူနာဆောင်နှင့် ဆေးရုံတက်ရောက်ကုသနေ သော လူနာများကို သွားရောက် အားပေးစကားပြောကြားပြီး ကျောက်ဖြူဆေးရုံ ဝန်ထမ်းအိမ်ရာ (၁၈၄ပေ×၄၃ပေ) ၈ ခန်းတွဲ ၄ ထပ် ဆောက်လုပ်နေမှုနှင့် ကျောက်ဖြူမြို့နယ် ပြင်ဖြူမော်ကျေးရွာရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ထိန်းသိမ်းထားသော ရေငန်တာတမံ ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုခဲ့ကြသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများသည် မေ ၁၂ ရက်တွင် ရမ်းဗြဲ - ကျောက်နီမော်လမ်းပေါ်၌ ကွန်ကရစ်လမ်း တစ်မိုင်ခင်းခြင်း ဆောင်ရွက်နေမှု၊ ဝက်ကိုက်ချောင်း-ပြင်ချောင်းကြီး ကျေးရွာချင်းဆက် ၂ မိုင် ၇ ဖာလုံ ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်နေမှုနှင့် လမုန်းခြေ - သင်းကနက်ရွာ ချင်းဆက်လမ်း တစ်မိုင် မြေသားလမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကျေးရွာဒေသခံများနှင့်တွေ့ဆုံ**

ထို့နောက် ရမ်းဗြဲ-ကျောက်နီမော်ကားလမ်း ပေါ်ရှိ သစ်ပုတ်ချိန်တံတား သံကူကွန်ကရစ် ပေ ၁၈၀ တည်ဆောက်နေမှု၊ ဟုံးဝဆိပ်ခံတံတားလမ်း ပေ ၂၀၅၀၊ ၁၂ ပေ၊ ၈ လက်မ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ သင်းပေါင်းချောင်းကျေးရွာ ဆိုင်ကလုန်းချာတာဆောက်လုပ် ရန် မြေပြုပြင်နေမှုနှင့် အောင်လှပြင်ကျေးရွာ တွင် ဆိုင်ကလုန်းချာတာ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အောင်လှပြင် ကျေးရွာဒေသခံများနှင့်တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ရမ်းဗြဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရမ္မာဝတီခန်းမ၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ မြို့မိ မြို့ဖများ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။

**ဆောင်ရွက်ပြီးစီးမှုတို့ကို သွားရောက်စစ်ဆေးခဲ့**

ညနေပိုင်းတွင် ကျောက်ဖြူမြို့နယ် ချောင်းဖျား- ဘယာ-သစ်ကတိုးကျေးရွာချင်း ဆက်မြေသားလမ်း ၃ မိုင် ၄ ဖာလုံ ဖောက်လုပ်နေမှုအား လည်းကောင်း၊ ရန်ကုန်- ကျောက်ဖြူကားလမ်းပေါ်ရှိ ဇင်ချောင်း တံတား သံကူ ကွန်ကရစ် RC ပေ၄၀ ဆောက်လုပ်နေမှုအား လည်းကောင်း၊ မိုင်တိုင် ၈/၉၇ တွင် သစ်သား တံတားသံကူကွန်ကရစ် တည်ဆောက်နေမှုအား လည်းကောင်း ၊ ဝမျှောင်- အင်တိုင်းကြီး ရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းနေမှုတို့အား လည်းကောင်း၊ မြင်းပြင်ရေဒါစခန်း ကျောက်စီမြေကာနံရံ အလျား ပေ ၁၈၀ ဆောင်ရွက်ပြီးစီးမှုတို့ကို သွားရောက်စစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)၊ ဖြိုးဝေလင်း(ပြန်/ဆက်)**



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့ ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။

# လယ်မြေဧက ၂၀၀ အား လယ်ယာမဲ့တောင်သူများသို့ ပေးအပ်ပွဲကျင်းပ

**ခမ်းနီး မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ခန္တီးမြို့နယ် ဆင်သေကျေးရွာအုပ်စုနှင့် ကင်းတော်ကျေးရွာအုပ်စုတို့တွင် ဖော်ထုတ်ခဲ့သည့် လယ်မြေဧက ၂၀၀ အား လယ်ယာမဲ့တောင်သူများသို့ ယာယီလုပ်ကိုင်ခွင့်လက်မှတ်များ ပေးအပ်ပွဲ အခမ်းအနားကို ခန္တီးမြို့နယ် ကင်းတော်ကျေးရွာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးကမ်ဇာမုံက ယခုအစိုးရလက်ထက် ဟုမ္မလင်းမြို့နယ် ဟဲခမ်းကျေးရွာအုပ်စုနှင့် ညောင်ကုန်းကျေးရွာအုပ်စုတွင် ၃၇၅ ဧကနှင့် ယခု ခန္တီးမြို့နယ် ကင်းတော်ကျေးရွာ၊ လောင်ပကျေးရွာ၊ ဆင်သေကျေးရွာ၊ နာတိုက်ကျေးရွာများရှိ လယ်ယာမဲ့တောင်သူ ၁၀၆ ဦးအတွက် ဧက ၂၀၀ ဖော်ထုတ်ပေးနိုင်ခဲ့သည့်အတွက် ဒေသဝမ်းစာ ဖူလုံရေးကို အထောက်အကူဖြစ်စေပြီး စိုက်ဧကပြည့်မီရေး၊ အထွက်နှုန်း တိုးတက်ရေးအတွက် လယ်ယာမြေ ယာယီလုပ်ကိုင်ခွင့် စည်းမျဉ်းများနှင့် အညီ အစဉ်တစိုက်ကြိုးစားစိုက်ပျိုးသွားကြရန် တိုက်တွန်းပြောကြားခဲ့ သည်။ တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့်ဆည်မြောင်းဝန်ကြီးနှင့် တာဝန်ရှိသူတို့က တောင်သူများအား လယ်ယာမြေလုပ်ကိုင်ခွင့် လက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မောင်တောမြို့နယ် မင်းကြီးကျေးရွာသစ်၌ နေအိမ် ၈၂ လုံး စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း တည်ဆောက်ပေး

**မောင်တော မေ ၁၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြောက်ပိုင်းရှိ ရခိုင်တိုင်းရင်းသားများ အား ပြန်လည်နေရာချထားပေးသည့် အောင်စစ်ပြင်ကျေးရွာအုပ်စု မင်းကြီး ကျေးရွာသစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် နေအိမ် ၄၅ လုံး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် နေအိမ် ၃၇ လုံး၊ စာသင်ကျောင်းတစ်ကျောင်း၊ ဘုန်းကြီးကျောင်း တစ်ကျောင်းတို့ကို ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရှိရသည်။

မင်းကြီးကျေးရွာသစ်တွင် နေအိမ်များ ဆောက်လုပ်နေမှုကို မေ ၁၃ ရက် နံနက်ပိုင်းက ကရင်ပြည်နယ် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တု နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာနှင့် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးနှင့်အဖွဲ့တို့ သွားရောက်ကြည့်ရှုကြသည်။ **(အောက်ပုံ)**

ယင်းနေအိမ်အဆောက်အအုံများကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်းက စတင်လုပ်ငန်းအပ်နှံခဲ့ပြီး ယခုလက်ရှိတွင် ဆောက်လုပ်ရေးဝန်ထမ်းအင်အား ၁၃၀ ကျော်ဖြင့် နေ့ ညဆောက်လုပ်လျက်ရှိကာ ၂၀၁၈ ခုနှစ် မေလအကုန် မိုးမကျမီ အပြီးတည်ဆောက် အပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဦး၊ နိုင်လင်းကြည်**
**ဓာတ်ပုံ - သီဟစည်သူ**





# ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ မီးလောင်၊ အိမ်ခြေ ၉၄ လုံး ဆုံးရှုံး

**မောင်တော မေ ၁၃**

ရခိုင်ပြည်နယ် မြေပုံမြို့နယ် ကမ်းထောင့်ကြီးတိုက်နယ် ဝဘော်ကြီးကျေးရွာတွင် မေ ၁၂ ရက် ည ၁၁ နာရီခွဲက လူနေထိုင်ခြင်းမရှိသည့် နေအိမ်တစ်အိမ်၏ ဝါးအိမ်ထရံအား လူတစ်ဦးက မီးရှို့ရာမှ အိမ်ခြေ ၉၄ လုံး မီးလောင်ဆုံးရှုံးသွားကြောင်း၊ မီးလောင်ရာသို့ ရွာသားများနှင့် ကျေးရွာရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် မေ ၁၃ ရက် နံနက် ၁ နာရီခွဲတွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၅ နာရီတွင် လုံးဝမီးငြိမ်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အလားတူ မေ ၁၂ ရက် မွန်းလွဲ ၃ နာရီခန့်က ကျောက်ဖြူမြို့နယ် ပြင်ဖြူမော်ကျေးရွာတွင် ခင်ပွန်းဖြစ်သူက ဇနီးဖြစ်သူနှင့် စကားများရာမှ အဝတ်အစားများစုပုံ၍မီးရှို့ရာ နေအိမ်မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**သတင်း - ဇင်ဦး၊ နိုင်လင်းကြည်**
**ဓာတ်ပုံ - ရခိုင်ပြည်နယ်မီးသတ်တပ်ဖွဲ့**

# စဥ့်ကိုင်မြို့နယ်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးလျက်ရှိ

**ကျောက်ဆည် မေ ၁၃ -** မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၁ ရက် မွန်းလွဲ ၃ နာရီက မြို့နယ်အတွင်းရှိ အမှန်တကယ်လယ်ယာမြေပိုင်ဆိုင်သော တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကြည်မိုမိုလွင်နှင့် မြို့နယ်မြေယာစီမံခန့်ခွဲရေးဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေတို့က ပုံစံ(၇)ထုတ်ပေးရခြင်း၏အကြောင်းများကို ရှင်းလင်းပြောကြားခဲ့ပြီး ရှမ်းကန်၊ စွန်ရဲ၊ တဘက်ဆွဲနှင့် ညောင်ပင်ကြီးကျေးရွာများရှိ တောင်သူ ၆၃ ဦး၊ ဦးပိုင် ၆၇ ခုမှ လယ်ယာမြေရေိယာ ၂၁၆ ဒသမ ၀၃ ဧကအတွက် လယ်ယာမြေပိုင်ဆိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များ ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။ စဥ့်ကိုင်မြို့နယ်တွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက တောင်သူ ၂၀၉၀၅ ဦး၊ ဦးပိုင်ပေါင်း ၃၅၀၁၁ ခုမှ လယ်မြေဧက ၇၁၂၄၈ ဧကအား ပုံစံ(၇)များ ထုတ်ပေးနိုင်ရေးလျာထားဆောင်ရွက်ခဲ့ပြီး ယနေ့အချိန်ထိ တောင်သူပေါင်း ၂၀၈၅၄ ဦး၊ ဦးပိုင်ပေါင်း ၄၃၈၈၀ ခုမှ လယ်မြေဧက ၆၉၆၅၆ ဧကကို ပုံစံ(၇)များ ထုတ်ပေးခဲ့ပြီဖြစ်ကြောင်းလည်း သိရှိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ယမန်နေ့ဆန္ဒပြပွဲမှထိန်းသိမ်းခဲ့သူများအား အာမခံဖြင့် ယနေ့ပြန်လွှတ်

**ရန်ကုန် မေ ၁၃**

ရန်ကုန်မြို့တာမွေခုံးကျော်တံတားအနီး မေ ၁၂ ရက် ညနေပိုင်းက ဆန္ဒပြသူများထဲမှ ဗဟန်းရဲစခန်း၌ ထိန်းသိမ်းထားသူ ရှစ်ဦးရှိခဲ့ပြီး ၎င်းတို့အား ထိန်းသိမ်းခံရမှု ၂၄ နာရီ အကြာ ယနေ့ညနေ ၅ နာရီတွင် အာမခံဖြင့်ပြန်လွှတ်ပေးလိုက်ကြောင်း သိရှိရသည်။

**စစ်ဆေးမှုတွေပြုလုပ်**

"ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေ အနေနဲ့ ဒီဖြစ်စဉ်မှာ ယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်လာမှာ စိုးတာရယ်၊ ပြည်သူ လူထုအထိတ်တလန့်ဖြစ်လာမှာ စိုးတဲ့အတွက် ချိတက်မှုကို ရပ်တန့်ဖို့ ပြောကြားခဲ့ပါတယ်၊ သူတို့က ကျောက်တံတားမြို့နယ်အထိ ချီတက်ဖို့ ပြင်ဆင်နေကြတာပါ၊ သို့သော်လည်း ကျွန်တော်တို့ တားမြစ်တာကို လက်မခံတဲ့အတွက် ဥပဒေ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်၊ ဒီဖြစ်စဉ်မှာ ရဲတပ်ဖွဲ့ဝင်တွေက ရိုက်ပုတ်တာ မရှိခဲ့ပါဘူး၊ ဒီနေ့မှာတော့သူတို့ကိုလိုအပ်တဲ့ စစ်ဆေးမှုတွေ ပြုလုပ်ပြီး အာမခံနဲ့ ပြန်လွှတ်ပေးလိုက်တာဖြစ်ပါတယ်"ဟု ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဝင်းက ပြောသည်။

အဆိုပါ ထိန်းသိမ်းခံရသူများအား ဗဟန်းရဲစခန်းက (ပ)၂၄၄/၂၀၁၈ ငြိမ်းစုစီ ပုဒ်မ ၂၀ ဖြင့် အမှုဖွင့်ထားပြီး လာမည့် ၁၅ ရက်အတွင်း ဗဟန်းမြို့နယ် တရားရုံးတွင် အမှုရင်ဆိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**ဆက်လက်အရေးယူဆောင်ရွက်သွားမည်**

ဆန္ဒပြပွဲတွင် ပါဝင်သည့် အဓိက တာဝန်ရှိသူများကိုသာ ထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း စာရင်းအရ ဖမ်းဆီးထိန်းသိမ်းရမည့်သူ ၁၇ ဦးရှိ ကြောင်း၊ အမျိုးသားခြောက်ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်းရှစ်ဦးကိုသာ ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ကျန်ကိုးဦးကိုလည်း ဥပဒေနှင့်အညီ ဆက်လက်အရေး ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# လှိုင်သာယာတွင် ဟော့ခ်တုံးအပန်းဖြေအနားယူဆိုင်ကိစ္စ အရေးယူ

**လှိုင်သာယာ မေ ၁၃**

ဟော့ခ်တုံးအပန်းဖြေ အနားယူဆိုင် ဆိုင်းဘုတ်တင်၍ တရားမဝင်အနှိပ်ခန်း ပြုလုပ်ရန်အဆောက်အအုံနှင့် အခန်းများ တရားမဝင် ဆောက်လုပ်ပြင်ဆင်နေမှုကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှိုင်သာယာမြို့နယ် အမှတ် ၆ ရပ်ကွက် နဝဒေးအိမ်ရာ ရှော့ပ်ဟောက် ၉၉ လမ်း တိုက်(၁) အခန်း အမှတ် (၆၊ ၇၊ ၈) တွင် မေ ၁၀ ရက်က ဟော့ခ်တုံးအပန်းဖြေ အနားယူဆိုင် ဆိုင်းဘုတ်တင်၍ တရားမဝင်အနှိပ်ခန်း ပြုလုပ်ရန် အဆောက်အအုံနှင့်အခန်းများ ဆောက်လုပ်နေကြောင်း သတင်းရရှိသဖြင့် မေ ၁၁ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့မှ ဒုရဲမှူး၊ မြို့နယ်စည်ပင်၊ မြို့နယ် လဝကနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါဆိုင်အား ဦးဝင်းမောင် (၃၂ နှစ်) နဝဒေးအိမ်ရာ အမှတ် ၆ ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူက အခန်းပိုင်ရှင်သုံးဦးထံက အခန်းသုံးခန်းအား ငှားရမ်းထားပြီး အနှိပ်ခန်းပြုလုပ်ရန်အတွက် အခန်း ၃၃ ခန်းတွင် မွေ့ရာ ၂၀ လုံး၊ နှိပ်ခုတင် ၁၉ လုံးတို့ကို ပြင်ဆင်ပြီး အခြေအနေနှင့် တရုတ်အလုပ်သမား တစ်ဦး၊ ပိုင်းမော်မြို့နယ်နှင့် ကွမ်းလုံမြို့နယ်တို့မှ အမျိုးသမီးအလုပ်သမားလေးဦး စုစုပေါင်းငါးဦးအား တွေ့ရှိရသည်။

အထက်ဖော်ပြပါ ကိစ္စနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေးချက်အရ နိုင်ငံခြားသား ရောက်ရှိကြောင်း သတင်းပို့ တိုင်ကြားသည့်ပုံစံ (Form-C)တိုင်ကြားခြင်း မရှိသော နိုင်ငံခြားသားနှင့် ပတ်သက်၍ အခန်းငှားရမ်းသူ ဦးဝင်းမောင်အား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ၁၉၄၈ ခုနှစ် နိုင်ငံခြားသားအက်ဥပဒေပုဒ်မ ၅(၁)ဖြင့် မြို့နယ်တရားရုံးတွင်တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ခွင့်ပြုချက်မဲ့အဆောက်အအုံ ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့က မူဆယ်ပစ်ခတ်မှုတွင် ဒဏ်ရာရ၊ သေဆုံးသူများအတွက် ထောက်ပံ့ငွေများပေးအပ်

**မူဆယ် မေ ၁၃**

မူဆယ်မြို့နယ် ပန်းခမ်းကျေးရွာ ပန်ခမ်းတံတားထိပ်ရှိ ရဲကင်းစခန်းနှင့် နောင်ရမ်းလေ့ဆိပ် ပြည်သူ့စစ်ကင်းစခန်းတို့အား လက်နက်ကိုင်အဖွဲ့မှ လာရောက်ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် အရပ်သားပြည်သူ သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများ ရှိခဲ့သည်။

ရှမ်းပြည်နယ်အစိုးရက အဆိုပါ ဒဏ်ရာရ၊ သေဆုံးသည့်သူများအား သေဆုံးသူတစ်ဦးလျှင် ငွေကျပ်နှစ်သိန်း စုစုပေါင်း ၁၉ ဦးအတွက် ငွေကျပ် ၃၈ သိန်း၊ ဒဏ်ရာရရှိသူ (စိုးရိမ်ရ) ကိုးဦး အတွက်တစ်ဦးလျှင် ငွေကျပ်တစ်သိန်း နှုန်းနှင့် ဒဏ်ရာရရှိသူ (မစိုးရိမ်ရ) ၁၇ ဦး အတွက် တစ်ဦးလျှင်ငွေကျပ် ငါးသောင်းနှုန်း စုစုပေါင်းငွေကျပ် ၅၅၅၀၀၀၀ ထောက်ပံ့ရာ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်း ကျော်သိန်း၊ မူဆယ်ခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသူရိန်နှင့် ကော်မတီဝင်များက မူဆယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပေးအပ်ပြီး နွေးထွေးစွာ နှစ်သိမ့်အားပေးစကားများ ပြောကြားခဲ့သည်။

ဆက်လက်ပြီး မူဆယ်ခရိုင်စီမံခန့်ခွဲမှု ကော်မတီမှ သေဆုံးသူ ၁၉ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှုန်း၊ ဒဏ်ရာရရှိသူ ၂၆ ဦးအတွက် တစ်ဦး လျှင်ငွေကျပ်သုံးသောင်းနှုန်း ပေးအပ် ထောက်ပံ့ပေးခဲ့ကြောင်း၊ မူဆယ်မြို့နယ် စီမံခန့်ခွဲမှု ကော်မတီကလည်း သေဆုံးသူ ၁၉ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်း၊ ဒဏ်ရာရရှိသူ ၂၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှုန်းနှင့် စောင်၊ ခြင်ထောင်၊ ပုဆိုးအစုံ ၂၀၊ ခေါင်းအုံးအလုံး ၃၀ ပေးအပ်ထောက်ပံ့ ပေးခဲ့ကြောင်း၊ မူဆယ်ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဒဏ်ရာရ၊ သေဆုံးသူများအတွက် ငွေကျပ် ၉၀၀၀၀ နှင့် ပန်းဆေးဌာနေပြည်သူ့စစ်အဖွဲ့က တရုတ်ယွမ်ငွေ ၁၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# သုံးစွဲရန်မသင့်သောအလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသောအလှကုန်ပစ္စည်းများကိုအများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက် ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကိုစစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်း(၂)မျိုးသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင် ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သောတားမြစ်ဓာတုပစ္စည်း(မာကျူရီ)ပါဝင်နေကြောင်းစစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထုသုံးစွဲရန်မသင့်တော်ပါကြောင်းအသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | O White WhiteningCream | OK Cosmetics Limited Parternership, Thailand | Mercury (+) |
| ၂။ | YOUDI BrighteningMoisturizer Spot Whitening (Whitening Day Cream + Freckle Night Cream) | တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) (Freckle Night Cream) |

၃။ တားမြစ်ဓါတုပစ္စည်း(မာကျူရီ)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြား မှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျ ရောဂါများအပြင် ရေရှည်သုံးစွဲပါကကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသောအများပြည်သူသုံးစွဲရန် မသင့်ကြောင်းကြေညာထားသည့် အလှကုန် ပစ္စည်းများတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic) အရလုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက် ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရအရေးယူ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**



O White Whitening Cream
YOUDI Brightening Moisturizer Spot Whitening (Whitening Day Cream + Freckle Night Cream)

# လေပြင်းတိုက်မှုကြောင့် နေအိမ်နှင့် စာသင်ကျောင်းများ အမိုးလန်ခြင်း၊ ပြိုပျက်ခြင်းများဖြစ်ပွား

**မြန်အောင် မေ ၁၃**



မြန်အောင်မြို့နယ်အတွင်းမေ ၁၂ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စု ၁၇အုပ်စု ကျေးရွာခွဲပေါင်း ၇၇ ရွာတွင် သစ်သားနေအိမ် ၂၃ လုံးနှင့် ဝါးနေအိမ် ၅၆ လုံးပြိုကျခဲ့ပြီး၊ သစ်သားနေအိမ် ၂၇၂ လုံးနှင့် ဝါးနေအိမ် ၅၆၁ လုံး အမိုးလန်ခဲ့ကြောင်းနှင့် သာသနိကအဆောက်အအုံတစ်လုံးပြို၍ အိမ်ငါးလုံး၊ ဇရပ်တစ်ခုနှင့် စာသင်ကျောင်းသုံး ကျောင်းအမိုးလန်မှု ဖြစ်ပွားခဲ့ကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန်ထိခိုက် ဆုံးရှုံးမှုမရှိကြောင်း သိရသည်။ **ဝင်းဗိုလ်(ပြန်/ဆက် )**

**အင်္ဂပူ**

အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၄ စုတွင် မေ ၁၂ ရက် ညနေပိုင်းက ရုတ်တရက်လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် ကျေးရွာအုပ်စု၂၄ အုပ်စုအတွင်းရှိ နေအိမ် ၄၃၀ အမိုးလန်ခြင်း၊ နေအိမ် ၇၅ လုံးပြိုကျခြင်းနှင့် ဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်း အမိုးလန်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက် )**

**လေးမျက်နှာ**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်၌ မေ ၁၂ရက်ညနေ ၅ နာရီက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကြီးပေါက် ကုန်းကျေးရွာအုပ်စု၊ စာရေးကွင်းကျေးရွာအုပ်စု၊ ကွင်းကြီးကျေးရွာအုပ်စု၊ ခြောက်ဆယ်ကျေးရွာအုပ်စုတို့တွင် လူနေအိမ် ၄၈ လုံး၊ စာသင်ကျောင်းနှစ်ကျောင်း၊ ဘုန်းကြီးကျောင်းတစ်ကျောင်း ပျက်စီးခဲ့ကြောင်း သိရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသည့် နေအိမ်များမှမိသားစုများသည်မိမိတို့ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပြီး ပျက်စီးဆုံးရှုံးသွားသော ကျေးရွာအုပ်စုရှိလေဘေးသင့် အိမ်ထောင်စုများထံသို့ လေးမျက်နှာမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်စိုင်းမြတ်သူနှင့် တပ်ဖွဲ့ဝင်များ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ က ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၄ -၅- ၂၀၁၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၉း၁၀ - **ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (အဘိဓဇအဂ္ဂမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ၊ ဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဗန်းမော်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း)**
- ၁၁း၁၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၃း၃၀ - သုခုမရင်ခွင်အငြိမ့်သဘင် **ပန်တျာရင်သွေး** မင်းသမီး-အိအိခိုင်၊ လူရွှင်တော်- စူးရှ၊ အားတီ၊ ဥဥ၊ ဖိုးခေါင် ဒါရိုက်တာ- ဖုန်းမြင့်အောင်
- ၁၄း၁၅ - Tasty Trip
- ၁၅း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **မကြွေတဲ့နှင်းဆီ** (အပိုင်း-၁၈)

**ညပိုင်း**

- ၁၆း၂၅ - အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း)
- ၁၆း၄၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၅၀)**
- ၁၇း၀၅ - This We ek's special Interest
- ၁၇း၂၀ - **မေလအတွက် မိုးလေဝသခန့်မှန်းချက်**
- ၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ **မြန်မာတရား လမ်းဓမ္မသတ်ချုပ် ဆွေးနွေးခန်း** (၁) ဦးဟန်ညွှန့်(ဥပဒေ၊ တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်) ဒါရိုက်တာ-ဝေဠု(ဝသန်)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာကာလီ** (အပိုင်း-၇)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊
- ၂၀း၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့်ဓားဘုရင်** (မိုးနတ်မင်းရဲ့ဒေါသမာန်) (အပိုင်း-၇) (ဇာတ်သိမ်း)
- - မျက်မှောက်ရေးရာသုံးသပ်စရာ
- - နိုင်ငံခြားဇာတ်လမ်းတွဲ **မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း** (အပိုင်း-၉)

# ကျိုင်းတုံ၌ ငွေကျပ်သိန်းပေါင်း ၂၅၇၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် နိုင်ငံခြားသုံးငွေများကို နောင်နွန်းပူးပေါင်းစစ်ဆေးရေးစခန်း ရှောင်ကွင်းလမ်းတွင် ဖမ်းဆီးရမိ

**ကျိုင်းတုံ မေ ၁၃**



ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ဝမ်လုံးရွာအနီးရှိ နောင်နွန်းပူးပေါင်းစစ်ဆေးရေးစခန်း ရှောင်ကွင်းလမ်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ ကာလတန်ဖိုးငွေကျပ်သိန်း ၂၅၇၅၀ ခန့်ရှိ အိုက်စ်အဖြူရောင် ပုံဆောင်ခဲများနှင့် နိုင်ငံခြားငွေများကို မေ ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ဖမ်းဆီးရမိသည်။

မေ ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မူးယစ်ရဲတပ်ဖွဲ့စု ၂၈ မှ ရဲအုပ် တေဇာစိုးညို ဦးစီးအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ဝမ်လုံးရွာအနီးရှိ နောင်နွန်းပူးပေါင်းစစ်ဆေးရေးစခန်း ရှောင်ကွင်းလမ်းတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ကျိုင်းတုံဘက်မှ တာချီလိတ်ဘက်သို့ အိုက်နွန်း (၄၄ နှစ်) မောင်းနှင်ပြီး အိုက်ရှို(၂၃ နှစ်)နှင့် နန်းနွန်ရှဲန် (၄၀ နှစ်) နမ့်မုတ်ရွာ၊ မိုင်းယန်းမြို့နေသူတို့ လိုက်ပါလာသော ဟိုင်းလပ်ဗီဂိုယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ်အဖြူရောင်ပုံဆောင်ခဲ တစ်ကီလိုပါ ၁၀၃ ထုပ် အလေးချိန် ၁၀၃ ကီလိုဂရမ်၊ ကာလတန်ဖိုး ငွေကျပ်သိန်း ၂၅၇၅၀ ခန့်၊ ဖုန်းသုံးလုံး၊ မြန်မာငွေရောရာ ငွေကျပ်သုံးသိန်း၊ တရုတ်ယွမ်ငွေ ၄၄၀၀ နှင့် ထိုင်းဘတ်ငွေ ၅၃၈၀၀ တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

အမှုမှ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရှိသူ အိုက်နွန်း၊ အိုက်ရှိုနှင့် နန်းနွန်ရှဲန် သုံးဦးတို့အား ကျိုင်းတုံမြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# အထောက်အထားမဲ့ခရီးသွားလာသူ အမျိုးသမီးတစ်ဦးနှင့် တရားမဝင်ခေါ်ဆောင်လာသူတို့အား သံတွဲမြို့၌ ဖမ်းဆီးရမိ

**သံတွဲ မေ ၁၃**

သံတွဲမြို့အထွက် စုပေါင်းစစ်ဆေးရေးဂိတ်တွင် တာဝန်ကျပူးပေါင်းအဖွဲ့က ယာဉ်များစစ်ဆေးဆောင်ရွက်စဉ် အထောက်အထားမဲ့ ခရီးသွားလာသူ အမျိုးသမီးတစ်ဦးနှင့် တရားမဝင်ခေါ်ဆောင်လာသူ အမျိုးသမီးတစ်ဦးတို့အား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ သံတွဲမြို့အထွက် စုပေါင်းစစ်ဆေးရေးဂိတ်တွင် တာဝန်ကျနေသော ဒုလဝကမှူး ဇော်လင်းအောင်နှင့် တာဝန်ကျပူးပေါင်းအဖွဲ့သည် ယာဉ်များအား စစ်ဆေးဆောင်ရွက်စဉ် မေ ၁၂ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် သံတွဲမြို့မှ ရန်ကုန်မြို့သို့ ပြေးဆွဲသော အောင်သစ္စာခရီးသည်ယာဉ်လိုင်းဖြင့် စီးနင်းလိုက်ပါလာသော ခရီးသည်များအားစစ်ဆေးရာ အမျိုးသမီးနှစ်ဦးသည် အခြားသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားကို တရားမဝင်ကိုင်ဆောင်၍ လိမ်လည်ပြသကာ ခရီးသွားလာခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။ စစ်ဆေးပေါ်ပေါက်ချက်အရ ငပလီမြို့ ဂျိတ္တောရပ်ကွက်နေ ဒေါ်ဝါဝါက မသန်းရွှေနုအမည်ပါ အခြားသူတစ်ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအား လည်းကောင်း၊ စစ်တွေမြို့နယ် သက္ကယ်ပြင်ဒုက္ခသည်စခန်းမှ မည်သည့်ကိုင်ဆောင်လက်မှတ်မျှမရှိသူ မရော်ဖီဇာသည် မဟန်နီထွန်းအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအား လည်းကောင်း ကိုင်ဆောင်၍ ခရီးသွားလာခဲ့ခြင်းဖြစ်ပြီး ဒေါ်ဝါဝါက မရော်ဖီဇာအား သက္ကယ်ပြင်စခန်းမှ ရန်ကုန်မြို့သို့ အခကြေးငွေကျပ်နှစ်သိန်းယူ၍ ပို့ဆောင်ရန် ခေါ်ယူလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၃**

မန်စီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၂ ရက် နံနက် ၇ နာရီခွဲတွင် မန်စီမြို့ မိုးယုချောင်းတစ်ဖက်ကမ်း၊ ကတော့တောင်ခြေ တောစပ်တွင် ထွန်းအေး မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၄ပြား၊ ဘိန်းဖြူ အလေးချိန် ၀ ဒသမ ၀၅၅ ကီလို၊ တူမီးသေနတ်တစ်လက်၊ တူမီးသေနတ်ပို့ကျည်ခြောက်တောင့်၊ ခဲတောင့် ၃၂ တောင့် တို့အား လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၅ နာရီတွင် သံဖြူဇရပ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သံဖြူဇရပ်မြို့နယ် ဟံသာဝတီရပ်ကွက် အမှတ် ၅ လမ်းနေ လှိုင်ထွန်း(ခ)အယောင်၏ နေအိမ်တဲကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြား၊ တူမီးသေနတ်တစ်လက်၊ မီးကူးယမ်းခွက်အလုံး ၃၀ ပါ ယမ်းကတ်တစ်ကတ်၊ ခဲသီး ၂၃ လုံးနှင့် ယမ်းမှုန့်တစ်ဘူးတို့ကို လည်းကောင်း၊ ထို့အတူ ည ၁၁ နာရီက မူးယစ်တပ်ဖွဲ့စု ၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ခရီးသည်တင် မော်တော်ယာဉ်ကို ရှာဖွေရာ ထိုင်ခုံအမှတ် ၂၂ တွင် လိုက်ပါလာသူ ခရီးသည် ခွန်ပြေငြိမ်း၏ တန်ဆာပြုလုပ် အပ်နှံထားသော ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀၀ ကို လည်းကောင်း။

ထို့အတူ မွန်းလွဲ ၂ နာရီခွဲကလည်း ပင်လောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ဘန့်ဘာအုပ်စု ရန်ကင်းကျေးရွာနေ မအုန်းငွေ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ ကိုလည်းကောင်း။

ထို့အတူ မေ ၁၁ ရက် နံနက် ၁၀ နာရီခွဲက နောင်ချိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့ မျက်ချင်းနုကျေးရွာအုပ်စု ရွှေပြည်ညွန့်ကျေးရွာနေ ရှားယို့(ခ) လောက်ကောက်၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ရင်ဝူး၊ ကျန်ကျူးချန်၊ ကျိန်ကွယ်နှင့် မောင်ဦးတို့ ငါးဦးတို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၈၆၅ ပြားနှင့် ကော်ဘူးဖြင့်ထည့်လျက် ဘိန်းဖြူအလေးချိန် ၀ ဒသမ ၀၀၂၈ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပဲခူးတွင် လုယက်ရာမှ သံဃာတစ်ပါး ပျံလွန်တော်မူ

**ပဲခူး မေ ၁၃**

ပဲခူးမြို့ ဥသာမြို့သစ် ၈ ရပ်ကွက် တန်ဖိုးနည်း အိမ်ရာအနီး ရွှေမြင့်မိုရ်ဦးကျောင်း (ကျူးကျော်ခြံဝင်းတစ်ပါးကျောင်း) တွင် မေ ၁၃ ရက် နံနက် ၁ နာရီခန့်က ကျောင်းဝင်းအတွင်း ပိုက်ဆံလုယက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ရွှေမြင့်မိုရ်ဦးကျောင်းတွင် သီတင်းသုံးနေထိုင်သည့် ဦးဝိမလ၊ (လူအမည်) ဦးမိုးကျော် သီတင်းသုံးသည့်ကျောင်းသို့ ငထိုက်(ခ)ဝင်းထိုက်နှင့် ပဲပြား(ခ) ဝင်းကျော်သူ (၁၆ နှစ်)တို့ ရောက်ရှိလာပြီး ကျောင်းတံခါးအား အတင်းဆွဲဖွင့်ကာ ခြိမ်းခြောက်ပြောဆိုငွေတောင်းသဖြင့် ငွေကျပ် ၁၀၀၀ အား ထုတ်ပေးရာ ၎င်းတို့က ပိုက်ဆံအိတ်အား အတင်းလုယူပြီး ခုတင်အနီးတွင်ရှိသည့် သစ်သားတုတ်ဖြင့်ရိုက်ကာ ပိုက်ဆံ ၈၀၀၀ အား လုယူထွက်ပြေးသွားခဲ့ကြောင်း၊ ကျောင်းတစ်ကျောင်းတည်းနေ ဦးဓမ္မသာရ သွားရောက်ကြည့်ရှုခဲ့ရာ ဦးဝိမလမှာ ဒဏ်ရာများရရှိကာ ပျံလွန်တော်မူနေသည်ကိုတွေ့ရှိခဲ့ရကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ပဲခူး အမှတ် ၃ နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**

# ဖားကန့်မြို့နယ်၌ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီအား ကုမ္ပဏီဝန်ထမ်းများက မီးရှို့ဖျက်ဆီး

**ဖားကန့် မေ ၁၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ရတနာရွှေအိတ်ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ၌ မေ ၁၃ ရက် ည ၇ နာရီခွဲက ကျောက်မျက်တူးဖော်ရေးကုမ္ပဏီနှင့် ကုမ္ပဏီဝန်ထမ်းများ လုပ်ခလစာညှိနှိုင်းမှု အဆင်မပြေခြင်းကြောင့် ကုမ္ပဏီဝန်ထမ်းများက ကုမ္ပဏီပိုင်ရုံးခန်းနှင့် လူနေအဆောင်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆန်ခါကျေးရွာအနီးရှိ နိုင်ငံတော်နှင့်အကျိုးတူ ရတနာရွှေအိတ်ကျောက်မျက်ကုမ္ပဏီ၌ ယနေ့မွန်းလွဲပိုင်းတွင် ကုမ္ပဏီဝန်ထမ်းများက ရာသီကုန်လုပ်ကွက်သိမ်းချိန်ကို မေ ၁၅ ရက်တွင် ရပ်ဆိုင်းပေးလိုကြောင်း၊ အချိန်ပိုလုပ်ခများအား ရယူလိုကြောင်း တောင်းဆိုမှုများ ပြုလုပ်ခဲ့ရာ ကုမ္ပဏီဝန်ထမ်းများနှင့် ညှိနှိုင်းမှုအဆင်မပြေဖြစ်ရာမှ ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီတွင် ဝန်ထမ်း ၂၅၀၀ ရှိသည့်အနက် ဝန်ထမ်း ၁၀၀၀ ခန့်က ယနေ့ည ၇ နာရီခွဲတွင် ကုမ္ပဏီရုံးခန်းနှင့် လူနေအဆောင်များအား ခဲများဖြင့်ပစ်ပေါက်ခြင်း အကြမ်းဖက်ခြင်းများပြုလုပ်ခဲ့ရာ ကုမ္ပဏီလုံခြုံရေးတာဝန်ကျနယ်မြေခံရဲတပ်ဖွဲ့က သေနတ်မိုးပေါ်ထောင်ဖောက်၍ ခြောက်လှန့်ခဲ့သော်လည်း ပြန်လည်ထွက်ခွာသွားခြင်းမရှိဘဲ ကုမ္ပဏီရုံးခန်းအပါအဝင် လူနေအိပ်ဆောင်ငါးလုံး၊ဘက်ဟိုးတစ်စီး၊ ဂါလန် ၂၄၀၀ ဆံ့ ဆီလှောင်တိုင်ကီခြောက်လုံးတို့အား မီးရှို့ထွက်ပြေးခဲ့ကြကြောင်းနှင့် ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူ ၂၀ ကို ထိန်းသိမ်းထားရှိကာ မီးငြိမ်းသတ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာ၌ ဖားကန့်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သန်းဝင်းအောင်၊ လုံးခင်းနယ်မြေရဲစခန်းမှူး ဒုတိယရဲမှူး စိန်မြင့်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးယူထားလျက်ရှိကြောင်း သိရသည်။ **ဝင်းနိုင် (ကချင်မြေ)**





# ရှေ့မှသွားနေသည့်ယာဉ်ကို အရှိန်ဖြင့်ကျော်တက်သည့် ၂၂ ဘီးယာဉ် တိမ်းမှောက်ပြီး မီးလောင်မှုဖြစ်

**ပဲခူး မေ ၁၃**

ပဲခူးမြို့နယ် ဘုရားလေးကျေးရွာအနီး၌ မေ ၁၂ ရက် ညနေ ၆ နာရီခန့်က ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ၂၂ ဘီး ကုန်တင်ယာဉ်သည် ရှေ့မှသွားနေသောယာဉ်ကို အရှိန်ဖြင့်ကျော်တက်ရာမှ တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဘုရားကြီးနယ်မြေရဲစခန်းမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ သက်ကို (၂၀ နှစ်) မာလာမြိုင်ရပ်ကွက် ပန်းတောင်းမြို့နယ်နေသူ မောင်းနှင်သည့် YGN-7M/---- ၂၂ ဘီး ကုန်တင်ယာဉ်သည် အခင်းဖြစ်ပွားသည့် မိုင်တိုင် ၆၂/၃ နှင့် ၄ အကြား ရှေ့မှ မောင်းနှင်သည့် ယာဉ်ကို အရှိန်ဖြင့် ကျော်တက်စဉ် အရှိန်လွန် တိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိမ်းမှောက်စဉ် ကတ္တရာလမ်းဖြင့် ပွတ်တိုက်မှုကြောင့် ရှေ့ဦးခေါင်းပိုင်း မီးလောင်ကျွမ်းခဲ့ရာ ဘုရားကြီးမြို့မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိကာ ငြိမ်းသတ်ခဲ့ရကြောင်းနှင့် ဘုရားကြီးနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ၂၀၁၇-၂၀၁၈ ပရီမီယာလိဂ်ဘောလုံးရာသီပြီးဆုံး

၂၀၁၇-၂၀၁၈ ပရီမီယာလိဂ်ဘောလုံးရာသီ၏ ရာသီပိတ်နောက်ဆုံးပွဲစဉ် ၃၈ ကို မေ ၁၃ ရက် ည ၈ နာရီခွဲက တစ်ပြိုင်နက် ယှဉ်ပြိုင်ကစားခဲ့သည်။

ချန်ပီယံဆုဆွတ်ခူးပြီးဖြစ်သည့် မန်စီးတီးက အဝေးကွင်း၌ ဆောက်သမ်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ပဲလေ့စ်က ဝက်စ်ဘရွန်းကို နှစ်ဂိုး-ဂိုးမရှိ၊ မန်ယူက ဝက်ဖို့ဒ်ကို တစ်ဂိုး-ဂိုးမရှိ၊ နယူးကာဆယ်က ချယ်လ်ဆီးကို သုံးဂိုး-ဂိုးမရှိ၊ ဝက်စ်ဟမ်းက အဲဗာတန်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဘန်လေကို အဝေးကွင်း၌ ဘုန်းမောက်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ အာဆင်နယ်ကလည်း ဟတ်ဒါဖီးလ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဆွမ်ဆီးနှင့်စတုတ်ပွဲတွင် စတုတ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံလိဂ်အဆင့် ၃ နှင့် ၄ နေရာအတွက် လီဗာပူးနှင့် စပါးတို့က ပြိုင်ဘက်များကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး အနိုင်ယူခဲ့သည်။ လီဗာပူးက ဘရိုက်တန်ကို လေးဂိုး- ဂိုးမရှိဖြင့် အနိုင်ယူခဲ့ပြီး စပါးက လက်စတာကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ယူခဲ့သည်။

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မန်စီးတီး၊ မန်ယူ၊ စပါးနှင့်လီဗာပူးတို့ရရှိခဲ့ပြီး ယူရိုပါလိဂ်ဝင်ခွင့်အတွက် ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ရရှိကာ ဘန်လေက ခြေစစ်ပွဲဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ဆွမ်ဆီး၊ စတုတ်၊ ဝက်စ်ဘရွန်းတို့မှာ ပရီမီယာရှစ်သို့ တန်းဆင်းသွားရပြီဖြစ်သည်။

အဆင့်အလိုက် ရပ်တည်မှုအနေဖြင့် မန်စီးတီးက ရမှတ် ၁၀၀ ဖြင့် အဆင့် ၁၊ မန်ယူက ၈၁ မှတ်ဖြင့် အဆင့် ၂၊ စပါးက ၇၇ မှတ်ဖြင့် အဆင့် ၃၊ လီဗာပူးက ၇၅ မှတ်ဖြင့် အဆင့် ၄၊ ချယ်လ်ဆီး အမှတ် ၇၀ဖြင့် အဆင့် ၅၊ အာဆင်နယ်က ၆၃ မှတ်ဖြင့် အဆင့် ၆၊ ဘန်လေက ၅၄မှတ်ဖြင့် အဆင့် ၇၊ အဲဗာတန် ၄၉ မှတ်ဖြင့် အဆင့် ၈၊ လက်စတာက ၄၇ မှတ်ဖြင့် အဆင့် ၉၊ နယူးကာဆယ်က ၄၄ မှတ်ဖြင့် အဆင့် ၁၀ ရရှိခဲ့သည်။

ခရစ္စတယ်ပဲလေ့စ်က ၄၄ မှတ်ဖြင့် အဆင့် ၁၁၊ ဘုန်းမောက်က ၄၄ မှတ်ဖြင့် အဆင့် ၁၂၊ ဝက်စ်ဟမ်းက ၄၂ မှတ်ဖြင့် အဆင့် ၁၃၊ ဝက်ဖို့ဒ်က ၄၁ မှတ်ဖြင့် အဆင့် ၁၄၊ ဘရိုက်တန်က ရမှတ် ၄၀ ဖြင့် အဆင့် ၁၅၊ ဟတ်ဒါဖီးလ် ၃၇ မှတ်ဖြင့် အဆင့် ၁၆၊ ဆောက်သမ်တန်က ၃၆ မှတ်ဖြင့် အဆင့် ၁၇၊ ဆွမ်ဆီးက ၃၃ မှတ်ဖြင့် အဆင့် ၁၈၊ စတုတ်က ၃၃ မှတ်ဖြင့် အဆင့် ၁၉နှင့် ဝက်စ်ဘရွန်းက ၃၁ မှတ်ဖြင့် အဆင့် ၂၀ ရပ်တည်ခဲ့သည်။ **သီဟ**



စစ်ကိုင်းအသင်းတိုက်စစ်မှူး ဘမ်ဘာ မြဝတီဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။

## MNL ပွဲကျန်တွင် မကွေးအသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် မေ ၁၃**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၁ မှ ရွှေ့ဆိုင်းထားသည့် ရခိုင်အသင်းနှင့် မကွေးပွဲကို ယနေ့ ညနေပိုင်းက စစ်တွေမြို့ရှိ ဝေသာလီကွင်း၌ ကျင်းပရာ မကွေးအသင်းက ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မကွေးအသင်းသည် ယခုပွဲအနိုင်ရခဲ့သောကြောင့် အမှတ်ပေးဇယား ဒုတိယနေရာသို့ တက်လှမ်းနိုင်ခဲ့ပြီး ရခိုင်အသင်းမှာမူ အဆင့် (၈) နေရာရယူနိုင်မည့်အခွင့်အရေး လက်လွှတ်ခဲ့ရသည်။ မကွေးအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းမှာပင် သုံးဂိုးပြတ်အနိုင်ရနေသည်။ ရခိုင်အသင်းသည် ပထမပိုင်းတွင် ဂိုးများဆက်တိုက်ပေးခဲ့ရသောကြောင့် ဒုတိယပိုင်းတွင် နှစ်ဂိုးပြန်သွင်းနိုင်သော်လည်း အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မကွေးအသင်းအတွက် တိုက်စစ်မှူး အောင်မြင့်ထွန်း ခြေစွမ်းပြခဲ့ပြီး ၁၅၊ ၂၅၊ ၃၈ မိနစ်တွင် ဟက်ထရစ်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရခိုင်အသင်း သရေပြန်ကစားနိုင်မည့်အခွင့်အရေးပြန်ရသော်လည်း နှစ်ဂိုးအထိသာ ပြန်သွင်းနိုင်၍ အိမ်ကွင်း၌ ဂိုးပြတ်ရှုံးပွဲ ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ၅၇ မိနစ်တွင် ကောင်းမြတ်ကျော်၊ မိနစ် ၆၀ တွင် ကလစ်ဖို့ဒ်တို့က ရခိုင်အတွက် ဂိုးများပြန်သွင်းခဲ့သော်လည်း မကွေးအသင်းက ၇၄၊ ၇၅ မိနစ်တွင် နှစ်ဂိုးဆက်သွင်းကာ အနိုင်ရလဒ်ရယူသွားသည်။ မကွေးအသင်းအတွက် ဂိုးများကို ၇၄ မိနစ်တွင် စိုးမင်းအောင်၊ ၇၅ မိနစ်တွင် ဇေယျာနိုင်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

ယခုပွဲအပြီးတွင် ပထမအကျော့ပွဲအားလုံး ပြီးဆုံးသွားပြီဖြစ်ပြီး ရန်ကုန်အသင်းက ၂၆ မှတ်၊ မကွေးအသင်းက ၂၃ မှတ်၊ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်က ၂၁ မှတ်၊ ဟံသာဝတီအသင်းက ၁၈ မှတ်၊ ရတနာပုံအသင်းက ၁၇ မှတ်၊ ဧရာဝတီအသင်းက ၁၅ မှတ်၊ ဇွဲကပင်နှင့် ရခိုင်အသင်းက ၁၄ မှတ်စီ၊ Southern အသင်းက ၁၃ မှတ်၊ စစ်ကိုင်းအသင်းက ၁၀ မှတ်၊ GFA အသင်းက ကိုးမှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။

**ရဲရင့်ရှိုင်း**

❍ *ကျောဖုံးမှ*

အရှုံးပေးခဲ့ရပြီး ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။ ထိုင်းအသင်းမှာမူ နှစ်ကြိမ်ဆက် ဗိုလ်စွဲခဲ့သည်။

ပထမပိုင်းတွင် မြန်မာအသင်းသည် အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း ထိုင်းနောက်တန်း ကစားပုံကောင်းသောကြောင့် ထိရောက်သည့် ဂိုးသွင်းခွင့် မရခဲ့ပေ။ ထိုင်းအသင်းမှာလည်း မြန်မာအသင်းဘက်သို့ တိုက်စစ်ဖွင့်ကစားခြင်းမရှိဘဲ မြန်မာအသင်းခံစစ်အမှားကိုစောင့်၍ တိုက်စစ်ဆင်ခဲ့သည်။ ထို့ကြောင့် ထိုင်းအသင်းသည် ပထမပိုင်းတွင် ဂိုးသွင်းခွင့်အနည်းငယ်ရခဲ့ပြီး ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းအစတွင် ထိုင်းအသင်း အနိုင်ဂိုးရခဲ့ပြီး ပြစ်ဒဏ်ဘောမှ ပြန်လျှံထွက်လာသောဘောလုံးကို ဂျန်နီစတာက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် ကြိုးပမ်းလာသော်လည်း ထိုင်းခံစစ်က အမှားအယွင်းမရှိ ဖျက်ထုတ်နိုင်ခဲ့သည်။ ထိုင်းအသင်းသည် ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများ ရခဲ့သော်လည်း မြန်မာဂိုးသမား ကာကွယ်နိုင်ခဲ့၍ ဂိုးထပ်မပေးရခြင်းဖြစ်သည်။ ပွဲပြီးခါနီးတွင် ထိုင်းပယ်နယ်တီဧရိယာစည်းထိပ်၌ မြန်မာအသင်း ပြစ်ဒဏ်ဘောကန်ခွင့်ရခဲ့ပြီး မြတ်နိုးခင် ကန်သွင်းသော်လည်း ကန်ချက်ပျော့သွား၍ ထိုင်းဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ထိုင်းအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယ၊ ဗီယက်နမ်အသင်းက တတိယရခဲ့သည်။ **ဖိုးသော်ဇင်**

✻ *ကျောဖုံးမှ*

တတိယအချီတွင် အလဲထိုးအနိုင်ရခဲ့သောကြောင့် အောင်လအန်ဆန်ကို စိန်ခေါ်ခွင့်ရခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်နှင့် လီအန်ဒရိုတို့၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲကို ဇွန် ၂၉ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။ လီအန်ဒရိုသည် အောင်လအန်ဆန်၏ ပြိုင်ဘက်များနှင့် ထိုးသတ်ခဲ့ဖူးသလို ၁၁ ပွဲနိုင်၊ သုံးပွဲရှုံးနိမ့်ထားသည်။ လီအန်ဒရိုသည် အောင်လအန်ဆန် အနိုင်ရဖူးသည့် မိုဟာမက်အလီ (အီဂျစ်)၊ ပတ်စတာနက်ခ် (ပိုလန်)နှင့် ဗစ်တာလီဘစ်ဒက်ရှ် (ရုရှား)တို့ကို အနိုင်ထိုးသတ်ထားသည်။

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်တွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်ကို အမှတ်ဖြင့်လည်းကောင်း၊ လိုက်ဟဲဗီးဝိတ်ကမ္ဘာ့ချန်ပီယံဆုကို ယခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ဘရာဇီးနိုင်ငံသား မာချာဒိုကိုလည်းကောင်း အနိုင်ယူကာ ရရှိခဲ့ခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် ယခုနှစ်တွင် ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲ နှစ်ပွဲစလုံး ထိုးသတ်ရမည်ဖြစ်ပြီး လိုက်ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲကို စက်တင်ဘာတွင် ထိုးသတ်ရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

✪ *ကျောဖုံးမှ*

ဆုံးဖြတ်ရာ စစ်ကိုင်းအသင်းက သုံးဂိုး - ဂိုးမရှိဖြင့် နိုင်ပြီး စုစုပေါင်း ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ နောက်တစ်ဆင့်တက်ရောက်သွားသည်။ ပယ်နယ်တီကန်ရာတွင် စစ်ကိုင်းဂိုးသမား အေဇင်မျိုး လက်စွမ်းပြခဲ့ပြီး မြဝတီအသင်းမှ ကန်သွင်းသည့် သုံးဂိုးစလုံး ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။

စစ်ကိုင်းအသင်းသည် အသစ်ခေါ်ထားသည့် နိုင်ဂျီးရီးယားတိုက်စစ်မှူး ဘမ်ဘာအပါအဝင် လူစုံနီးပါးအသုံးပြုခဲ့ပြီး မြဝတီအသင်းမှာလည်း ရဲဝေယံစိုး၊ ကောင်းစည်သူ၊ ဝေယံဦးတို့ဖြင့် လူစုံခဲ့သည်။ ယခုရာသီတွင် MNL သို့ ပထမဆုံးတန်းတက်လာသည့် နှစ်သင်းတွေ့ဆုံသောပွဲဖြစ်သောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ၂၃ မိနစ်တွင် သက်ပိုင်ကိုက မြဝတီအတွက် ဦးဆောင်ဂိုး သွင်းခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ဘမ်ဘာက ခေါင်းတိုက်ပြီး ချေပဂိုး ပြန်သွင်းခဲ့သည်။

ဒုတိယပိုင်းအစတွင် စစ်ကိုင်းအသင်း ပိုဖိကစားခဲ့ပြီး ၄၈ မိနစ်တွင် ဘမ်ဘာက ဒုတိယဂိုး ထပ်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြဝတီအသင်း ချေပဂိုးရရန် ကြိုးပမ်းလာပြီး စစ်ကိုင်းခံစစ်ထိန်းချုပ်နေသော်လည်း ပွဲပြီးခါနီးတွင် ပယ်နယ်တီပေးရ၍ မြဝတီမှ ရဲဝေယံစိုးက သွင်းယူသည်။

မိနစ် ၉၀ တွင် သရေကျနေ၍ အချိန်ပို ဆက်လက်ယှဉ်ပြိုင်ရာ ဂိုးထပ်မသွင်းနိုင်၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ စစ်ကိုင်းအသင်းက သုံးဂိုးဝင်ပြီး မြဝတီအသင်းက သုံးဂိုးစလုံးလွဲချော်ခဲ့၍ စစ်ကိုင်းအသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။

အောင်ဆန်းကွင်း၌ ကျင်းပသော ပွဲတွင် Mountain Lion အသင်းက မောရဝတီအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မိနစ် ၉၀ တွင် နှစ်ဂိုးစီ သရေကျနေ၍ အချိန်ပိုယှဉ်ပြိုင်ခဲ့ရပြီး Mountain Lion အသင်းက အနိုင်ဂိုး နှစ်ဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။

ပထမအဆင့်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်၍ ဒုတိယအဆင့်အဖြစ် Southern နှင့် GFA၊ ရွှိုင်ရယ်သန်လျင်နှင့် ဧရာဝတီ၊ ဒဂုံနှင့် မကွေး၊ ရတနာပုံနှင့် စစ်ကိုင်း၊ ရခိုင်နှင့် Mountain Lion၊ ဟံသာဝတီနှင့် ဇွဲကပင် အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မြင်းခြံမြို့နယ်၊ တလုတ်မြို့၊ အထက၊ အဌမတန်းမှ မောင်မျိုးမြတ်မင်းခန့်လင်း ၉/မခန(နိုင်)၂၉၉၄၂၉၏ဖခင် ဦးနေလင်းနှင့် ဦးအောင်နေလင်း ၉/မခန(နိုင်)၀၀၀၅၅၅မှာ တစ်ဦးတည်းဖြစ်ပါသည်။

### အမည်ပြောင်း

ဦးအောင်ဌေး ၉/မခန(နိုင်)၂၄၁၃၄၇ ၏သမီး မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ အလင်းရောင်မူလတန်းကျောင်း၊ ပထမတန်းမှ မမြတ်ဆုမွန်အား ယနေ့မှစ၍ မလှလှယုမော်ဟု ပြောင်းလဲခေါ်ပါရန်။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၅၆၁၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/9915 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ခိုင်ရွှေဝါ(ဗဟိုလမ်း)၊ တိုက်အမှတ်(၁၆၂)၊ (၆)ထပ်တိုက်၏ ဝဲဘက် (ခြေရင်းခန်း) ၅-လွှာ၊ (၁၂½ ပေ× ၅၀ ပေ) အကျယ်အဝန်းရှိ တိုက်ခန်းဝယ်ယူမှုနှင့်ပတ်သက်၍**

### အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းကို ဒေါ်စန်းစန်းရီ ၁၂/အလန(နိုင်)၀၀၂၉၆၀ ကိုင်ဆောင်သူမှ ဆက်စပ်စာချုပ်များဖြင့် ၎င်းအနေဖြင့် တရားဝင်ပိုင်ဆိုင်နေထိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်စန်းနွဲ့ ၁၄/ငပတ(နိုင်)၀၁၈၃၉၅ ကိုင်ဆောင်သူမှ ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုး၏စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ တိုက်ခန်းဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း စာရွက်စာတမ်းမူရင်း အပြည့်အစုံ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ တရားဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သန်းသန်းစိုး(စဉ်-၂၈၉၈) ဒေါ်ခိုင်ကျော့ကျော့လှိုင်(စဉ်-၁၁၁၇၄)**

**တရားလွှတ်တော်ရှေ့နေများ**

**တိုက် (၉/၁၁)၊ အခန်း ၁၀၃/စီ (ပထမထပ်)၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၇၃၀၂၁၈၂၇၊ ၀၉-၂၅၀၀၂၂၈၉၂၊ ၀၉-၄၃၁၂၄၅၉၄**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၁)လမ်း၊ အမှတ် ၄၅/ခနေ ကျွန်မ ဒေါ်သီတာ ၁၂/ရကန(နိုင်)၀၅၂၀၇၆မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မ၏ သမီး မဆုရည်ဖြိုး ၁၂/ဥကတ(နိုင်)၁၉၂၈၉၅သည် မိဘ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘကို စိတ်ဆင်းရဲအောင် ပြုမူလုပ်ဆောင်နေသည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သို့ဖြစ်ပါ၍ မဆုရည်ဖြိုးနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် ၎င်းနှင့်သာ သက်ဆိုင်ပြီး မိဘထံသို့ စိတ်အနှောင့်အယှက်ဖြစ်အောင် လာရောက်ပြုမူဆောင်ရွက်သူများအား သက်ဆိုင်ရာဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း မဆုရည်ဖြိုးနှင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မိခင်-ဒေါ်သီတာ ၁၂/ရကန(နိုင်)၀၅၂၀၇၆**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ဖခင် အမည်မှန်**

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့သပ်ကျေးရွာ၊ အထက(ခွဲ)၊ အဌမတန်းမှ မိမြတ်ကလျာမွန်၏ ဖခင်အမည်မှန်မှာ ဦးစိန်လွင် ၁၀/ကမရ(နိုင်)၀၇၀၇၁၄ ဖြစ်ပါသည်။ **ဦးစိန်လွင်**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၃၀**

ဒေါ်ခင်စန်းဦး **နှင့်** ဒေါ်ခင်သင်းလှိုင်

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ နယ်မြေ(၆)၊ မြို့ပတ်လမ်း၊ အမှတ် ၂၉၉နေ တရားပြိုင် ဒေါ်ခင်သင်းလှိုင် (ယခုနေရပ် လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက (၂၇-၉-၂၀၁၆)ရက်စွဲပါ စရန်ပေး ကတိစာချုပ်ပါ စည်းကမ်းချက်အတိုင်း စရန်ငွေကျပ်သိန်း(၅၀)နှင့် ယင်းစရန်ငွေ၏နှစ်ဆဖြစ်သည့် ငွေကျပ်သိန်း(၁၀၀)၊စုစုပေါင်း ငွေကျပ်သိန်း(၁၅၀)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဇွန် ၈ရက် (၁၃၈၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် မေ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

### မသန်စွမ်းသူများအတွက် ကွန်ပျူတာနည်းပြဆရာဖြစ်သင်တန်း လျှောက်ထားနိုင်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် The Nippon Foundation တို့ ပူးပေါင်းဆောင်ရွက်သည့် မသန်စွမ်းသူများအတွက် ICT Training Center တွင် ဖွင့်လှစ်မည့် ကွန်ပျူတာနည်းပြဆရာဖြစ် သင်တန်းကို ဇွန် ၁၈ ရက်တွင် စတင်သင်ကြားပေးမည်ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ တက်ရောက်လိုသူ မသန်စွမ်းသူများနှင့် သန်စွမ်းသူများသည် အမှတ် ၆၄၊ ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၅၅၃၂၈၂၈၅၊၀၉-၈၅၅၃၂၈၂၉၆နှင့် Email- ictdevc.mmr@gmail.comသို့ အသေးစိတ် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3C/7241 Nissan Diesel Bowser ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၁၂/ကတတ(နိုင်)၀၀၄၇၃၁မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ အမှတ် ၁၄၊ နယ်မြေစစ်ကွင်းရပ်နေ ဦးမောင်လတ်-ဒေါ်မိမိခိုင်တို့၏သား မောင်အောင်ကိုကိုလတ် ၈/ခမန(နိုင်)၁၂၀၄၂၅သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်နေသည့်အတွက် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ **စုံစမ်းမေးမြန်းခြင်းသည့်ခံပါ။**

**ဦးမောင်လတ်-ဒေါ်မိမိခိုင်**

# တရုတ်နိုင်ငံ၏ပထမဆုံး ပြည်တွင်းလုပ်လေယာဉ်တင်သင်္ဘော ပင်လယ်ခရီးစဉ်လမ်းကြောင်း စတင်ထွက်ခွာ



**တာ့လျန် မေ ၁၃**

တရုတ်နိုင်ငံတွင် ပြည်တွင်း၌ ပထမဆုံးဆောက်လုပ်လိုက်သည့် လေယာဉ်တင်သင်္ဘောသည် တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် တရုတ်နိုင်ငံလျောင်နင်းပြည်နယ်အရှေ့မြောက်ပိုင်း တာ့လျန်ဆိပ်ကမ်းသင်္ဘောကျင်းမှ ပင်လယ်ခရီးစဉ် စတင်ထွက်ခွာခဲ့ကြောင်း သိရသည်။

ယင်း လေယာဉ်တင်သင်္ဘောသည် တရုတ်နိုင်ငံ၏ ဒုတိယမြောက် လေယာဉ်တင်သင်္ဘောဖြစ်သည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။ ယခုထွက်ခွာမည့် ပင်လယ်ခရီးစဉ်လမ်းကြောင်းသည် လေယာဉ်တင်သင်္ဘော၏ မောင်းနှင်အားစနစ်၏ ယုံကြည်စိတ်ချရမှု၊ တည်ငြိမ်မှုအခြေအနေနှင့် အခြားသော စက်ကိရိယာများကို စမ်းသပ်မည့် ခရီးစဉ်လမ်းကြောင်းတစ်ခုဖြစ်ကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။

လေယာဉ်တင်သင်္ဘောတည်ဆောက်မှုကို ပြီးခဲ့သည့်နှစ် ဧပြီလက စီစဉ်ထားသည့်အတိုင်း ဆောင်ရွက်ခဲ့ပြီး ပင်လယ်ပြင်၌ ရေကြောင်းခရီးစဉ် မစ်ရှင်ထွက်ခွာနိုင်ရန်အတွက် ပရိဂရမ်ပိုင်းဆိုင်ရာ အပြစ်အနာအဆာများကို ရှာဖွေဖယ်ရှားခြင်း၊ လိုအပ်သည့် ကိရိယာတန်ဆာပလာများ ထည့်သွင်းခြင်း၊ သင်္ဘောကို ကြိုးဖြင့်ဆိုင်း၍ ဆိုက်ကပ်ခြင်း စသည့်စစ်ဆေးစမ်းသပ်မှုများကိုပြီးစီးအောင် ဆောင်ရွက်ခဲ့ကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။ **ဆင်ဟွာ**

**တရုတ်နိုင်ငံ၏ ပထမဆုံးပြည်တွင်းလုပ် လေယာဉ်တင်သင်္ဘော မေ ၁၃ ရက်တွင် တာ့လျန်ဆိပ်ကမ်းမှ ခရီးစဉ်ထွက်ခွာမှုကို တွေ့ရစဉ်။**

## အိုင်အက်စ်စစ်သွေးကြွ အဖွဲ့ဝင်ရှစ်ဦးကို အီရန် သေဒဏ်ပေး

**တီဟီရန် မေ ၁၃**

ပြီးခဲ့သည့်နှစ် ဇွန်လက တီဟီရန်၌ ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုနှစ်ခုတွင် ပါဝင်ပတ်သက်နေသည့် အိုင်အက်စ်စစ်သွေးကြွအုပ်စုမှ အဖွဲ့ဝင် ရှစ်ဦးကို အီရန်က သေဒဏ်ချမှတ်လိုက်ပြီဖြစ်ကြောင်း တရားရေးဆိုင်ရာသတင်းအေဂျင်စီက တနင်္ဂနွေနေ့တွင် ဖော်ပြခဲ့သည်။

အီရန်မြေပေါ်တွင် ပထမဆုံးအကြိမ်ဖြစ်ပွားခဲ့သည့် ယင်းတိုက်ခိုက်မှုနှစ်ခုတို့မှာ အိုင်အက်စ်အဖွဲ့၏ လက်ချက်ဖြစ်ပြီး ပါလီမန်လွှတ်တော်နှင့် ဘုန်းတော်ကြီး အယာတိုလာရူဟိုလာ ခိုမီနီကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ယင်းတိုက်ခိုက်မှုအတွင်း ပြည်သူ ၁၇ ဦး သေဆုံးပြီး လူအများအပြား ဒဏ်ရာရရှိခဲ့သည်။

တရားစွဲဆိုခြင်းခံရသည့် အိုင်အက်စ်အဖွဲ့ဝင်ရှစ်ဦးတို့သည် ပုန်ကန်ထကြွမှုဖြင့် အပြစ်ရှိကြောင်း တွေ့ရှိရသည်ဟု တရားရုံးအကြီးအကဲက ပြောဆိုခဲ့မှုကို မီဇန်အွန်လိုင်းသတင်းက ကိုးကားဖော်ပြခဲ့သည်။

အမှုကို ဧပြီ ၂၈ ရက်က စတင်ကြားနာစစ်ဆေးခဲ့ခြင်းဖြစ်ပြီး ပြစ်မှုကျူးလွန်သူများသည် စီရင်ချက်ချမှတ်မှုကို အယူခံဝင်နိုင်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဇွန် ၇ရက်က ဖြစ်ပွားသည့် တိုက်ခိုက်မှုများအတွင်း တိုက်ခိုက်မှုကျူးလွန်သူငါးဦးလည်း သေဆုံးခဲ့သည်။

တရားခံများအနက် အချို့မှာ တိုက်ခိုက်မှုကျူးလွန်သူများကို အကူအညီပေးမှုဖြင့်အပြစ်ရှိကြောင်း စီရင်ဆုံးဖြတ်ခဲ့သည်။

တရားစွဲဆို ခံရသူများအနက် အချို့မှာ အီရန်၌ တိုက်ခိုက်မှု မလုပ်ဆောင်မီ ပြည်ပ၌ အိုင်အက်စ်စစ်သွေးကြွများနှင့် ဆက်သွယ်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အင်ဒိုနီးရှား၌ အသေခံဗုံးခွဲတိုက်ခိုက်မှုနှစ်ခုဖြစ်ပွားရာ ခြောက်ဦးထက်မနည်းသေဆုံး

**ဂျကာတာ မေ ၁၃**

အင်ဒိုနီးရှားနိုင်ငံအရှေ့ဂျာဗားပြည်နယ်မြို့တော်စူရာဘာယာ ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းသုံးကျောင်းတို့တွင် ဘာသာရေးဆိုင်ရာ ဆုတောင်းဝတ်ပြုမှု ပြုလုပ်နေစဉ် အသေခံဗုံးခွဲသမားများက ဗုံးခွဲတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ဗုံးခွဲတိုက်ခိုက်သူနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် လူခြောက်ဦးသေဆုံးခဲ့ကာ ၃၅ ဦးထက်မနည်း ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

ဗုံးခွဲတိုက်ခိုက်မှုသည် တနင်္ဂနွေနေ့တွင်ဖြစ်ပွားခဲ့ပြီး အာဂျူနိုလမ်းရှိ ပန်တီကိုစတာ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် လူနှစ်ဦးကို သေဆုံးစေခဲ့ပြီး၊ ဒီပန်ဂိုရိုလမ်းပေါ်ရှိ ဂျီရီကာကရီစတန် အင်ဒိုနီးရှား ဘုရားရှိခိုးကျောင်းတွင် တစ်ဦးသေဆုံးခဲ့ကာ နာဂယ် မက်ဒရာလမ်းပေါ်ရှိ ဆန်တာမာရီယာ ဘုရားရှိခိုးကျောင်းတွင် လူသုံးဦးကို သေဆုံးစေခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဖရန်စ်ဘာရန်ကပြောသည်။

ဘုရားရှိခိုးကျောင်း သုံးကျောင်းတို့တွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။ ဗုံးခွဲတိုက်ခိုက်မှုအတွင်း ထိခိုက်ခဲ့သူများကို ဆေးကုသမှုခံယူရန်အတွက် မြို့တွင်းရှိ ဆေးရုံများသို့ အလျင်အမြန် ပို့ဆောင်ခဲ့သည်။





ပထမဆုံးဖြစ်ပွားသည့် ဗုံးခွဲတိုက်ခိုက်မှုသည် ဆန်တာမာရီယာဘုရားရှိခိုးကျောင်း၌ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ငါးမိနစ်ခန့်အကြာတွင် ကျန်ပေါက်ကွဲမှုများ ဆက်လက်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗုံးခွဲသမားများသည် ဘုရားရှိခိုးကျောင်းသုံးကျောင်းတို့ရှိ နံနက်ခင်း ဆုတောင်းဝတ်ပြုမှုအစီအစဉ်၌ ဆုတောင်းဝတ်ပြုသူများအဖြစ် ဟန်ဆောင်ကာ ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။ ရဲတပ်ဖွဲ့က ဗုံးပေါက်ကွဲမှုကို စုံစမ်းစစ်ဆေးရန်အတွက် အခင်းဖြစ်ပွားသည့်နေရာတွင် လုံခြုံရေးအရတားဆီးပိတ်ဆို့ရှာဖွေမှုများ ပြုလုပ်ခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ပါရီ၌ လမ်းပေါ်သွားလာနေသူများအား ဓားဖြင့်လိုက်လံ တိုက်ခိုက်မှုဖြစ်ပွား




**ပါရီ မေ ၁၃**

ပါရီမြို့အလယ်ပိုင်း၌ ဓားကိုင်ဆောင်သူတစ်ဦးက လမ်းပေါ်သွားလာနေသူများအား လိုက်လံတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးပြီး လေးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

ဓားကိုင်တိုက်ခိုက်မှုသည် အော်ပရာခရိုင်၌ စနေနေ့ ဒေသစံတော်ချိန် ည ၉ နာရီအချိန်ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်သတင်းမီဒီယာက ဖော်ပြသည်။

ယင်းနေရာသည် အထင်ကရ ဈေးဆိုင်များနှင့် စားသောက်ဆိုင်များရှိရာ နေရာဖြစ်သည်။ ဓားဖြင့် လိုက်လံတိုက်ခိုက်ခဲ့သူသည် ရဲတပ်ဖွဲ့၏ ပစ်ခတ်ဖမ်းဆီးခြင်းကို ခံရပြီးနောက် သေဆုံးသွားခဲ့ကြောင်း ပါရီရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ ၎င်းသည် လူအုပ်ထဲတွင် ဘုရားရှင်သည် အကြီးမြတ်ဆုံးဟု အော်ဟစ်ခဲ့ကြောင်းနှင့် အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုဖြစ်နိုင်သည့်အတွက် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း တာဝန်ရှိသူများက သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များအား ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်း အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများ၏ တိုက်ခိုက်မှုအများအပြား ဖြစ်ပွားခဲ့သည်။ မတ်လအတွင်းက ကာကက်ဆိုနီမြို့ တောင်ပိုင်းတွင် သေနတ်သမားတစ်ဦး၏ တိုက်ခိုက်မှုကြောင့် လူလေးဦးသေဆုံးခဲ့ပြီး သေနတ်သမားက ၎င်းသည် အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွအုပ်စုမှ အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ၊ ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### တိုက်ခိုက်ရေးလေယာဉ်များကို တရုတ် လေ့ကျင့်ပျံသန်း

**ပေကျင်း မေ ၁၃**
တရုတ် ပြည်သူ့လွတ်မြောက်ရေး တပ်မတော် လေတပ်သည် လေယာဉ် လေ့ကျင့် စမ်းသပ်မောင်းနှင်မှုများကို တရုတ်နိုင်ငံ၏ ကျွန်းတစ်ခုပေါ်တွင် ပြုလုပ်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။

အက်စ်ယူ-၃၅ ဂျက်လေယာဉ်သည် ဘာရှီရေလက်ကြားပေါ်၌ H-6 KS လေယာဉ်များနှင့် တွဲဖက်ကာ လေ့ကျင့် စမ်းသပ် မောင်းနှင်ပျံသန်းမှုများကို ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

အကယ်၍ လေ့ကျင့်ပျံသန်းမှုသာ အောင်မြင်ခဲ့မည်ဆိုပါက ရေလက်ကြား အနီးဝန်းကျင်တစ်ဝိုက်၌ လှည့်ကင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြည်သူ့လွတ်မြောက်ရေးတပ်မတော် လေတပ်မှ တာဝန်ရှိသူတစ်ဦးက မကြာသေးမီက ပြောခဲ့သည်။

အရှေ့ပိုင်းဌာနချုပ်နှင့် တောင်ပိုင်း ဌာနချုပ်တို့က ထိုသို့ လေ့ကျင့်မှုများ ပြုလုပ်နိုင်ရန်အတွက် တပ်ဖွဲ့ဝင်များကို စေလွှတ်ခဲ့ကြောင်း သိရသည်။ H-6 KS ဗုံးကြဲလေယာဉ်များသည် လေ့ကျင့်မှုကို အက်စ်ယူ-၃၅ တိုက်ခိုက်ရေးလေယာဉ်များနှင့် ပူးတွဲကာ တစ်ပြိုင်နက်တည်း လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

---

### အာဖဂန်မဲစာရင်းမှတ်ပုံတင်သည့် ကာလကို ထပ်မံတိုးမြှင့်

**ကဘူးလ် မေ ၁၃**
မဲပေးမှုနှင့်သက်ဆိုင်သည့် အကြမ်းဖက်မှုများတွင် အရပ်သားရာပေါင်းများစွာ အသတ်ခံရခြင်းနှင့် ဒဏ်ရာရရှိခြင်းများကြောင့် အာဖဂန်ပြည်သူများအတွက် မဲစာရင်းမှတ်ပုံတင်ခြင်းကို အောက်တိုဘာ ၂၀ ရက်အထိ တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက မေ ၁၁ ရက်တွင် ကြေညာခဲ့သည်။

ကာလရှည်ကြာ နှောင့်နှေးကြန့်ကြာခဲ့သော လွှတ်တော်နှင့် ပြည်နယ်ကောင်စီ ရွေးကောက်ပွဲများအတွက် စာရင်းသွင်းခြင်းများကိုလည်း ဧပြီ ၁၄ ရက်တွင် စတင်ခဲ့ပြီး ဇွန်လ အလယ်လောက်တွင် အပြီးသတ်ရန် လျာထားကြောင်း သိရသည်။

မေ ၁၀ ရက်အထိ အရွယ်ရောက်ပြီးသူ ၁ ဒသမ ၅ သန်းကျော် မဲပေးရန် လက်မှတ်ရေးထိုးခဲ့ကြောင်း လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများက အေအက်ဖ်ပီသတင်းဌာနသို့ ပြောခဲ့သည်။ ကွဲထွက်နေသော ပြည်သူပေါင်း ၁၄ သန်းခန့်သည် နှစ်လတာ အချိန်အတွင်း၌ မှတ်ပုံတင်ခြင်းပြီးဆုံးမည်ဟု ခန့်မှန်းရသည်။

အာဖဂန်နစ္စတန် ရွေးကောက်ပွဲကော်မရှင်သည် ဆန္ဒမဲမှတ်ပုံတင်ခြင်းကိစ္စကို နောက်ထပ်တစ်လတာ အချိန်တိုးမြှင့်ခဲ့ကြောင်း လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်တွင် ဖော်ပြခဲ့သော်လည်း မည်သည့်အတွက်ကြောင့် ထိုသို့ ဆုံးဖြတ်ချက် ချခဲ့ခြင်းကိုမူ ဖော်ပြခြင်းမရှိပေ။

အာဖဂန်ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲ၏ ယုံကြည်ချက်စံနှုန်းများ ထိခိုက်မည်ကို စိုးရိမ်နေကြောင်း သိရသည်။ **အေအက်ဖ်ပီ**

---

# သမိုင်းတွင်မယ့် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေး

**တင်လင်းအောင်**



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းဟာ တရုတ်နိုင်ငံကို သွားရောက်ပြီး နောက်မှာတော့ အမေရိကန်သမ္မတရဲ့ ရည်မှန်းချက်ဖြစ်တဲ့ မြောက်ကိုရီးယား နျူကလီးယားလက်နက်စွန့်လွှတ်ရေးဟာ ရုပ်လုံးပေါ်လာတော့မယ်လို့ ယူဆရကြောင်း the Financial Times မှ လေ့လာစောင့်ကြည့်သူတစ်ဦးက ဆိုပါတယ်။

**ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းရေး ရုပ်လုံးပေါ်လာပြီ**

အခုတော့ ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းဖို့ တကယ်ပဲရုပ်လုံးပေါ်လာခဲ့ပြီလို့ ပြောရတော့မှာပဲ ဖြစ်ပါတယ်။

မြောက်ကိုရီးယားနိုင်ငံအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ နည်းဗျူဟာတွေဟာ တကယ်ပဲ အလုပ်ဖြစ်လာခဲ့ပါတယ်။ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်း တရုတ်နိုင်ငံကို သွားရောက်လည်ပတ်ပြီးတဲ့နောက်မှာ အခုလို ကောင်းမွန်တဲ့ အခြေအနေတွေ ဖြစ်ပေါ်တိုးတက်လာခဲ့ပါတယ်။

အမေရိကန်သမ္မတအဖြစ် တာဝန်ယူချိန်ကတည်းက ဒေါ်နယ်ထရန့်ရဲ့ မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ နည်းဗျူဟာတွေဟာ တဖြည်းဖြည်းသိသာထင်ရှားလာတယ်လို့ ပြောရပါမယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ သူ့နိုင်ငံကို တိုက်ရိုက်ခြိမ်းခြောက်လာတဲ့ မြောက်ကိုရီးယားနိုင်ငံရဲ့ နျူကလီးယားလက်နက်စွန့်လွှတ်ဖို့ အလေးအနက် တိုက်တွန်းခဲ့တာတွေကို ယခင်က သတင်းတွေမှာ ခဏခဏ တွေ့ရမှာ ဖြစ်ပါတယ်။

**ခါတ်မတည့်တဲ့ နိုင်ငံတွေ**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ အမေရိကန်ပြည်ထောင်စုသမ္မတ ဒေါ်နယ်ထရန့်တို့ဟာ တစ်ဖက်နဲ့တစ်ဖက် လအတော်ကြာ ကျီစယ်မှုတွေ၊ အပြန်အလှန် ခြိမ်းခြောက်မှုတွေ၊ စကားလုံးစစ်ထိုးမှုတွေ လုပ်ခဲ့ပါတယ်။ အဲလို ခါတ်မတည့်တဲ့ တစ်ဖက်နဲ့တစ်ဖက်ဟာ အခုတော့ မေလမှာ အစည်းအဝေးတစ်ရပ်ကျင်းပဖို့ သဘောတူညီချက်တစ်ရပ် ရရှိခဲ့ပါပြီ။ အမေရိကန်နဲ့ မြောက်ကိုရီးယားတို့ရဲ့နှစ်နိုင်ငံတွေ့ဆုံမှု ထိပ်သီးအစည်းအဝေးကို ဇွန်လ ၁၂ ရက်နေ့မှာ စင်ကာပူမှာ ကျင်းပမှာ ဖြစ်ပါတယ်။

**အသိအမှတ်ပြု ခြေလှမ်းတစ်ခု**

ဒါကိုကြည့်ခြင်းအားဖြင့် မြောက်ကိုရီးယားဟာ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့ သူ့ရဲ့ နျူကလီးယား အစီအစဉ်ရပ်တန့်ရေး အသိအမှတ်ပြု ခြေလှမ်းတစ်ခု စတင်လျှောက်လှမ်းနေပြီလို့ ဆိုရမှာဖြစ်ပါတယ်။

ယခင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့ နောက်ဆုံး မတတ်သာတဲ့အဆုံးမှာ စစ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုမျိုးကိုတောင် ပြုလုပ်ခဲ့ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ မြောက်ကိုရီးယားရဲ့ အနီးစပ်ဆုံး မဟာမိတ်ဖြစ်တဲ့ တရုတ်နိုင်ငံကိုတောင် ပါဝင်စေချင်တဲ့သဘောရှိတာကို တွေ့ရပါတယ်။

ထို့အပြင် သံတမန်ရေးရာနဲ့ စီးပွားရေးဆိုင်ရာတွေမှာလည်း ခြိမ်းခြောက်မှုတွေ လုပ်ခဲ့ပါသေးတယ်။ မြောက်ကိုရီးယားဟာ သူ့ရဲ့ရည်မှန်းချက်ဖြစ်တဲ့ နျူကလီးယားနိုင်ငံတော်ကြီး ပေါ်ပေါက်လာရေး အစီအစဉ်ကို ဘယ်တော့မှ လက်လျှော့မှာ မဟုတ်ဘူး။ သူ့ရဲ့ နျူကလီးယားအစီအစဉ်နဲ့ပတ်သက်ပြီး ဆွေးနွေးစရာတွေ မရှိဘူးလို့ တစ်ချိန်က မလျှော့တမ်းပြောခဲ့ပေမယ့် တစ်ဖက်နဲ့တစ်ဖက် မည်သို့ပင် ဆိုခဲ့ဆိုခဲ့ အခုတော့ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးအတွက် မတူတာတွေဘေးဖယ်ပြီး နှစ်နိုင်ငံအနေနဲ့ ဇွန်လ ၁၂ ရက်နေ့မှာ စင်ကာပူနိုင်ငံမှာ တွေ့ဆုံမယ်ဆိုတဲ့သတင်းကို ကြားသိရတာ အတိုင်းမသိဝမ်းသာရမယ့် ကိစ္စတစ်ခုပါပဲ။ ရည်ရွယ်ချက်ကတော့ မြောက်ကိုရီးယားကို နျူကလီးယားကင်းစင်ဖို့ပဲ ဖြစ်ပါတယ်။

**ဖြေရှင်းလို့ရတဲ့ ကိစ္စ**

အနှစ်နှစ်အလလက ရည်မှန်းခဲ့တဲ့ ကိုရီးယားကျွန်းဆွယ်တည်ငြိမ်အေးချမ်းရေးရည်မှန်းချက်ဟာ အခုတော့ အကောင်အထည်ပေါ်လာပါပြီ။ တရုတ်နိုင်ငံကို မြောက်ကိုရီးယားခေါင်းဆောင် သွားရောက်ပြီး ပြန်လာခါနီး ထုတ်ပြန်ကြေညာချက်မှာ ဘာပြောခဲ့သလဲဆိုရင် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးကိစ္စဟာ ဖြေရှင်းလို့ရတဲ့ ကိစ္စဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

အခုလိုမျိုး ထုတ်ပြန်ကြေညာချက်မှာ ပြောခဲ့တာကိုကြည့်ရင် နျူကလီးယားကင်းစင်ဖို့ စကားဦးသမ်းခဲ့တယ်ဆိုတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ သို့သော်လည်း တကယ့်လက်တွေ့မှာတော့ တော်တော့်ကို ဖြေရှင်းရမယ့်ကိစ္စပဲ ဖြစ်ပါတယ်။ မြောက်ကိုရီးယားခေါင်းဆောင်ရဲ့ထုတ်ပြန်ကြေညာချက်မှာ ပြောသွားခဲ့တာဟာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းတစ်ရပ်လည်း ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ကိုရီးယားကျွန်းဆွယ်မှာ ဖြန့်ကြက်ထားတဲ့ အမေရိကန်တပ်ဖွဲ့တွေကို ပြန်လည်ရုပ်သိမ်းစေချင်တဲ့သဘောလည်း ပါဝင်လို့ပဲ ဖြစ်ပါတယ်။

အခုအချိန်အထိ ဘယ်အမေရိကန်အစိုးရတပ်တွေမှ ရုပ်သိမ်းဖို့ မစဉ်းစားသေးပါဘူး။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ ဒီကိစ္စကို ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်သင့်ပြီး သူ့ရဲ့ သမားရိုးကျမဟုတ်တဲ့ နိုင်ငံခြားရေးရာမူဝါဒကလည်း စဉ်းစားရကျပ်စေတဲ့ အခြေအနေတစ်ခု ဖြစ်နေပါတယ်။

**သံခင်းတမန်ခင်း ဖြစ်ပေါ်တိုးတက်မှု**

အမေရိကန်- မြောက်ကိုရီးယား တွေ့ဆုံဆွေးနွေးပွဲရဲ့ အလားအလာဟာ နှစ်နိုင်ငံကြား အေးခဲနေတဲ့ အခြေအနေတွေကို ကောင်းမွန်တဲ့ဘက်ကို စတင်ရောက်ရှိစေမယ့် အနေအထားကို ဖြစ်ပေါ်စေမယ်လို့ ယူဆရပါတယ်။ ကိုရီးယားကျွန်းဆွယ်မှာ ငြိမ်းချမ်းမှုကို ရှာဖွေတဲ့နေရာမှာ တကယ့် သံခင်းတမန်ခင်း ဖြစ်ပေါ်တိုးတက်မှုကိုလည်း မဖြစ်မနေ ထည့်သွင်းရမှာ ဖြစ်ပါတယ်။

နှစ်နိုင်ငံ တကယ့်တွေ့ဆုံညှိနှိုင်းမယ့် ရလဒ်ဟာ ကိုရီးယားကျွန်းဆွယ်နျူကလီးယားကင်းစင်ဖို့၊ နောက်ထပ် နျူကလီးယားထိပ်ဖူးတပ် တာဝေးပစ်ဒုံးကျည် လက်နက်ဆိုင်ရာ နည်းဗျူဟာ စမ်းသပ်လုပ်ဆောင်မှုတွေကို အဆုံးသတ်ဖို့၊ အမေရိကန်ပြည်ထောင်စု၊ ကမ္ဘာ့နိုင်ငံတွေနဲ့ မြောက်ကိုရီးယားနိုင်ငံတို့ကြား ရန်လိုတင်းမာမှုတွေအပေါ် နိဂုံးချုပ်ဖို့ကို အဓိကဦးစားပေး ဆွေးနွေးသွားရမှာပဲ ဖြစ်တယ်လို့ ၁၉၉၄ ခုနှစ် နျူကလီးယားပဋိပက္ခအတွင်း မြောက်ကိုရီးယားနဲ့ ဆွေးနွေးညှိနှိုင်းမှုလုပ်ခဲ့တဲ့ အမေရိကန် ညှိနှိုင်းဆွေးနွေးရေးအကြီးအကဲဖြစ်သူ ရောဘတ်ကလော့စီက ပြောခဲ့ပါတယ်။

**သမိုင်းအလှည့်အပြောင်းတစ်ခု**

စစ်အေးခေတ်ထဲက အပေါက်အလမ်းမတည့်ခဲ့တဲ့ ဒီနှစ်နိုင်ငံ ဘယ်လိုပဲဖြစ်ဖြစ် အခုတော့ နှစ်နိုင်ငံခေါင်းဆောင်တွေအနေနဲ့ နောက်ဆုံးမှာ အနည်းဆုံးတော့ အပေါက်လမ်းတည့်ပြီး အစေးကပ်တဲ့အခွင့်အရေးတော့ ရရှိလာခဲ့ကြတာပဲဆိုတာ အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာ့သမိုင်းစာမျက်နှာရဲ့ကံကြမ္မာ အဆိုးအကောင်းကို ဝေဖန်ပိုင်းခြားမယ့် အလှည့်အပြောင်းတစ်ခုလည်း ဖြစ်လာနိုင်တယ်ဆိုတာလည်း ငြင်းမရပါဘူး။

၁၉၅၀ ပြည့် အစောပိုင်းနှစ်များက ကိုရီးယားကျွန်းဆွယ်မှာ ဖြစ်ပွားခဲ့တဲ့ စစ်ပွဲဟာ နောက်ဆုံးမှာ စစ်ပွဲရပ်ဆိုင်းရေး နားလည်မှုစာချုပ်နဲ့ ပြီးဆုံးခဲ့ပါတယ်။ ငြိမ်းချမ်းရေးလိုလားတဲ့ တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်း ဦးဆောင်တဲ့ တောင်ကိုရီးယားအစိုးရဟာ မြောက်ကိုရီးယားနိုင်ငံနဲ့ စီးပွားရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုတွေ၊ လူလူချင်းဆက်ဆံမှုတွေကို အာသီသပြင်းပြစွာနဲ့ လုပ်ဆောင်ဖို့ စိတ်အားထက်သန်လျက်ရှိပါတယ်။

ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးမှာ အဓိကနေရာက ပါဝင်ခဲ့တဲ့ သမ္မတရှီကျင့်ဖျင်ဦးဆောင်တဲ့ တရုတ်အစိုးရကလည်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းရဲ့တရုတ်ခရီးစဉ်အပေါ် သဘောကျ ကျေနပ်ခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ မြောက်ကိုရီးယားနဲ့ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိတာကြောင့် ကိုရီးယားကျွန်းဆွယ်မှာ စစ်ပွဲဖြစ်ပွားခဲ့ပါက အဲဒါဟာ တရုတ်နိုင်ငံကို အဓိကခြိမ်းခြောက်လာမယ့် အရေးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးရဖို့ အရေးမှာ တရုတ်နိုင်ငံကလည်း လှုံ့လပြုပေးရမှာပဲ ဖြစ်ပါတယ်။

ပြီးတော့လည်း မြောက်ကိုရီးယားနိုင်ငံကို ဝင်လာတဲ့ ကုန်သွယ်မှု စီးဆင်းမှု ၉၀ ရာခိုင်နှုန်းဟာ တရုတ်နိုင်ငံကို ကျော်ဖြတ်ပြီး ဝင်လာတာပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း တရုတ်နိုင်ငံဟာ မြောက်ကိုရီးယားနိုင်ငံအတွက် အဓိကအရေးပါတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တာကြောင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းဟာ တရုတ်နိုင်ငံကို အရင်ဆုံး သွားရောက်လည်ပတ်ပြီး တရုတ်သမ္မတ ရှီကျင့်ဖျင်နဲ့ တွေ့ဆုံခဲ့တယ်လို့ သုံးသပ်ရမှာပဲ ဖြစ်ပါတယ်။

မည်သို့ပင်ဆိုစေ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ သူ့အနေနဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ နျူကလီးယားကင်းစင်ရေးကိစ္စနဲ့ပတ်သက်ပြီး သဘောတူညီချက်တစ်ရပ် ရရှိတော့မယ်လို့ မျှော်လင့်ပါတယ်။ မြောက်ကိုရီးယားနဲ့ သဘောတူညီချက်ဟာ အမှန်တကယ်ကို အကျိုးရှိလာမှာဖြစ်လို့ အကယ်၍ အောင်မြင်စွာပြီးဆုံးခဲ့မယ်ဆိုပါက ကမ္ဘာကြီးအတွက် ကောင်းမွန်တဲ့ ကိစ္စတစ်ခုဖြစ်လာမှာဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောခဲ့ပါတယ်။ ။

**ကိုးကား- ချန်နယ်နယူးအေးရှ**

> **“မြောက်ကိုရီးယားဟာ သူ့ရဲ့ရည်မှန်းချက်ဖြစ်တဲ့ နျူကလီးယားနိုင်ငံတော်ကြီး ပေါ်ပေါက်လာရေးအစီအစဉ်ကို ဘယ်တော့မှ လက်လျှော့မှာမဟုတ်ဘူး။ သူ့ရဲ့ နျူကလီးယားအစီအစဉ်နဲ့ပတ်သက်ပြီး ဆွေးနွေးစရာတွေ မရှိဘူးလို့ တစ်ချိန်က မလျှော့တမ်းပြောခဲ့ပေမယ့် တစ်ဖက်နဲ့တစ်ဖက် မည်သို့ပင် ဆိုခဲ့ဆိုခဲ့ အခုတော့ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးအတွက် မတူတာတွေဘေးဖယ်ပြီး နှစ်နိုင်ငံအနေနဲ့ ဇွန်လ ၁၂ ရက်နေ့မှာ စင်ကာပူနိုင်ငံမှာ တွေ့ဆုံမယ်ဆိုတဲ့သတင်းကို ကြားသိရတာဖြင့် အတိုင်းမသိ ဝမ်းသာရမယ့် ကိစ္စတစ်ခုဖြစ်”**

# တံတားကြီးများ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

(စ) တံတားကြီးအင်္ဂါရပ်များကို အဆင့်မြှင့်တင် တည်ဆောက်ရာတွင် လည်းကောင်း၊ တိုးချဲ့တည်ဆောက်ရာတွင် လည်းကောင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် ဖျက်သိမ်းခြင်း ဆောင်ရွက်ရာတွင် လည်းကောင်း၊ တံတားကြီးပေါ်၌ ဖြတ်သန်းသွားလာမှုကို လိုအပ်ပါက ယာယီအစီအစဉ်အရပိတ်ခြင်း၊ အချိန်ကာလသတ်မှတ်၍ ပိတ်ထားခြင်းနှင့် တံတားခေတ္တပိတ်ထားစဉ်တွင် သွားလာရန် လမ်းလွှဲပြုလုပ်ပေးခြင်းနှင့် လမ်းလွှဲတံတား ဖောက်လုပ်ခြင်း၊

(ဆ) တံတားကြီးပျက်စီးခြင်းမှကာကွယ်ရန် လိုအပ်သည့် တားမြစ်ချက်များ ထုတ်ပြန်ခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူစေရန် ဆောင်ရွက်ခြင်း၊ တံတားကြီးအင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်မှုရှိ မရှိ စိစစ်ကြီးကြပ်ခြင်း၊

(ဇ) တံတားကြီးပေါ်တွင် အများဆုံးမောင်းနှင်ခွင့်ပြုမည့် တံတားခံနိုင်ဝန်နှင့် အများဆုံးခွင့်ပြုနိုင်သည့် မော်တော်ယာဉ်၊ စက်ယန္တရားနှင့် ရထားများ၏ အတိုင်းအတာကို သတ်မှတ်ကြေညာခြင်း၊

(ဈ) တံတားကြီးပေါ်တွင် မော်တော်ယာဉ်၊ ရထားနှင့် အခြားယာဉ်များ မောင်းနှင်ရမည့် အမြန်နှုန်းနှင့် လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ည) တံတားကြီးပေါ်၌ မော်တော်ယာဉ်၊ ရထားနှင့် အခြားယာဉ်များ မတော်တဆမှုများ လျော့နည်းစေရေး၊ မလိုလားအပ်သော ဒုစရိုက်မှုများ၊ အညစ်အကြေးနှင့် အမှိုက်စွန့်မှုများ၊ တံတားအစိတ်အပိုင်းများ မဖျက်ဆီးနိုင်ရေးအတွက် အစိုးရဌာနများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဋ) တံတားကြီးအသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့ တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ သတိပေးခြင်း၊ သတင်းထုတ်ပြန်အသိပေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း။

**အခန်း(၅)**

**စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များ**

၇။ တံတားကြီးများကို အသုံးပြုသူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်-

(က) တံတားကြီးပေါ်တွင် သတ်မှတ်ထားသော လမ်းညွှန်ဆိုင်းဘုတ်များအတိုင်း ဝင်ခြင်း၊ ထွက်ခြင်း ၊ ဆက်သွယ်ကူးပြောင်းသွားလာခြင်း၊

(ခ) တံတားကြီးပေါ်တွင် သတ်မှတ်ချက်များနှင့် ကိုက်ညီသော မော်တော်ယာဉ်နှင့် စက်ယန္တရားအမျိုးအစားများသာ မောင်းနှင်ခြင်း၊ လူများသည် လူသွားစင်္ကြံလမ်းအတိုင်းသာ အသုံးပြုခြင်း၊

(ဂ) တံတားကြီးအောက်ရှိ ရေလမ်းကြောင်းများတွင် ဖြတ်သန်းသွားလာသော ရေယာဉ်များသည် သတ်မှတ်ရေလမ်းကြောင်းများမှ သတ်မှတ်ချက်များအတိုင်း သွားလာခြင်း၊

(ဃ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်ထားသည့် တံတားကြီးများ အသုံးပြုခြင်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာခြင်း။

၈။ တံတားကြီးများကိုအသုံးပြုသော မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထားနှင့် အနေးယာဉ်များသည် -

(က) ဦးစီးဌာနက ခွင့်ပြုသည့် ဝန်အလေးချိန်၊ အတိုင်းအတာ၊ သတ်မှတ်အမြန်နှုန်းနှင့် သတ်မှတ်အကွာအဝေးအတိုင်း မောင်းနှင်ရမည်။

(ခ) လိုအပ်သည့်နေရာများ၊ တံတားအကွေ့နေရာများတွင် သတိပေးညွှန်ပြထားသည့်အတိုင်းသာ မောင်းနှင်ရမည်။

(ဂ) ရာသီဥတုဆိုးရွား၍ ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ၊ မြင်ကွင်းမကောင်းသည့်အခါများတွင် ဘေးအန္တရာယ်ကင်းရှင်းနိုင်သည့် အမြန်နှုန်းထက် ပိုမမောင်းရ။

(ဃ) တံတားကြီးပေါ်တွင် တာဝန်မှအပ မည်သည့်အကြောင်းကြောင့်မှ ရပ်ခြင်း၊ ရပ်ဆိုင်းခြင်းမပြုရ။ စက်ချွတ်ယွင်း၍ရပ်နားရလျှင် အမြန်ဆုံးဖယ်ရှားပေးရမည်။

(င) သတ်မှတ်ချက်ထက် ကျော်လွန်မှုများရှိပါက အကျိုးအကြောင်း ခိုင်လုံစွာဖြင့် ဝန်ကြီးဌာနထံ ကြိုတင်တင်ပြ၍ ခွင့်ပြုချက်ရရှိနိုင်ရေး ဆောင်ရွက်ရမည်။

**အခန်း(၆)**

**တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်းများ**

၉။ ဦးစီးဌာနသည် ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် တံတားကြီးနယ်နိမိတ်အတွင်းတွင် -

(က) တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်းကို တည်ဆောက်ခြင်း၊ တည်ဆောက်စေခြင်းပြုနိုင်သည်။

(ခ) တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်းများတွင် သိုလှောင်ရုံ၊ အလုပ်ရုံ၊ အုပ်ချုပ်ထောက်ပံ့မှုနှင့် လုံခြုံရေးအတွက် လိုအပ်သည့် အဆောက်အအုံကို တည်ဆောက်ခြင်း၊ တည်ဆောက်ခွင့်ပြုခြင်း၊ ယင်းကိုစီမံခန့်ခွဲခြင်း၊ လိုက်နာရမည့်အချက်များ သတ်မှတ်ခြင်းပြုနိုင်သည်။

(ဂ) ဦးစီးဌာန၏ ဝန်ထမ်းများနေထိုင်ရန် အိမ်ရာ၊ အထောက်အကူပြုအဆောက်အအုံ ဆောက်လုပ်နိုင်သည်။

**အခန်း(၇)**

**တားမြစ်ချက်များ**

၁၀။ မည်သည့်မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထား သို့မဟုတ် အနေးယာဉ်မျှ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းစသည့် လုပ်ငန်းဆောင်ရွက်နေသော တံတားကြီးများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ရပ်နားခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်း မပြုရ။

၁၁။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုလုပ်ရ-

(က) တံတားကြီးအင်္ဂါရပ်ကို ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ တံတားရေရှည်တည်တံ့ခိုင်မြဲမှုကို ထိခိုက်စေမည့် အပြုအမူများ ပြုလုပ်ခြင်း၊

(ခ) တံတားကြီးအင်္ဂါရပ်ကိုဖယ်ရှားခြင်း သို့မဟုတ် မော်တော်ယာဉ်နှင့် လူများသွားလာမှုကို အဟန့်အတားဖြစ်စေခြင်း၊

(ဂ) တံတားကြီးနယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက်စိုက်ပျိုးခြင်း၊ နေထိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊

(ဃ) တံတားကြီးနယ်နိမိတ်အတွင်း ရေယာဉ်ဆိုက်ကပ်ခြင်း၊ ကုန်ပစ္စည်းနှင့် လူအတင်အချပြုလုပ်ခြင်း၊အခြားနည်း အသုံးပြုခြင်း၊

(င) တံတားကြီးကို အသုံးပြုသွားလာနေသည့် မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထားနှင့် အနေးယာဉ် စီးနင်းလိုက်ပါသူများကို အန္တရာယ်ဖြစ်စေရန် ဆောင်ရွက်ခြင်း၊

(စ) တံတားကြီး၏လူသွားစင်္ကြံကို အသုံးပြုသူများအား နှောင့်ယှက်တားဆီးခြင်း၊ အန္တရာယ်ဖြစ်စေရန် ဆောင်ရွက်ခြင်း၊

(ဆ) တံတားကြီးပေါ်တွင် အညစ်အကြေးစွန့်ခြင်း၊ အမှိုက်စွန့်ပစ်ခြင်း၊ တစ်ဦးချင်းသော် လည်းကောင်း၊ အုပ်စုဖွဲ့၍ သော်လည်းကောင်း စားသောက်နေထိုင်ခြင်း၊ သောက်စားမူးယစ်ရမ်းကားခြင်း။

(ဇ) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့ တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(ဈ) တံတားကြီးပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုကြောင်း သတ်မှတ်ထားသည့် မော်တော်ယာဉ်၊ ရထား၊ စက်ယန္တရား၊ ဘီးအမျိုးအစား၊ ဝန်တင်အလေးချိန်ပါယာဉ်၊ သတ်မှတ်ခွင့်ပြုထားသည့် တံတားခံနိုင်ဝန်ထက်ပိုမိုသောယာဉ်များ မောင်းနှင်ခြင်း၊

(ည) တံတားကြီးပေါ်တွင် မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထားနှင့် အနေးယာဉ်သွားလာမှုကို အနှောင့်အယှက်ဖြစ်စေခြင်း၊ ဈေးရောင်းခြင်း၊

(ဋ) တံတားကြီးနယ်နိမိတ်အတွင်း ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊ လက်ကမ်းကြော်ငြာများ ကပ်ခြင်း၊

(ဌ) တံတားကြီးအစိတ်အပိုင်းများအပေါ်တွင် ပန်းချီရေးဆွဲခြင်း၊ စာရေးသားခြင်း သို့မဟုတ် ညစ်ပေစေခြင်း၊

(ဍ) တံတားကြီးနယ်နိမိတ်အတွင်း၌ ဓာတ်ငွေ့ သို့မဟုတ် စက်သုံးဆီအရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်း။

၁၂။ မည်သူမျှ ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကို မပြုလုပ်ရ -

(က) တံတားကြီးပေါ်ဖြတ်သန်း၍ ရေနံနှင့်ဓာတ်ငွေ့ပိုက်၊ ရေပိုက်၊ လျှပ်စစ်မီးကြိုး၊ ဆက်သွယ်ရေးဆိုင်ရာကြိုးလိုင်း တစ်စုံတစ်ရာ ဆောက်လုပ်ခြင်း၊

(ခ) တံတားကြီးနယ်နိမိတ်အတွင်း အဆောက်အအုံ၊ တာဝါတိုင်၊ မြေအောက်ပိုက်လိုင်း၊ ဆက်သွယ်ရေးဆိုင်ရာ ကြိုးလိုင်းများ ဆောက်လုပ်ခြင်း၊

(ဂ) တံတားကြီး၏ရေစုန်ဘက်နှင့် ရေဆန်ဘက်တွင် သတ်မှတ်ထားသော အကွာအဝေးအတွင်း တံတား၏ကြံ့ခိုင်မှုကို ထိခိုက်စေနိုင်သော သဲ၊ ကျောက်စရစ်တူးဖော်ခြင်း၊ ရေယာဉ်ဆိပ်ကမ်းအဖြစ်အသုံးပြုခြင်း၊ ဘေးဖြစ်စေတတ်သော စက်သုံးဆီ၊ ဓာတုဗေဒပစ္စည်းများ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း ။

**အခန်း(၈)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၁၃။ မည်သူမဆို ပုဒ်မ ၁၀ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊အနည်းဆုံး ကျပ်ငါးသောင်းမှအများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၄။ မည်သူမဆို-

(က) ပုဒ်မ ၁၁(က)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး၏နှစ်ဆကို ပေးလျော်စေရမည်။

(ခ) ပုဒ်မ ၁၁ (ခ) မှ (ဆ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်သိန်းနှစ်ဆယ် အထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး၏ နှစ်ဆကို ပေးလျော်စေရမည်။

(ဂ) ပုဒ်မ ၁၁ (ဇ) မှ (ဍ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး၏ နှစ်ဆကို ပေးလျော်စေရမည်။

၁၅။ မည်သူမဆို ပုဒ်မ ၁၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး၏ နှစ်ဆကို ပေးလျော်စေရမည်။

၁၆။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလိုက်နာရန် ပျက်ကွက်လျှင် ထိုပြစ်မှုအတွက် သီးခြားပြစ်ဒဏ် ပြဋ္ဌာန်းထားခြင်းမရှိပါက ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး၏ နှစ်ဆကို ပေးလျော်စေရမည်။

**အခန်း(၉)**

**အထွေထွေ**

၁၇။ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်နှင့် အရေးပေါ်ကိစ္စရပ်များအတွက် အသုံးပြုသည့်ယာဉ်သည် တံတားပေါ်တွင် အန္တရာယ်မဖြစ်နိုင်သည့် အမြန်နှုန်းဖြင့် မောင်းနှင်ရမည်။

၁၈။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်း တစ်ခုခုသည် မိမိဌာန၊ အဖွဲ့အစည်း၏လုပ်ငန်းလိုအပ်ချက်အရ တံတားကြီးကိုဖြတ်သန်း၍တံတားပေါ်တွင် ရေနံနှင့် ဓာတ်ငွေ့ပိုက်၊ ရေပိုက်၊ လျှပ်စစ်မီးကြိုး၊ ဆက်သွယ်ရေးဆိုင်ရာ ကြိုးလိုင်းတစ်စုံတစ်ရာဆောက်လုပ်ခြင်း ပြုလုပ်လိုပါက ဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်း၍ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

၁၉။ ဤဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မ ၁၇ နှင့် ပုဒ်မ ၁၈ ပါ ပြစ်မှုများကို ရဲအရေးပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၀။ ဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့သည် ဤဥပဒေပါ ပြစ်မှုများ မဖြစ်ပွားရေးအတွက် အသိပညာပေးရေး၊ တားဆီးကာကွယ်ရေး၊ စောင့်ကြည့်လေ့လာရေးနှင့် ပြစ်မှုများဖြစ်ပွားပါက ဥပဒေနှင့်အညီ အရေးယူရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည်။

၂၁။ ဤဥပဒေအရ တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် ဖျက်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အလို့ငှာ တာဝန်ပေးအပ်ထားသည့်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကို တံတားကြီးဆိုင်ရာ လုပ်ငန်းတာဝန်များ ထမ်းဆောင်နေသည့် အချိန်တွင် ပြည်သူ့ဝန်ထမ်းဟု မှတ်ယူရမည်။

၂၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

## ဂန့်ဂေါမြို့၌ စားပွဲတင်တင်းနစ် အားကစားပြိုင်ပွဲကျင်းပ

**ဂန့်ဂေါ မေ ၁၃** -မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဖလားစားပွဲတင်တင်းနစ်ပြိုင်ပွဲကို သမဝါယမဦးစီးဌာနရုံး၌ မေ ၉ ရက်က စတင်ကျင်းပပြီး မေ ၁၀ ရက်က ဆုရရှိသူများအား ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ခရိုင်အတွင်းရှိ မြို့နယ်သုံးမြို့နယ်မှ စားပွဲတင်တင်းနစ်အားကစားသမား ၃၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အသက် ၂၅ နှစ်အောက် ပြိုင်ပွဲ၊ အလွတ်တန်းပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်သုံးမျိုးခွဲကာ ယှဉ်ပြိုင်ကြခြင်း ဖြစ်သည်။

အဆိုပါတင်းနစ်ပြိုင်ပွဲ သုံးပွဲအတွက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ခရိုင် အား/ကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းကို၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းမင်းလတ်နှင့် မြို့နယ် အား/ကာ နည်းစနစ်မှူး ဦးဌေးမင်းတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

# စပါးခင်းအတွင်း ရွှေခရုများကျရောက်ပါက စိုက်ပျိုးပြီး ၂၁ ရက်အတွင်း ကာကွယ်နှိမ်နင်းရန်လို

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကုန်းဇောင်းအုပ်စုအတွင်းရှိ စပါးခင်းများတွင် ရွှေခရုများ ကျရောက်လျက်ရှိကြောင်း သိရသည်။ ယခင်နှစ်က ကုန်းဇောင်းအုပ်စု သံကိုင်းကျေးရွာနှင့် ပေတောကျေးရွာတို့ရှိ စပါးစိုက်ခင်းများတွင် ရွှေခရု အနည်းငယ်နှင့် ဥများကို တွေ့ရှိခဲ့ရာ ယခုနှစ်တွင် အဆိုပါ အုပ်စုအတွင်းရှိ ကျေးရွာအတော်များများတွင် ရွှေခရုများကို တွေ့ရှိလာရသည်။ ရွှေခရုနှိမ်နင်းရေးအတွက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မေ ၂ ရက်အထိ ဧက ၂၀ ကျော် ရွှေခရုကောက်ပွဲများပြုလုပ်ပေး၍ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ရွှေခရုများမှာ မြစ်ရေဝင်ရောက်သည့် စိုက်ခင်းများတွင် အများဆုံးကျရောက်လျက်ရှိပြီး ဥများသာမက အကောင်ကြီးများကိုပါ တွေ့ရှိနေရ၍ စပါးခင်းများ ပျက်စီးမည်ကို တောင်သူများ စိုးရိမ်လျက်ရှိသည်။ ရွှေခရုများသည် စပါးပင်ငယ်များမှစ၍ ဖျက်ဆီးတတ်ပြီး မနှိမ်နင်းနိုင်ပါက စပါးပင်များ လုံးလုံးပျက်စီးသွားသည်အထိ ဖျက်ဆီးနိုင်ကြကြောင်း သိရသည်။



ပွင့်ဖြူမြို့နယ်အတွင်း ရွှေခရုကျရောက်သည့် စိုက်ခင်းများသို့ စိုက်ပျိုးဦးစီးဌာနမှ ကူညီပေးနေမှုကို တွေ့ရစဉ်။

ပွင့်ဖြူမြို့နယ်အတွင်း ရွှေခရုအများဆုံး ကျရောက်သောကျေးရွာများမှာ ကုန်းဇောင်းအုပ်စု ကုန်းဇောင်း၊ သံကိုင်း၊ ကူကြီး၊ ပေတော၊ ပင်းတုန်းလေး၊ ပင်းတုန်းကြီး စသည့်ကျေးရွာများ ဖြစ်ပြီး မြစ်ရေဝင်ရောက်သည့် ကျေးရွာများရှိ မြေနိမ့်ပိုင်း စပါးစိုက်ခင်းအချို့တွင်လည်း အနည်းငယ် ကျရောက်လျက်ရှိကြောင်း သိရသည်။

"ခရုကျရောက်တဲ့ ကျေးရွာတာဝန်ရှိသူတွေက ဌာနကို အကူအညီလာတောင်းလို့ ခုလိုကွင်းဆင်းပြီး ရွှေခရုကောက်ပွဲတွေလုပ်ပေးရခြင်းဖြစ်ပါတယ်၊ ဌာနအနေနဲ့ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ အကူအညီတွေကို တောင်သူတွေလာရောက်အကူအညီတောင်းရင် အချိန်မရွေး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်၊ အခုလည်း ကုန်းဇောင်းဘက်နဲ့ ပေတောကျေးရွာတွေမှာ ရွှေခရုကျလို့သွားရောက်ပြီး ဆောင်ရွက်ပေးနေတာ ဧက ၂၀ ကျော်လောက်ရှိပါပြီ၊ ကုန်းဇောင်းက တောင်သူဦးမင်းဇော်အကွက်ဆို လူအင်အားသုံးပြီး ရွှေခရုကောက်ပွဲ ပြုလုပ်ပေးခဲ့တာ လုံးလုံးကောင်းသွားပါပြီ၊ နောက်ပိုင်းတွေမှာ တွေ့ခဲ့လို့ရှိရင်လည်း ကိုယ်တိုင်ဆောင်ရွက်နိုင်ဖို့အတွက် တောင်သူဆွေးနွေးပွဲတွေပြုလုပ်ပြီး ဟောပြောပေးခဲ့ပါတယ်၊ ဘက်စုံပိုးမွှားကာကွယ်နည်းအနေနဲ့ သဘော်ရွက်၊ ငှက်ပျောခွံ၊ ကြက်ဆူရွက်၊ တမာရွက်၊ နောက်ပြီး အရည်ရွှမ်းတဲ့ အရွက်တွေကို မျှားစာအဖြစ် လယ်ကွင်းအစပ်တွေမှာ ကျင်းတွေတူးပြီး ထည့်ထားမယ်ဆိုရင် အဲဒီအရွက်တွေကို ခရုတွေကလာစားတဲ့အခါ အလွယ်တကူ လက်နဲ့ကောက်ပြီး ရှင်းပစ်နိုင်ပါတယ်" ဟု ခရိုင်စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးတာဝန်ခံ ဦးသိန်းဝင်းက ပြောသည်။

ရွှေခရုများကို ရွှေ့ပြောင်းစိုက်ပျိုးသော စပါးများအတွက် စိုက်ပျိုးပြီး ၁၀ ရက်အတွင်းနှင့် တိုက်ရိုက်အစေ့ချစိုက်ပျိုးသော စပါးများအတွက် ပထမ ၂၁ ရက်အတွင်းကာကွယ်နှိမ်နင်းရန်လိုအပ်ကြောင်း၊ ထိုကာလများတွင် နှိမ်နင်းခြင်း မပြုလုပ်ပါက နောက်ပိုင်းတွင် ဖျက်ဆီးမှုပမာဏ ပိုမိုများပြားလာနိုင်ကြောင်း၊ ရွှေခရုများကျရောက်ပါက ဥအဆင့်မှာပင် အပြတ်နှိမ်နင်းသင့်ကြောင်း၊ စပါးမစိုက်မီ ထယ်ရေးထွန်ရန် လိုအပ်ကြောင်း၊ စိုက်ခင်းအတွင်းရှိ ကောက်ရိုးများနှင့် အမှိုက်များကို မီးရှို့ဖျက်ဆီးပေးရမည်ဖြစ်ကြောင်း၊ တစ်ဧကလျှင် ထုံးပိဿာ ၁၅၀ ခန့်ထည့်ပေးရကြောင်း၊ ခရုကျရောက်သည့် လယ်မြေမှာ ပိုတက်မြေသြဇာကို လေးပုံတစ်ပုံခန့် ထည့်ပေးရကြောင်း၊ စိုက်ပျိုးပြီး လယ်မြေများတွင် ခရုများကျရောက်ပါက နံနက်စောစောနှင့် ညနေစောင်းအချိန်တို့တွင် လူအင်အားသုံး၍ လက်နှင့် လိုက်ကောက်ခြင်းဖြင့် နှိမ်နင်းရမည်ဖြစ်ကြောင်း၊ စိုက်ခင်းအတွင်း ဘဲများကို လွှတ်ကြောင်းပေးရကြောင်း သိရသည်။

ထို့အပြင် ရွှေခရုများကျရောက်ခြင်းမှ ကာကွယ်ခြင်းအတွက် ရွှေခရုများမှာ နံနက်ခင်းနှင့် ညနေခင်းတို့တွင် အများဆုံးထွက်လေ့ရှိသောကြောင့် ယင်းအချိန်များတွင် လက်ဖြင့်ကောက်ယူကာ ဥမြုံများကို ချေမွဖျက်ဆီးခြင်း ပြုလုပ်ပေးနိုင်သည်။ ရေရှိလျှင် ပိုမိုများပြားစွာ ထွက်ရှိခြင်းကြောင့် စပါးခင်းမှ ရေထုတ်ခြင်းကိုလည်း ပြုလုပ်ပေးနိုင်ကြောင်း၊ ဆေးရွက်ကြီးများကို စပါးခင်းအနှံ့ သို့မဟုတ် တူးမြောင်းငယ်များတွင် ချထားပေးခြင်းဖြင့် ခရုများမှာ အဆိုပါဆေးရွက်ကြီးအနီးသို့ ရောက်ရှိလာလျှင် လက်ဖြင့် အလွယ်တကူ ကောက်ယူနိုင်မည် ဖြစ်သည်။ ထို့ပြင် စပါးခင်းရေအဝင်အထွက်ထွက်ပေါက်များတွင် ဝါးတိုင် သို့မဟုတ် တုတ်ချောင်းများ စိုက်ပေးထားခြင်း၊ ရေထုတ်ပေါက်များတွင် ပိုက်၊ ခြင်း၊ ဆန်ခါများချထားခြင်းတို့ကို ပြုလုပ်နိုင်ကြောင်း၊ ထိုသို့ပြုလုပ်သောကြောင့် ခရုများမှာ ယင်းအရာများကိုလာရောက်တွယ်ကပ်ရာ လက်ဖြင့် အလွယ်တကူကောက်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရွှေခရုကာကွယ်နှိမ်နင်းနည်းများတွင် လက်ဖြင့် လိုက်ကောက်ခြင်းသည် ၈၀ ရာခိုင်နှုန်းခန့် ထိရောက်မှုရှိပြီး ဆေးပက်ဖျန်းခြင်းမှာ ၂၀ ရာခိုင်နှုန်းခန့်သာ ထိရောက်မှုရှိကြောင်း၊ ရွှေခရုကျရောက်သော စိုက်ခင်းအတွင်း ခရုများကို အချိန်မီ မနှိမ်နင်းနိုင်ပါက စပါးပင်ငယ်များ ပျက်စီးသွားသည့်အတွက် ပြန်လည် စိုက်ပျိုးရကြောင်း၊ အပင်တွင် ၃ ဥလိုက်ပါက အပင်များမှာ ကျိုးကျပျက်စီးသွားကြောင်း သိရသည်။



## ကရင်ပြည်နယ် လိပ်သိုဒေသထွက် လိုက်ချီးသီးများ အထွက်နှုန်းကောင်း ယခင်နှစ်များကထက် ဝင်ငွေပိုမိုရရှိ

**လိပ်သို မေ ၁၃**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့နှင့် ကျေးရွာများစိုက်ပျိုးသော ဥယျာဉ်ခြံထွက်သီးနှံများဖြစ်သည့် ကွမ်းသီး၊ ငှက်ပျော၊ ဒူးရင်း၊ မင်းကွတ်စသည့်သီးနှံပင်များအပြင် လိုက်ချီးသီးများသည် ယခုနှစ်သီးနှံပေါ်ချိန်တွင် ယခင်နှစ်များထက် ပိုမိုအထွက်နှုန်းကောင်းကြောင်း သိရသည်။

လိပ်သိုဒေသအတွင်းရှိ ကျမိုင်းကျေးရွာအုပ်စု မြသာကုန်းကျေးရွာ၊ပိန်းသီလာကျေးရွာ၊ သဘော်တောကျေးရွာများသည် အခြားရွာများထက် ပိုမိုစိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး လိပ်သိုဒေသအနေဖြင့် လိုက်ချီးသီးရင့်မှည့်ချိန် ဧပြီလနှင့်မေလများတွင် မြေပြန့်ဒေသဈေးကွက်များသို့ အများဆုံးတင်ပို့နိုင်သော ကာလဖြစ်ကြောင်း သိရသည်။

"ဒီနှစ်လိုက်ချီးသီးထွက်နှုန်းကောင်းပါတယ်၊ ဧပြီလမှာထွက်ရှိတဲ့အသီးတွေက ပေါ်ဦး ပေါ်ဖျားဆိုတော့ ဈေးကွက်အစောဆုံးဝင်နိုင်လို့ ဈေးနှုန်းပိုရပြီး မေလလယ်လောက်ဆိုခြံတိုင်းထွက်ရှိတဲ့ကာလဖြစ်တဲ့အတွက် ဈေးနှုန်းအနည်းငယ် ကျဆင်းမှုရှိလာပါတယ်၊ ဈေးကွက်ကတော့ တောင်ငူကို အဓိက တင်သွင်းပါတယ်၊ အသီးအရည်အသွေးကောင်းရင် တစ်ပိဿာလက်ကား ဈေးနှုန်း ငွေကျပ် ၁၀၀၀ ကနေ ၁၅၀၀ အထိ ရရှိပါတယ်၊ ဒါ့အပြင် အခုဆိုရင် တစ်ဆင့်ခံလက်လီရောင်းချသူတွေ ကျေးရွာအထိ လိုက်လံစုဆောင်းဝယ်ယူပြီး ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်တွေကို ကိုယ်ပိုင်မော်တော်ဆိုင်ကယ်တွေနဲ့ လှည့်လည်ရောင်းချသူတွေလည်း ရှိပါတယ်" ဟု ဒေသခံလိုက်ချီးသီး စိုက်ပျိုးသူဒေါ်မြင့်မြင့်ခင်က ပြောသည်။

အဆိုပါဒေသအနေဖြင့် လိုက်ချီးသီးနှံစပေါ်ချိန်ဈေးတစ်မျိုး၊ သီးနှံပေါ်ချိန် ဈေးတစ်မျိုးဖြစ်သည်မှာ နှစ်စဉ်ဖြစ်မြဲဖြစ်သော်လည်း ယခုနှစ်အထွက်ကောင်းသောကြောင့် ဝင်ငွေပိုမိုရရှိနေကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တာချီလိတ်မြို့၌ စပါးခင်းအချို့တွင် ငှက်များအုပ်စုဖွဲ့စားသောက်ဖျက်ဆီး

**တာချီလိတ် မေ ၁၃**

တာချီလိတ်မြို့နယ်အတွင်း နွေစပါးစိုက်ခင်းအချို့တွင် ရင့်မှည့်စပါးများအား ငှက်များ အုပ်ဖွဲ့ကာ ဝင်ရောက်စားသုံးမှုများဖြစ်ပေါ် ခဲ့သော်လည်း အချိန်မီတားဆီးနိုင်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးမှုအနည်းငယ်သာရှိခဲ့ကြောင်း သိရသည်။

"အခု ငှက်တွေ ဝင်ရောက်စားသောက်တဲ့ လယ်တွေက ဖန်မင်အုပ်စုထဲမှာ ဌာနကနေစိုက်ပျိုးထားတဲ့ ဆင်းဧကရီ ၃၀ ဧက စံပြကွက်တွေပါ၊ ပထမဆုံးရင့်မှည့်တဲ့ လယ်တွေဆိုတော့ စာကလေးတွေအုပ်စုဖွဲ့ပြီး ဝင်ရောက်စားသုံးကြတာ ဖြစ်ပါတယ်၊ အချိန်မီ သိရှိရတာကြောင့် ရိုးရာနည်းအတိုင်း ပိုက်ကွန်နဲ့ ဖမ်းဆီးကာကွယ်မှုတွေ ပြုလုပ်နိုင်ခဲ့လို့ ကြီးကြီးမားမား ပျက်စီးဆုံးရှုံးမှုတော့မရှိပါဘူး" ဟု တာချီလိတ်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက ရှင်းပြသည်။

တာချီလိတ်ခရိုင်အတွင်း ယခုနှစ် နွေစပါးစိုက်ရာသီတွင် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များအား စုစုပေါင်း ၄၄၅ ဧက စိုက်ပျိုးထားရှိကြောင်းနှင့် ဖန်မင်အုပ်စုအတွင်းရှိ လယ်ကွက်အချို့တွင် ငှက်များ၏ စားသောက်ဖျက်ဆီးမှုများ ရှိနေသလို တာလေ-တာကြန့်- ဝမ်ဆာ ကျေးရွာများရှိ စပါးခင်းများတွင် ကြွက်များအုပ်စုဖွဲ့စားသောက်မှုများ ရှိနေသည့်အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းကာ ကြွက်နှိမ်နင်းရေးလုပ်ငန်းကို ဆောလျင်စွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ကျေး**



## ပေါင်မြို့နယ်တွင် မင်းကွတ်သီးများ အထွက်နှုန်းကျဆင်း

**ပေါင် မေ ၁၃**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းမှ ဒေသထွက် သီးနှံတစ်မျိုးဖြစ်သည့် အအေးဓာတ်စာ မင်းကွတ်သီးများမှာ အရောင်းအဝယ် ကောင်းသော်လည်း ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက အသီးထွက်နှုန်း နည်းပါးလျက်ရှိကြောင်း မင်းကွတ်ခြံပိုင်ရှင်များထံမှ သိရသည်။

ယခုနှစ်တွင် ရာသီဥတုအခြေအနေကြောင့် အသီးနည်းပါးခြင်း၊ မင်းကွတ်ပွင့်ခါစသီးကင်းများ ကြွေကျခြင်းတို့ကြောင့် ယခင်နှစ်ကထက် ၅၀ ရာခိုင်နှုန်းခန့် အထွက်နှုန်းနည်းပါးသည်ဟု မင်းကွတ်ခြံပိုင်ရှင်များထံမှ သိရသည်။

"အရင်နှစ်တွေမှာဆိုရင် ဧပြီလအစပိုင်းမှာကတည်းက အသီးထွက်နှုန်းကများနေပြီ၊ ခုဟာကလက်ဦးသီး (ပေါ်ဦး ပေါ်ဖျား ) တောင် မရှိသလောက်ဘဲ၊ တစ်ပင်ခူးမှ ငါးလုံး၊ ၁၀ လုံး လောက်ပဲရတော့တယ်၊ ဒါတောင် အပင်တိုင်း ခူးလို့မရသေးဘူး၊ တချို့ အပင်တွေဆို အကင်းလေးတွေပဲရှိသေးတယ်၊ နေက အလွန်ပြင်းတော့ ကြွေကျကုန်တာလေ၊ မိုးသာပုံမှန်လေး မကြာခဏ ရွာမယ်ဆိုရင် အသီးတွေက ရင့်မြန်၊ မှည့်မြန်လာလိမ့်မယ်" ဟု တောင်သူဦးခင်ဦးက ပြောသည်။

ယခင်နှစ် မေလအစပိုင်းတွင် ခြင်းဝင်မင်းကွတ်သီးတစ်လုံးလျှင် ငွေကျပ် ၁၅၀ ကျပ်ခန့်ရှိပြီး ယခုနှစ်တွင် တစ်လုံးလျှင် ငွေကျပ် ၂၅၀ ရှိကြောင်း၊ မြို့နယ်မှ ထွက်ရှိသော မင်းကွတ်သီးများကို ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမနံဘေးရှိ ဆိုင်တန်းများတွင် ရောင်းချလျက်ရှိပြီး အလုံး ၁၂၀ ပါ ပလတ်စတစ်ကတ်ဖာခြင်းများဖြင့် ထုပ်ပိုးကာ သထုံ၊ မော်လမြိုင်၊ ရန်ကုန်နှင့် မန္တလေးတို့သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**မောင်ဟိန်း(ပြန်/ဆက်)**

# တရုတ်သို့ တိရစ္ဆာန်အရှင်တင်ပို့မှု မြင့်လာ၍ ပြည်တွင်းမှ သားသတ်လုပ်ငန်းများ အခက်တွေ့လာ

**နေပြည်တော် မေ ၁၃**

တရုတ်သို့ ကျွဲ၊ နွား၊ ဝက်၊ ဆိတ် အရှင်များ တင်ပို့ရောင်းချမှု မြင့်တက်လာခြင်းကြောင့် ပြည်တွင်းရှိ အသေးစား သားသတ်လုပ်ငန်းများအတွက် အမဲပေါ်ရန် ဈေးနှုန်းကြီးမြင့်လာခြင်းကို ကြုံတွေ့လာရပြီး ခက်ခဲစွာ ရပ်တည်နေရကြောင်း သားသတ်လုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

"အရင်က နွားတစ်ကောင်ကို အမဲပေါ်ဖို့ ငွေကျပ် တစ်သိန်းကနေ နှစ်သိန်းကြားကုန်ကျတယ်၊ အခု နွားတစ်ကောင်ပေါ်ဖို့ နွားပွဲဈေးတွေထဲ လိုက်ဝယ်တာ နွားဈေးတွေတက်လာလို့ ဝယ်ယူရတာ ခက်ခဲနေတယ်၊ နွားတစ်ကောင်ကို ကျပ်သုံးသိန်း ကျော်လောက်သုံးမှ အရောင်းအဝယ်ဖြစ်တော့ အမဲပေါ်တဲ့ သူတွေအတွက်လည်း ငွေကြေးစိုက်ထုတ်ရတာ ခက်ခဲလာတယ်၊ နောက် စားသုံးသူဘက်ကကြည့်တော့လည်း အမဲသားဈေးတွေ တစ်ပိဿာကို ကျပ်နှစ်ထောင့်ငါးရာလောက် တက်လာတယ်"ဟု နေပြည်တော် တပ်ကုန်းမြို့နယ်တွင် သားသတ်လုပ်ငန်းလုပ်ကိုင်သူ ဦးညွန့်ရွှေက ပြောသည်။

လက်ရှိ သားသတ်လိုင်စင်များအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သားသတ်လိုင်စင် လေလံရရှိထားသည့် လုပ်ငန်းကြီးများမှ တစ်ဆင့်ခံ ခွဲတမ်းယူ၍ အသေးစား၊ အလတ်စား အမဲပေါ်လုပ်ငန်းများ လုပ်ကိုင်နေရခြင်းဖြစ်ကာ သားသတ်လိုင်စင်ကြေးနှုန်းထားမှာ ဈေးနှုန်းများပြားနေခြင်းကြောင့်လည်း အခက်အခဲများ ကြုံတွေ့နေရကြောင်း ၎င်းက ဆိုသည်။

"သက်ဆိုင်ရာ မြို့နယ်အလိုက် ဒိုင်တွေကနေတစ်ဆင့် သားသတ်လိုင်စင် ခွဲတမ်းယူပြီးတော့ အမဲပေါ်ရတာ ဖြစ်တယ်၊ ရလာတဲ့ အမဲသားရေကို ဒိုင်ကို ပြန်သွင်းရတယ်၊ သားရေအပေါ်မှာ မူတည်ပြီးတော့ ဒိုင်တွေက ဈေးဖြတ်ပေးပြီးတော့ တစ်နှစ်ပတ်လုံး ပြည့်သွားမှ ယူတယ်၊ သားရေကရလာတဲ့ ငွေကြေးအပေါ် မူတည်ပြီးတော့ တစ်နှစ်ပတ်လုံး လိုင်စင်ခ သိန်း ၂၀ ကျရင် သားရေဖိုးပြန်ခုပြီးတော့ ကျန်တဲ့ငွေသွင်းရတယ်၊ မြို့နယ်အလိုက် နွားပွဲဈေးတွေရှိတယ်၊ အဲ့ဒီမှာ ဝယ်ရတာက ပိုပြီးခက်ခဲလာလို့ ကျေးရွာတွေအထိ ရောင်းနိုင်မယ့်သူတွေဆီကို လိုက်လံဝယ်နေရတာတော့ ကုန်ကျစရိတ်တွေလည်း ပိုလာတယ်၊ ဒါကြောင့် ပြည်ပကိုပို့တာလည်း ပို့ပေါ့၊ ပြည်တွင်းက လုပ်ငန်းတွေ မခက်ခဲအောင်နဲ့ စားသုံးသူတွေအတွက် ဈေးမတက်လာအောင်လည်း အစီအမံတွေ လိုအပ်ပါတယ်"ဟု မန္တလေးမြို့ရှိ သားသတ်လုပ်ငန်းလုပ်ကိုင်သူ ဦးအောင်ဆွေလင်းက ပြောသည်။

မြန်မာနိုင်ငံမှ ကျွဲ၊ နွား(အရှင်)များကို ၂၀၁၇ ခုနှစ် အောက်တိုဘာလမှစ၍ ပြည်ပတင်ပို့ခွင့်ပြုခဲ့သော်လည်း ဒီဇင်ဘာလမှသာ ပို့ကုန်လိုင်စင်လျှောက်ထားမှုများ ရှိလာခဲ့ပြီး ဒီဇင်ဘာလလယ်ခန့်မှစ၍ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ နေ့စဉ်တင်ပို့လျက်ရှိကြောင်း သိရသည်။

ပြည်တွင်း ဝက်၊ အမဲ၊ ဆိတ် အသားထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းများအတွက် စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနက သားသတ်လိုင်စင်များ ခွင့်ပြုချထားပေးရာတွင် လေလံစနစ်၊ ဈေးခုံစနစ်နှင့် လေလံခုံစနစ်တို့ဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး အသားကဏ္ဍ ပိုမိုဖွံ့ဖြိုးလာစေရန် မွေးမြူထုတ်လုပ်သူများအား ပံ့ပိုးပေးခြင်း၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံလာစေရန် တွန်းအားပေးခြင်း၊ မြေနေရာ၊ ချေးငွေနှင့် အခြားလိုအပ်သည့် ဖြေလျှော့မှုများ ပေးအပ်ခြင်း၊ သားသတ်စက်ရုံများနှင့် တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ပေးခြင်းနှင့် အသားဈေးကြီးမြင့်ခြင်း မရှိစေရန် ကြီးကြပ်ပေးခြင်းတို့ လုပ်ဆောင်ပေးရန် လိုအပ်နေကြောင်း သိရသည်။

**မြတ်သူ(AMIA)**

# ဆီထွက်သီးနှံ ပြည်ပဈေးကွက် တင်ပို့နိုင်ရေး ဆောင်ရွက်မည်

**နေပြည်တော် မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော်နေသည့် ဆီထွက်သီးနှံစီမံကိန်းအရ အရည်အသွေး ပြည့်ဝသော မျိုးကောင်းများ ရရှိခြင်းနှင့်အတူ ပြည်ပဆီထွက် သီးနှံဈေးကွက်သို့ပါ တင်ပို့နိုင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သော နိုင်ငံများ စာရင်းတွင် ပါဝင်နေသော်လည်း ထုတ်လုပ်မှု စံချိန်စံညွှန်း နိမ့်ကျခြင်းနှင့် အရည်အသွေးပိုင်း အားနည်းနေခြင်းကြောင့် တရုတ်၊ ဂျပန်နှင့် ထိုင်ဝမ်ဈေးကွက်များအပေါ်သာ မှီခိုနေရပြီး စိုက်ပျိုးလုပ်ကိုင်နေသည့် ကွင်းဆက်တစ်လျှောက်တွင် အရည်အသွေး ထိန်းသိမ်းရေးဆိုင်ရာ နည်းလမ်းများကို ပြင်ပပညာရှင်များ၊ ကုန်သည်များ၊ အစိုးရနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ယခင်က ဆီထွက်သီးနှံကဏ္ဍတွင် အောင်မြင်ခဲ့သည့် နိုင်ငံတစ်ခုအဖြစ်သို့ ပြန်လည်မျှော်မှန်းနိုင်တော့မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးသူက ပြောသည်။

"ဆီထွက်သီးနှံ တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက်မှာ ပို့ကုန်ဝင်ငွေတိုးပွားရေးနဲ့ အစားအစာ ဘေးကင်းလုံခြုံရေး ဦးတည်ထားပြီးတော့ ဆောင်ရွက်နေတာ ဖြစ်တယ်၊ ဒီစီမံကိန်းကို နိုင်ငံတကာကုန်သွယ်မှု ဗဟိုဌာနက အကူအညီပေးနေသလို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ စံချိန်စံညွှန်းနဲ့ ကုန်သွယ်ရေး အထောက်အကူပြုအဖွဲ့ကနေလည်း အကူညီရယူနေတယ်၊ ပွဲစား၊ ကုန်သည်၊ စက်ပိုင်တွေအတွက် ဂိုဒေါင်များ ဘေးကင်းရေးနဲ့ အရည်အသွေးထိန်းသိမ်းရေး လက်စွဲစာအုပ်ကို နိုင်ငံတကာပညာရှင်တွေနဲ့ မူကြမ်းရေးဆွဲပြီးတော့ အပြီးသတ်နိုင်ဖို့ လုပ်နေတယ်"ဟု ဦးမျိုးသူက ပြောသည်။

မြန်မာနိုင်ငံ၏ အရေးပါသော ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲ၊ မုန်ညင်းနှင့် နေကြာတို့ကို ဆီထွက်သီးနှံ စီမံကိန်းတွင်အဓိက ထည့်သွင်းစိုက်ပျိုးမည်ဖြစ်ကာ စီမံကိန်းတွင် တောင်သူများ လိုက်နာရမည့် နည်းစနစ်များ၊ ကုန်သည်ပွဲစားများ လိုက်နာရမည့်အချက်များ၊ အစိုးရဘက်မှ ပံ့ပိုးပေးရမည့်အချက်များ ပါဝင်မည်ဖြစ်ကြောင်း၊ စီမံကိန်းကို အမေရိကန်ဒေါ်လာ တစ်သန်းခန့်ဖြင့် အကောင်အထည်ဖော်နေပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန၊ ရန်ပုံငွေထောက်ပံ့သည့် အဖွဲ့အစည်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပဲမျိုးစုံကုန်သည်များ ကဏ္ဍအသီးသီးမှ ပါဝင်ကြကြောင်း သိရသည်။

ဆီထွက်သီးနှံကဏ္ဍကို အဓိကယုတ်လျော့စေသော ပြဿနာများဖြစ်သည့် စိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးဆိုင်ရာ ပြဿနာများကို မျိုးကောင်းမျိုးသန့် မရရှိခြင်း၊ အရည်အသွေးမမီသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အသုံးပြုနေရခြင်း၊ ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ မရှိခြင်း၊ ပိုးမွှားနှိမ်နင်းမှု၊ ရိတ်သိမ်းမှုစနစ် အလေ့အကျင့်များ အားနည်းနေခြင်း၊ အရည်အသွေး ထိန်းချုပ်ရေးဆိုင်ရာ အလေ့အကျင့်မရှိခြင်း၊ ဆီကြိတ်ရာတွင် မသန့်ရှင်းသောအရာများ ထားရှိကြိတ်ခွဲခြင်း၊ လုပ်ငန်းကွင်းဆက် တစ်လျှောက်မှုနှင့် အခြားအဆိပ်အတောက်ဖြစ်စေမည့်အရာများ ရှိနေခြင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းများကို လုပ်ငန်း လုပ်ကိုင်သူများ မသိရှိခြင်း၊ ပြည်တွင်း ကျွမ်းကျင်ပညာရှင်များ၊ စိုက်ပျိုးရေးပညာရှင်များ ကြီးကြပ်ပေးမှု မလုံလောက်ခြင်း၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အားနည်းနေခြင်း စသည့်အချက်များကို အဆိုပါ မိတ်ဖက်အဖွဲ့အစည်းများ တစ်ပြိုင်တည်း အတူတကွ ပူးပေါင်း၍ ဖြေရှင်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဆီထွက်သီးနှံကဏ္ဍတွင် နိုင်ငံတွင်းပိုလျှံ၍ တင်ပို့နိုင်သည့် နိုင်ငံစာရင်းမှာ အနည်းငယ်သာရှိနေခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် ဆီထွက်သီးနှံကဏ္ဍ အောင်မြင်လာပါက ဈေးကွက်အခွင့်အလမ်းကောင်းများ ရရှိလာနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

**ဇာလင်းသူ(AMIA)**

# မြန်မာအော်ဂဲနစ် ပျားရည်ကို ပြည်ပမှဝယ်ယူမှု မြင့်တက်နေပြီး တရုတ်သို့ အများဆုံး တင်ပို့နေရ

**မန္တလေး မေ ၁၃**

မြန်မာအော်ဂဲနစ်ပျားရည်ကို ပြည်ပဈေးကွက်မှ ဈေးကောင်းပေးကာ ဝယ်ယူမှု မြင့်တက်နေပြီး တရုတ်သို့ ၈၀ ရာခိုင်နှုန်း နီးပါးအထိ တင်ပို့နေရကြောင်း ပျားမွေးမြူထုတ်လုပ်သူများထံမှ သိရသည်။

"သက်ဆိုင်ရာဝန်ကြီးဌာနတွေကလည်း နည်းပညာပေး သင်တန်းတွေနဲ့ ပြည်ပတင်ပို့တဲ့အထိ လိုအပ်ချက်တွေကို ကူညီပေးနေတယ်၊ သဘာဝနည်းနဲ့ ပျားမွေးမြူတာတွေ ဖွံ့ဖြိုးလာဖို့ လိုအပ်တဲ့ ပံ့ပိုးမှုတွေ အားကောင်းလာတာ တွေ့ရတယ်၊ တရုတ်ကတော့ မြန်မာ့ပျားရည် ဒိုင်ခံဝယ်လက်လိုဖြစ်နေပြီး ဈေးလည်းပေးဝယ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီးရှိ ပျားမွေးမြူသူများကွန်ရက်ဝင် ဦးမောင်မောင်ကပြောသည်။ မြန်မာ့အော်ဂဲနစ် ပျားရည်ကို ဆီး၊ ပန်းနှမ်း၊ နှမ်း၊ နေကြာ၊ လဲမှို့၊ ဇော်ဘာ၊ သရက်၊ ပင့်ကူထိပ်ပိတ်(ပန်းသုံးဆင့်)၊ လိုင်ချီးတို့မှ ထုတ်ယူပြီး တရုတ်၊ ဂျပန်၊ ထိုင်း၊ စင်ကာပူ၊ ကိုရီးယား စသည့်နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ၎င်းကဆိုသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ပျားလုပ်ငန်းဌာနအနေဖြင့် ပျားမွေးမြူရေး သင်တန်းများကို လုပ်ဆောင်ပေးနေခြင်းမှာ ဒေသခံတောင်သူများ ပျားမွေးမြူရေးပညာရပ်ကို စာတွေ့လက်တွေ့တတ်မြောက်ပြီး မိသားစုတစ်ပိုင်တစ်နိုင် မွေးမြူကာ အပိုဝင်ငွေရရှိသည်မှ စီးပွားဖြစ်မွေးမြူနိုင်သည်အထိ ရည်ရွယ်ကြောင်း သိရသည်။ လက်ရှိ ပျားမွေးမြူသူများအတွက် ခေတ်မီနည်းဖြစ်သော ဉရောပမေထုန်မဲ့နည်းဖြင့် အရည်အသွေးကောင်းမွန်သည့် မိတ်အောင် ပျားဘုရင်မ မွေးမြူထုတ်လုပ်ရေးမှာ အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိရာ AI နည်းဖြင့် မိတ်အောင် ပျားဘုရင်မများ အောင်မြင်စွာ မွေးမြူထုတ်လုပ်နိုင်စေရန်



ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။

ပျားလုပ်ငန်းဌာနအနေဖြင့် ပျားဘုရင်မ၏ ဇီဝကမ္မဗေဒ မျိုးရိုးဗီဇ၊ ရောဂါများ၊ ပျားထီးမွေးမြူနည်း၊ ပျားဘုရင်မ မွေးမြူနည်း၊ မိတ်လိုက်ပျားအုံငယ်များ ဖွဲ့စည်းခြင်းနှင့် အသုံးပြုခြင်း၊ AI နည်းဖြင့် မိတ်အောင်ပျားဘုရင်မ မွေးမြူနည်းများကို အဓိကထား လုပ်ဆောင်ပေးလျက်ရှိသည်။

"မြန်မာ့အော်ဂဲနစ်ပျားရည်က နိုင်ငံခြားဈေးကွက် ကောင်းနေတယ်၊ ထွက်သလောက် နိုင်ငံခြားက ယူတာ၊ နိုင်ငံခြားဈေးကွက်ကို ၈၀ ရာခိုင်နှုန်း တင်ပို့တယ်၊ တရုတ်နဲ့ ထိုင်းကို ပို့ရတာ အများဆုံးပဲ၊ တရုတ်က နည်းပညာလာပေးမယ်ဆိုရင် ဒီက ပျားမွေးမြူရေးသမားတွေအတွက် အကျိုးအမြတ် ပိုများလာနိုင်တယ်"ဟု မန္တလေးတိုင်းဒေသကြီး ပျားလုပ်ငန်းဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က ပြောသည်။

**မြတ်သူ(AMIA)၊ ဓာတ်ပုံ-ကေဇူး(AMIA)**

# တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးကွက်

(မေ ၇ ရက်မှ ၁၁ ရက်အထိ)

**စပါး**

ပြီးခဲ့တဲ့အပတ်က ပုသိမ်ဈေးကွက်မှာ စပါးဈေးငြိမ်ပြီး ဆန်ဈေးတွေ တက်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ စပါးဈေးရော ဆန်ဈေးပါ တက်လာပါတယ်။ ဒေသအချို့ကနေ ဆန်ရော၊ စပါးရော အဝင်နည်းလာတဲ့အတွက် ဈေးမြင့်တက်လာတာလည်း ဖြစ်ပါတယ်။

ပထမတန်းစားစပါးဖြစ်တဲ့ ရောဝတီပေါ်ဆန်းစပါးက တင်း ၁၀၀ ကို ကျပ် ၁၀၉၅၀၀၀ ကျော် ပေါက်ဈေးရှိပြီး ကျပ်သုံးသောင်းကျော် ဈေးတက်လာပါတယ်။ ပေါ်ဆန်းရင်အမျိုးအစားကလည်း တင်း ၁၀၀ ကို ကျပ် ၉၈၀၀၀၀ ကျော်ပေါက်ပြီး ၄ သောင်းနီးပါး ဈေးတက်လာပါတယ်။ ဒုတိယတန်းစားဖြစ်တဲ့ ရွှေသွယ်လေးနဲ့ရောမင်း အမျိုးအစားကလည်း တင်း ၁၀၀ ကို ကျပ် ၇၃၆၀၀၀ ပေါက်ဈေးရှိပြီး လေးသောင်းခွဲနီးပါး ဈေးတက်လာပါတယ်။ သီးထပ်ရင်စပါးကတော့ တင်း ၁၀၀ ကို ကျပ် ၅၂၅၀၀၀ ပေါက်ဈေးရှိပြီး တစ်သောင်းနီးပါး ဈေးတက်လာပါတယ်။ မနောသုခနဲ့ မီးကောက်တို့ကတော့ သုံးပတ် ဆက်တိုက် ဈေးငြိမ်နေပြီး မနောသုခက တင်း ၁၀၀ ကို ကျပ် ၅၇၀၀၀၀ ကျော်၊ မီးကောက်က တင်း ၁၀၀ ကို ကျပ် ၅၉၈၀၀၀ အသီးသီး ပေါက်ဈေးရှိပါတယ်။

**ဆန်**

ပုသိမ်ဈေးကွက်မှာ ပထမတန်းအမျိုးအစားဆန်ဖြစ်တဲ့ ရွှေဘိုပေါ်ဆန်းမွှေးက တစ်တင်းခွဲ တစ်အိတ်ကို ကျပ် ၄၅၀၀၀၊ ပေါ်ဆန်းရင်က တစ်တင်းခွဲတစ်အိတ်ကို ကျပ် ၄၃၀၀၀ နဲ့ ဖျာပုံပေါ်ဆန်းမွှေးက တစ်တင်းခွဲတစ်အိတ်ကို ကျပ် ၄၃၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်မှာ ၂၀၀၀ လောက် ဈေးတက်လာပါတယ်။

ဒုတိယတန်းစားဆန်ဖြစ်တဲ့ ရွှေသွယ်လေးနဲ့ ရောမင်းဆန်တို့ကတော့ တစ်တင်းခွဲတစ်အိတ်ကို ၃၀၀၀၀ ပေါက်ဈေးရှိပြီး ကျပ် ၂၀၀၀ လောက် ဈေးတက်လာပါတယ်။

ပုသိမ်ဈေးကွက်မှာ ဆန်ကြမ်းဈေးတွေ တက်နေပေမယ့် ရန်ကုန် ဝါးတန်းကုန်စည်ဒိုင်ဈေးကွက်မှာတော့ ဆန်ကြမ်းဈေးက အနည်းငယ် အတက်အကျရှိခဲ့ပါတယ်။ ရက် ၉၀ ဆန်က တစ်အိတ်ကို ကျပ် ၂၂၀၀၀ ခန့်ရှိပြီး ယခင်အပတ်ထက် ကျပ် ၁၀၀ ကျဆင်းသွားပါတယ်။ သီးထပ်ရှယ်ဆန်နဲ့ ဧည့်မထ ၂၅ မှတ်တန်ဆန်တွေလည်း တစ်အိတ်မှာ ကျပ် ၂၀၀ လောက် ဈေးကျခဲ့ပြီး မြီးတုံးဆန်ကတော့ တစ်အိတ်ကို ကျပ်သုံးထောင်လောက် ဈေးတက်လာပါတယ်။

**မတ်ပဲ (FAQ/RC)**

မတ်ပဲကို နှစ်စဉ် တန်ချိန်တစ်သိန်းခွဲဝယ်ယူမယ်လို့ အိန္ဒိယနိုင်ငံက ပြီးခဲ့တဲ့ မတ်လ ၅ ရက်နေ့က ထုတ်ပြန်လိုက်တဲ့အချိန်မှာ ဈေးကွက်အတွင်း မတ်ပဲက အနည်းငယ်ဈေးပြန်တက်လာခဲ့ပါတယ်။ ပြီးခဲ့တဲ့အပတ်တွေမှာတော့ အိန္ဒိယနိုင်ငံကလည်း ပြည်တွင်းပဲဖူလုံမှုကြောင့် ဝယ်ယူမှုလျော့နည်းခဲ့လို့ ဈေးက ကျပ်လေးသိန်းအောက်အထိ လျော့ကျလာခဲ့ပါတယ်။ ထပ်ပြီး ကိုတာစနစ်နဲ့ သွားဖို့အတွက်လည်း အလားအလာရှိနေပြီး အိန္ဒိယနိုင်ငံကလည်း ပဲဝယ်တဲ့အတွက် သူတို့နိုင်ငံဘက်က သကြားကို ပြန်လည်ဝယ်ယူဖို့ကို ဆွေးနွေးမှုတွေပြုလုပ်နေတယ်လို့လည်း သိရပါတယ်။ ထပ်မံပြီး အိန္ဒိယအစိုးရက မတ်ပဲကို အလုံးနဲ့အခြမ်း သီးခြားခွဲဝယ်မယ်ဆိုတဲ့ ကန့်သတ်ချက်တွေ ပါလာတဲ့အပြင် သတ်မှတ်ချက်တွေက ပိုပြီးတင်းကျပ်လာတဲ့သဘောလည်း ရှိပါတယ်။

ဒီတစ်ပတ် ရန်ကုန်ဈေးကွက်မှာတော့ မတ်ပဲ တစ်တန်ကို ကျပ် ၄၅၀၀၀၀ ကျော်အထိ ဈေးပြန်တက်လာပါတယ်။ မုံရွာမှာတော့ မတ်ပဲက တစ်တင်းကို ကျပ် ၁၃၅၀၀ နဲ့ ကျပ်တစ်ထောင်လောက် ဈေးပြန်တက်လာသလို ပြည်ကုန်စည်ဒိုင်မှာလည်း တစ်တင်းမှာ ကျပ် ၈၀၀ ကျော် ဈေးတက်လာပြီး နေပြည်တော်မှာတော့ သုံးတင်းဝင် တစ်အိတ်ကို ကျပ် ၄၀၀၀၀ နဲ့ဈေးငြိမ်နေခဲ့ပါတယ်။

**ပဲစင်းငုံနီ**

ပြီးခဲ့တဲ့အပတ်က ပဲကုန်သည်များအသင်းက ပဲစင်းငုံနီစိုက်တဲ့ တောင်သူတွေကို ဒေသနဲ့ကိုက်ညီမယ့် စီးပွားဖြစ်ဆီထွက်သီးနှံတွေ၊ တခြားပဲအမျိုးအစားတွေကိုသာ စိုက်ပျိုးဖို့အတွက် တိုက်တွန်းမှုတွေ ပြုလုပ်လိုက်တဲ့အချိန်မှာ ပဲစင်းငုံစိုက်တဲ့တောင်သူတွေအပြင် ပဲစင်းငုံလှောင်ထားတဲ့ ကုန်သည်တွေ မေးခွန်းထုတ်မှုများစွာဖြစ်ခဲ့ပြီး အလွန်ထိတ်လန့်သွားတဲ့အခြေအနေလည်း ဖြစ်သွားခဲ့ပါတယ်။

ဒါပေမယ့် ဒီတစ်ပတ်မှာတော့ အိန္ဒိယက ပဲစင်းငုံနီကို တန်ချိန် နှစ်သိန်း ထပ်ပြီး တင်ပို့ခွင့်ပြုလိုက်တဲ့အချိန်မှာ ဈေးကွက်အတွင်း ဈေးအနည်းငယ်ပြန်တက်လာခဲ့သလို တောင်သူတော်တော်များများလည်း သက်သာရာရတဲ့အခြေအနေ ဖြစ်သွားပါတယ်။ ဒါပေမယ့် အိန္ဒိယအစိုးရက ပဲစင်းငုံနီကို ပဲအလုံးအပြင် ပဲအခြမ်းပါ တင်ပို့ရမယ်ဆိုတဲ့ ကန့်သတ်ချက်အချို့ကြောင့် ပဲကုန်သည်အချို့ကတော့ နောက်ဆက်တွဲ ခွဲခြမ်းတဲ့စက် လိုအပ်ချက်တွေကို စိုးရိမ်မှုတွေ ရှိလာပါတယ်။ ပဲခြမ်းတွေကိုတော့ အိန္ဒိယနိုင်ငံအပြင် အခြား တရုတ်နိုင်ငံ၊ ယူအေအီးနိုင်ငံတို့ကလည်း ဝယ်ယူနေတာဖြစ်တဲ့အတွက် ဈေးကွက်က ပျက်သွားလောက်တဲ့အခြေအနေတော့ မရှိတော့ဘူးလို့လည်း ကုန်သည်အချို့က သုံးသပ်ထားပါတယ်။

အဆိုပါ မတည်ငြိမ်မှုတွေကြောင့် ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက သုံးရက်လောက် ဈေးမဖွင့်ခဲ့ဘဲ ဈေးပြန်ဖွင့်တဲ့ အချိန်မှာတော့ တစ်တန်ကို ကျပ် ၃၇၇၀၀၀ နဲ့ ဖွင့်ခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၉၀၀၀ နဲ့ ဈေးအနည်းပြန်တက်ခဲ့ပြီး ပခုက္ကူကုန်စည်ဒိုင်မှာတော့ ပဲအဟောင်းက တစ်တင်း ၁၁၀၀၀ ကျော် ပေါက်ဈေးရှိကာ ပဲအသစ်ကတော့ ဈေးမဖွင့်တာကို တွေ့ရပါတယ်။

**ပဲတီစိမ်း**

အိန္ဒိယအစိုးရက ထုတ်ပြန်တဲ့ ပဲတင်ပို့ခွင့်ထုတ်ပြန်ချက်ထဲမှာ ပဲတီစိမ်း တန်ချိန် ၁၅၀၀၀၀ တင်ပို့ခွင့်လည်း ပါတဲ့အတွက် ပဲတီစိမ်းကိုလည်း တခြားပဲတွေလိုမျိုး အလုံးနဲ့ အခြမ်းခွဲပြီး တင်ပို့ရမှာဖြစ်ပါတယ်။ ပဲတီစိမ်းက တရုတ်နဲ့ ထိုင်းက အဓိက ဝယ်ယူနေတာဖြစ်တဲ့အတွက် ဈေးကွက်အတွင်းမှာ မတ်ပဲနဲ့ ပဲစင်းငုံလောက် လှုပ်လှုပ်ခတ်ခတ်မဖြစ်ဘဲ ပုံမှန် အတက်ဈေးနဲ့ သွားနေခဲ့ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်း (ပဲခူးရွှေဝါ)က တစ်ပိဿာကို ကျပ် ၁၀၀၀ ကနေ ၂၂၀၀ အထိ ပေါက်ဈေးရှိပြီး နေပြည်တော်ကုန်စည်ဒိုင်မှာတော့ တစ်ပိဿာကို ၁၃၀၀ ကျော်နဲ့ တစ်ပိဿာမှာ ကျပ် ၅၀ လောက် ဈေးတက်လာပါတယ်။ မုံရွာကုန်စည်ဒိုင်မှာလည်း တစ်ပိဿာကို ကျပ် ၁၀၀၀ ကနေ ၂၀၀၀ ကြား ရှိနေပြီး တစ်ပိဿာမှာ ကျပ် ၁၀၀ ကျော်ဈေးတက်လာပါတယ်။

**နှမ်းနီ**

နှမ်းနီက ပြည်တွင်းဆီစက်တွေရဲ့ ဝယ်ယူမှုများတဲ့အတွက် ဒီတစ်ပတ်မှာလည်း ဈေးတွေတက်လာတာကို တွေ့ရပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်အိတ်ကို ကျပ် ၁၀၈၀၀၀ နဲ့ ဈေးငြိမ်နေပြီး ပြည်ကုန်စည်ဒိုင်မှာတော့ တစ်အိတ်ကို ကျပ် ၁၁၅၀၀၀ နဲ့ ကျပ်ငါးထောင်လောက် ဈေးတက်လာပါတယ်။ နေပြည်တော်ကုန်စည်ဒိုင်မှာတော့ တစ်အိတ်ကို ကျပ် ၉၀၀၀၀ လောက် ပေါက်ဈေးရှိပြီး တစ်အိတ်မှာ ၅၀၀၀ ကျပ်ခန့် ဈေးတက်လာပါတယ်။ လက်ရှိမှာ မိုးနှမ်းကို စိုက်ပျိုးတော့မှာဖြစ်ပြီး လက်ကျန်နှမ်းတွေကလည်း နည်းလာတဲ့အတွက် အချို့နှမ်းတွေ ဈေးကွက်အတွင်း ဈေးတက်လာပြီး တချို့နှမ်းတွေကတော့ လက်ကျန်မရှိတော့တာကိုတွေ့ရပါတယ်။

**ကြက်သွန်ဖြူ**

ကြက်သွန်ဖြူ(ကြူကုတ်)ကတော့ ဒီတစ်ပတ်မှာ ဈေးတက်လာပါတယ်။ ဈေးကွက်အတွင်း အရောင်းအဝယ်သွက်နေပြီး တရုတ်ဘက်က အဝင်နည်းတဲ့အတွက် ဈေးတက်လာတာလည်းဖြစ်ပါတယ်။ ရန်ကုန်ကုန်စည်ဒိုင်မှာ ကြက်သွန်ဖြူ(ကြူကုတ်)က တစ်ပိဿာကို ကျပ် ၁၃၅၀ အထိရှိပြီး တစ်ပတ်အတွင်း တစ်ပိဿာမှာ ကျပ် ၂၀၀ လောက် ဈေးပြန်တက်လာပါတယ်။ နေပြည်တော်မှာတော့ တစ်ပိဿာကို ၁၄၀၀ ရှိပြီး ကျပ် ၁၀၀ လောက် ဈေးကျဆင်းသွားပါတယ်။

**ဝတ်ရည်မွန်(AMIA)**

# အမေရိကန်နိုင်ငံက ရေထွက်ပစ္စည်းနှင့် လယ်ယာထွက်ကုန်တင်သွင်းမှုအပိုင်းတွင် တင်းကျပ်စွာ စိစစ်နေ

**နေပြည်တော် မေ ၁၃**
အမေရိကန်နိုင်ငံက မြန်မာအပါအဝင် အခြားသောနိုင်ငံများမှ တင်ပို့နေသည့် ရေထွက်ပစ္စည်းနှင့် လယ်ယာထွက်ကုန်များကို တင်သွင်းမှုအပိုင်းတွင် တင်းကျပ်စွာ စိစစ်နေပြီး အရည်အသွေး မပြည့်မီပါက ပြန်လည်တင်ပို့ခံရမှုများ ဖြစ်ပေါ်နိုင်ကြောင်း ပြည်ပပို့ကုန်လုပ်ငန်းရှင်များက ပြောသည်။

"မြန်မာနိုင်ငံရဲ့ ပို့ကုန်တွေအထူးသဖြင့် စားသောက်ကုန်ပစ္စည်းတွေ ဖြစ်တဲ့ ဆန်၊ ပဲ၊ ပြောင်းစတဲ့ ကုန်ပစ္စည်းတွေမှာ ပိုးသတ်ဆေးဓာတ်ကြွင်းကျန်ရှိမှုတွေ၊ ထုပ်ပိုးမှုနည်းစနစ် မမှန်ကန်တာတွေ၊ ခေတ်မီတဲ့ထုပ်ပိုးမှုနည်းစနစ်နဲ့ ထုပ်ပိုးခြင်း မပြုတာတွေ၊ အဲဒါတွေနဲ့ပတ်သက်ပြီး စံချိန်စံညွှန်း မမီလို့ ကိုယ့်နိုင်ငံကို ပြန်ပို့ခံရတာတွေ အများအပြားရှိနေတယ်၊ အခုအခါမှာလည်း မြန်မာနိုင်ငံကနေ အမေရိကန်နိုင်ငံသို့ တင်ပို့ခွင့်ရတဲ့ ကုန်ပစ္စည်းအမယ်များအနက် ရေထွက်ကုန်ပစ္စည်းတွေကို တင်ပို့ရာမှာ သတ်မှတ်စံချိန်စံညွှန်းနဲ့ ကိုက်ညီမှုမရှိတဲ့အတွက် ငြင်းပယ်ခြင်း(Reject) ခံခဲ့ရပါတယ်၊ အဲဒီလို ငြင်းပယ်ခံခဲ့ရတဲ့အတွက် မြန်မာနိုင်ငံက ပို့ကုန်လုပ်ငန်းရှင်များအနေနဲ့ များစွာ ဆုံးရှုံးနစ်နာမှုရှိခဲ့ပါတယ်၊ နောက်ထပ် လိုအပ်တဲ့ အချက်အလက် မလိုက်နာရင်လည်း ပြန်ပို့ခံရမယ့် အနေအထားတွေ ရှိလာနိုင်လို့ အရည်အသွေးပိုင်းကို အထူးဂရုစိုက်ဖို့ လိုတယ်"ဟု ပို့ကုန်လုပ်ငန်းရှင် ဒေါက်တာမြတ်မင်းက ပြောသည်။

မြန်မာနိုင်ငံမှ အမေရိကန်သို့ ပုစွန်၊ ငါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ တင်ပို့နေပြီး ပုစွန်ကို တင်ပို့မှုများကြောင်း သိရသည်။ ငြင်းပယ်ခံရသည့်အကြောင်းရင်းများအနေဖြင့် တင်ပို့သည့်ကုန်စည်များမှာ ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် ဓာတ်သတ္တုပစ္စည်းများ ပါရှိနေခြင်း၊ ကုန်ပစ္စည်း ထုပ်ပိုးရာတွင် ပါရှိသင့်သည့်အချက်အလက်များ မပါရှိခြင်း၊ စားသုံးရန် မသင့်တော်ခြင်း၊ သန့်ရှင်းလတ်ဆတ်မှု မရှိခြင်း၊ ထုပ်ပိုးမှုပုံစံအရ ဖော်ပြရမည့် အလေးချိန်၊ စံချိန်စံညွှန်း၊ အရေအတွက်တို့ကို ဖော်ပြထားသော်လည်း အတွင်းမှ ကုန်ပစ္စည်းနှင့် ကိုက်ညီမှု မရှိခြင်း၊ ပါဝင်မှုအချိုးအစားများကို ကုန်အမှတ်တံဆိပ်ပေါ်တွင် ဖော်ပြထားမှုမရှိခြင်း၊ တံဆိပ်များကို သိသာထင်ရှားစွာ ဖော်ပြထားမှုမရှိခြင်း၊ တံဆိပ်လွဲမှားကပ်ခြင်း၊ တံဆိပ်ပေါ်တွင် အစားအစာ၏အမည်ကို ဖော်ပြထားမှုမရှိခြင်း စသည့် အချက်များဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီး ပို့ကုန်လုပ်ငန်းရှင်များအဖွဲ့မှ လုပ်ငန်းရှင်ဦးရဲထွေးက ရေထွက်ပစ္စည်းက အများဆုံး ပို့တာဖြစ်လို့ ပို့ကုန်ပိုင်း ဂရုစိုက်ရတာပေါ့၊ ဒီနိုင်ငံက နည်းပညာမြင့်ပြီး လူအင်အား ငွေအင်အား သုံးနိုင်တော့ စစ်ဆေးလိုက်ရင် အလွယ်တကူ ပေါ်လာတာတွေရှိတော့လုပ်ငန်းရှင်တွေအနေနဲ့ အထူးဂရုစိုက်နေရတယ်"ဟု ပြောသည်။

အမေရိကန်နိုင်ငံက မြန်မာကို GSPအစီအစဉ်အရ အကောက်ခွန်သက်သာခွင့် ကုန်စည်လိုင်း ပေါင်း ၄၉၀၀ ကျော် ပေးထားပြီး သက်သာခွင့်ရရှိသည့် ရေထွက်ကုန် ကုန်စည်လိုင်း ၃၄ လိုင်း ရရှိထားကြောင်း သိရသည်။ မြန်မာ-အမေရိကန် နှစ်နိုင်ငံကြားတွင် သံတမန်ဆက်သွယ်မှုကို ၁၉၄၇ ခုနှစ်က စတင်ခဲ့ပြီး ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်အတွက် မူဘောင်သဘောတူစာချုပ် (Trade and Investment Framework Agreement –TIFA)ကို ၂၀၁၃ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည်။ အမေရိကန်၏ GSP အစီအစဉ်ကို ၁၉၇၆ ခုနှစ်က စတင်ခဲ့ရာ မြန်မာနိုင်ငံသည် GSP အစီအစဉ် စတင်ခဲ့သည့်အချိန်မှစပြီး အခွင့်အရေးခံစားခွင့်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သော်လည်း ၁၉၈၉ ခုနှစ်တွင် စီးပွားရေးပိတ်ဆို့ခဲ့မှုကြောင့် အဆိုပါအခွင့်အရေးကို ဆုံးရှုံးခဲ့ရဖူးသည်။



ပြည်တွင်းလယ်ယာထွက်ကုန်ပြပွဲတစ်ခုတွင် ပြသထားသော စိုက်ပျိုးရေးထွက်ကုန်များ

**ဇာလင်းသူ(AMIA)**
**ဓာတ်ပုံ-ဝတ်ရည်မွန်(AMIA)**

# မန္တလေး၌ မိုးငရုတ်ပျိုးပင် ဈေးမြင့်နေခြင်းကြောင့် အစေ့ထောင်စိုက်နည်းဖြင့် စမ်းသပ်စိုက်ရန် ပြင်ဆင်

**မန္တလေး မေ ၁၃**
မိုးငရုတ်စိုက်ရန် ပျိုးပင်ဈေးနှုန်း ကြီးမြင့်နေခြင်းကြောင့် အစေ့ထောင်စိုက်နည်းဖြင့် စမ်းသပ်စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း မန္တလေးတိုင်းဒေသကြီးရှိ ငရုတ်စိုက်တောင်သူများက ပြောသည်။

မိုးငရုတ်များကို ဧပြီလမှစ၍ ပျိုးထောင်ကာ မိုးများများရွာသွန်းသည့် ဇွန်လအတွင်း စိုက်ပျိုးကြခြင်းဖြစ်ပြီး စက်တင်ဘာလတွင် ခူးဆွတ်ကြကြောင်း သိရသည်။

ပျိုးထောင်ချိန်နောက်ကျတဲ့သူတွေက ပျိုးဝယ်စိုက်တာ များတယ်၊ ပျိုးတစ်ရာကို ကျပ် ၇၀၀၀ ကနေ ၁၅၀၀၀ ကြား ရှိနေတယ်၊ စောစောစိုက်နိုင်ရင် စိုက်နိုင်သလို ဈေးကောင်းရသလို အထွက်ပိုတယ်၊ မိုးငရုတ် ကောက်တဲ့အချိန်က ဆောင်းရာသီ ရောက်ခါစအထိဆိုတော့ ဆောင်းနှင်းကျလာရင် အသီးတွေ ပျက်စီးတတ်လို့ စောစောစိုက်နိုင်ဖို့ပြင်ဆင်နေကြတာ ဖြစ်ပါတယ်၊ အစေ့ထောင်နည်းဆိုတာက စိုက်ကွက်ထဲမှာ အပင်ဖောက်ပြီးသားကို မြေကွင်းတည်းမှာ တစ်ခါတည်း စိုက်လိုက်တာပါ၊ သူက ပျိုးထောင်ပြီး တစ်လသားအရွယ်မှာ စစိုက်လို့ရပါပြီ"ဟု ကျောက်ဆည်ရှိ ငရုတ်စိုက်တောင်သူများ ကွန်ရက်ဝင် ဦးကျော်သက်လင်းက ပြောသည်။

ငရုတ်ပျိုးပင် ပျိုးထောင်ရာတွင် မိုးရွာသွန်းနိုင်မည့်အချိန်နှင့် တစ်လခန့်စော၍ ပျိုးထောင်ရသကဲ့သို့ ပျိုးပင်များ ရှင်သန်ရန်နှင့် အပင်ပေါက်စေရန် ရေဖျန်းပေးရကြောင်းလည်း သိရသည်။ "မိုးကာလမှာ ပျိုးပင်သက်တမ်း နှစ်လအထိ ထားလို့ရတယ်၊ အပင်ငယ်ငယ်နဲ့စိုက်ရင် အသေနှုန်းများတယ်၊ အပင်ထွားတာ ရွေးစိုက်ရတယ်၊ မျိုးစေ့တစ်ပြည်ကို ကျပ် ၂၁၀၀၀ ပေးဝယ်ရတယ်"ဟု မန္တလေးတိုင်းဒေသကြီး မြစ်သားရှိ ငရုတ်စိုက်တောင်သူတစ်ဦးဖြစ်သူ ဦးမျိုးလွင်က ပြောသည်။

ငရုတ်တစ်ဧကစိုက်လျှင် ပျိုးပင်ပေါင်း တစ်သောင်းမှ တစ်သောင်းသုံးထောင်ကြား ကုန်ကျပြီး စိုက်လုပ်သား ငါးယောက်ခန့် ငှားရမ်းရခြင်းကြောင့် တစ်ဧကလျှင် အနည်းဆုံး ကျပ်တစ်သိန်းကျော် ကုန်ကျကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ငရုတ်ကို မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးကြပြီး ပြည်ပတင်ပို့မှုထက် ပြည်တွင်းစားသုံးမှုက ပိုမြင့်မားကာ အမျိုးအစားအပေါ်မူတည်၍ တစ်ပိဿာလျှင် ကျပ် ၃၅၀၀ မှ ကျပ် ၅၀၀၀ အထိ ရရှိကြောင်း၊ မိုးကြိုငရုတ်၊ မိုးနှောင်းငရုတ်နှင့် ဆောင်းငရုတ်ဟူ၍ ခွဲခြားစိုက်ပျိုးကြောင်း သိရသည်။

လက်ရှိ မြန်မာနိုင်ငံတွင် စိုက်ပျိုးနေသော ငရုတ်မျိုးစေ့ အမျိုးအစားပေါင်း ၂၀ ခန့်ရှိပြီး ငရုတ်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက Re-export စနစ်ဖြင့် တင်ပို့ခွင့်ပြုထားသည်။

**မြတ်သူ(AMIA)**
**ဓာတ်ပုံ-ကေဇူး(AMIA)**

# တရုတ်သို့တင်ပို့သည့် လယ်ယာထွက်ကုန်များကို အရည်အသွေးပိုင်းဆိုင်ရာ ထောက်ခံချက်ဖြင့် မြှင့်တင်မည်



**နေပြည်တော် မေ ၁၃**
မြန်မာ-တရုတ် ပို့ကုန်များတွင် လယ်ယာထွက်ကုန်များဖြစ်သော ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ပြောင်းတို့ကို အရည်အသွေး မြင့် ထုတ်ကုန်များအဖြစ် တင်ပို့နိုင်ရေးအတွက် အရည်အသွေးပိုင်းဆိုင်ရာ ထောက်ခံချက်ဖြင့် မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

နှစ်နိုင်ငံ တင်ပို့နေသည့် ဈေးကွက်များ ရေရှည်ခိုင်မာရေး၊ တရားဝင် တင်ပို့နိုင်ရေးအတွက် အစိုးရချင်း ချိတ်ဆက်ဆောင်ရွက်ရန်၊ အရည်အသွေးထိန်းကျောင်း၍ စီမံချက်ရေးဆွဲရာတွင် ပါဝင်စစ်ဆေးမည့် လယ်ယာထွက်ကုန်များ၊ စစ်ဆေးမည့်လမ်းကြောင်းနှင့် နေရာများ ချမှတ်ရန်တို့ကို ဆောင်ရွက်မည်ဟု သိရသည်။

"မြန်မာက တရုတ်ကို တင်ပို့နေတာ ဆန်၊ ပြောင်းနဲ့ ပဲတွေဖြစ်တော့ အရည်အသွေးပိုင်းက အဆင့်မီဖို့ လိုလာတယ်၊ အရည်အသွေးထိန်းကျောင်းဖို့ ဆောင်ရွက်ပေးမယ့် စံပြလုပ်ထုံး လုပ်နည်းတွေ၊ ကုန်ပစ္စည်းစစ်ဆေးမယ့် လုပ်ငန်းတွေ ဌာနပေါင်းစုံက ဝိုင်းဝန်းဆွေးနွေးပြီးတော့ ဆောင်ရွက်မယ်"ဟု ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောသည်။

ထိုသို့ဆောင်ရွက်နိုင်ရန် စီးပွား၊ ကူးသန်းမှ သက်ဆိုင်ရာဌာနများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သုတေသနနှင့် ဆန်းသစ်တီထွင်စမ်းသပ်မှုဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်း စသည်တို့ ပါဝင်ဆောင်ရွက်နေကြောင်း သိရသည်။

"ဆန်ပို့ကုန်ရဲ့ ၈၀ ရာခိုင်နှုန်းက တရုတ်ကိုသွားနေသလို အခုနောက်ပိုင်း ပဲတီစိမ်းရွှေဝါနဲ့ ပဲစင်းငုံလုံးခြမ်းတွေ ပို ပို့လာနိုင်တယ်၊ သူတို့ဘက်က တရားမဝင် သတ်မှတ်ပေမယ့် ဆန်နဲ့ ပြောင်းကို နိုင်ငံတကာပေါက်ဈေးထက် ပိုပေးဝယ်တယ်။ တရုတ်ကုန်ပစ္စည်းစစ်ဆေးတဲ့ AQSIQ က နောက်ပိုင်း စနစ်တကျ စစ်ဆေးလာတယ်"ဟု ပို့ကုန်လုပ်ငန်းရှင်များအဖွဲ့မှ ဒေါက်တာမြတ်မင်းက ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် လယ်ယာ ပို့ကုန်များ တိုးမြှင့်တင်ပို့လာနိုင်သော်လည်း သဘာဝဘေးအန္တရာယ်များကို ခံစားရလေ့ရှိခြင်း၊ ပို့ကုန်များ တင်ပို့ရာတွင် ကုန်သွယ်ရေးဆိပ်ကမ်းများတွင် တင်ပို့ကုန်များမှုကြောင့် ကုန်စည်ကျပ်ကာ သယ်ယူပို့ဆောင်ရေး စရိတ်များ မြင့်တက်လျက်ရှိခြင်း၊ သွင်းအားစုများ၏ ကုန်ကျစရိတ်များ မြင့်မားခြင်း၊ စိုက်ပျိုးသည့်သီးနှံများအတွက် မျိုးကောင်းမျိုးသန့်ရရှိရန် ခက်ခဲခြင်း၊ အရည်အသွေးမြင့် ဆန်စပါးများ မထုတ်လုပ်နိုင်ခြင်း၊ နိုင်ငံတကာဈေးကွက်နှင့် ဝယ်လိုအားအပေါ် တည်မှီနေရခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ ရိတ်သိမ်းမှုစနစ်များ၊ ထုတ်လုပ်မှုစနစ်များ လိုအပ်နေခြင်းစသည့် အချက်များကြောင့် စိန်ခေါ်မှုအခက်အခဲများ ဖြစ်ပေါ်နေကာ လယ်ယာပို့ကုန်များအပေါ် လိုအပ်သည်ထက်ပို၍ ဝယ်ယူနေသည့် တရုတ်နိုင်ငံသို့ သာအားထားတင်ပို့နေရခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် လယ်ယာထွက်ကုန် တင်ပို့မှုမှ ကန်ဒေါ်လာ သုံးဘီလီယံနီးပါးအထိရရှိနေပြီး ဈေးကွက်များအနေဖြင့် တရုတ်၊ ဥရောပ၊ အိန္ဒိယ၊ ထိုင်း စသည့်နိုင်ငံများကို အဓိက တင်ပို့လျက်ရှိကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)**
**ဓာတ်ပုံ-ကေဇူး(AMIA)**

# မျိုးကောင်း မျိုးသန့်များ အရှိန်အဟုန်နှင့် စိုက်ပျိုးထုတ်လုပ်နိုင်စေရန်ဆောင်ရွက်လျက်ရှိ

**မကွေး မေ ၁၃**
နိုင်ငံအတွင်း မျိုးကောင်း မျိုးသန့်များ အရှိန်အဟုန်နှင့် စိုက်ပျိုးထုတ်လုပ်နိုင်စေရန်အတွက် ဌာနဆိုင်ရာခြံများအပြင် ပုဂ္ဂလိကများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၉ ရက်က ကျင်းပသည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။

"တောင်သူတွေ မျိုးကောင်းမျိုးသန့်တွေကို လိုချင်သလောက် ဝယ်ယူအသုံးပြုနိုင်အောင် မျိုးကောင်းမျိုးသန့်တွေ အရှိန်အဟုန်နဲ့ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် ဌာနဆိုင်ရာခြံတွေအပြင် ပုဂ္ဂလိကတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်၊ မျိုးစေ့ထုတ်လုပ်ငန်းတွေမှာ မျိုးစေ့စစ်ဆေးခြင်းတွေ ဆောင်ရွက်တဲ့အခါ သက်ဆိုင်ရာ မျိုးစေ့အဆင့်အလိုက် အရည်အသွေးပြည့်မီတဲ့ မျိုးစေ့တွေ ထုတ်လုပ်နိုင်ဖို့ ကြပ်မတ်ပြီးခွင့်ပြုဖို့ လိုအပ်ပါတယ်၊ ဘက်စုံအဆင့်မြင့်စံပြကျေးရွာတွေကို တစ်ခရိုင်တစ်ရွာ ပြုလုပ်ခြင်းမှ 'တစ်မြို့နယ်တစ်ရွာ' အဆင့်အထိ ရောက်ရှိလာဖို့ ကြိုးပမ်းသင့်ပါတယ်၊ GAP(Good Agricultural Practice) စနစ်နဲ့ သီးနှံတွေ စိုက်ပျိုးထုတ်လုပ်ခြင်းကို တောင်သူတွေသိရှိလာစေဖို့ တိုးချဲ့ပညာပေးမှုတွေ ပြုလုပ်ပေးဖို့လိုအပ်ပါတယ်၊ ခုလည်း သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ အဖွဲ့အစည်းတွေက လုပ်နေကြပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောသည်။

မျိုးကောင်းမျိုးသန့်များ တိုးချဲ့ထုတ်လုပ်ရာတွင် စမ်းသပ်ကွက်၊ စံပြကွက်များကို နည်းစနစ်တကျ တောင်သူစံပြဖြစ်အောင် ပြုလုပ်ရန်နှင့် တောင်သူများ၏ အခက်အခဲများကို သက်ဆိုင်ရာသို့ သိရှိစေရန် တင်ပြပေးသင့်ကြောင်း၊ တောင်သူများအတွက် ပုံစံ(၇)နှင့် ဂရန်များ ရရှိစေရန်အတွက်လည်း ပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း၊ Call Center များနှင့်ပတ်သက်၍ တောင်သူများ ရင်းနှီးကျွမ်းဝင်လာစေရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် ဒုတိယတိုင်းဦးစီးမှူးများဖြစ်ကြသော ဒုညွှန်ကြားရေးမှူး ဦးလင်းမြတ်၊ ဒုညွှန်ကြားရေးမှူး ဦးတိုးမင်း၊ တိုင်းဒေသကြီး၊ ခရိုင် မြေအသုံးချရေး တာဝန်ခံများ၊ သီးနှံကာကွယ်ရေး တာဝန်ခံများ၊ မျိုးစေ့တာဝန်ခံများ တက်ရောက်ကြပြီး စိုက်ပျိုးရေးတွင်လိုအပ်သည့် စိုက်နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရေး၊ မျိုးကောင်းမျိုးသန့်များ တိုးချဲ့ထုတ်လုပ်နိုင်ရေးနှင့် GAP စနစ်ဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းကို တောင်သူများသိရှိလာစေရန် တောင်သူပညာပေးဆွေးနွေးပွဲများ ပြုလုပ်ပေးရေးတို့ကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ကျွန်တော်နဲ့ ဟာလောင်းဘေး



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

ရုတ်တရက် ဟာလောင်းဘေးဆိုတဲ့ စကားကို နားလည်မှာ မဟုတ်ဘူး။ အမှန်တော့ ဗီယက်နမ်နိုင်ငံမှာရှိတဲ့ ကမ္ဘာကျော် ဟာလောင်းပင်လယ်ကွေ့ကို ရည်ညွှန်းတာ ဖြစ်တယ်။ ပစိဖိတ်သမုဒ္ဒရာနဲ့ ဆက်စပ်နေတဲ့ ပင်လယ်တွေ။ ဟာလောင်းရဲ့ထူးခြားမှုကတော့ ကျွန်းပေါင်းသောင်းကျော်ရှိနေတာ ဖြစ်တယ်။ သကြ်န်ရုံးပိတ်ရက်အတွင်း အပျော်ခရီးထွက်ဖို့ စဉ်းစားတဲ့အခါ ရတဲ့ရက်က နည်းနည်း၊ ရွေးချယ်စရာတွေကလည်း များတာမို့ အတော်စဉ်းစားရတာ။ နောက်ဆုံးတော့ မရောက်ဖူးသေးတဲ့ နေရာကို ရွေးချယ်ခဲ့တယ်။ ဇနီးမောင်နှံ ဗီယက်နမ်လေကြောင်းကတစ်ဆင့် မြို့တော်ဟန္ွိုင်းကို ထွက်ခဲ့ကြတယ်။ လေယာဉ်ကွင်းရောက်တဲ့အခါ လူဝင်မှုကြီးကြပ်ရေးအစီအစဉ်ကို အံ့သြချီးကျူးမိတယ်။ ပုံစံဖြည့်ဖို့စာရွက်လည်း မပေးဘဲ ဘယ်လိုလုပ်ရမလဲ စဉ်းစားခဲ့တာ။ နိုင်ငံကူးလက်မှတ်ကို ထုတ်ပြလိုက်တော့ အချိန်တိုတိုအတွင်းမှာ တံဆိပ်တုံးထုပေးလိုက်တယ်။ ဘာမှမဖြည့်ဘဲ ဘယ်စနစ်နဲ့ လုပ်သလဲဆိုတာ စဉ်းစားလို့မရဘူး။ သိတာတစ်ခုကတော့ အချိန်မကုန်ဘဲ ချောချောမွေ့မွေ့နဲ့ အထုပ်တွေ ရွေးတဲ့နေရာကို သွားခဲ့ကြတယ်။ ဒီစနစ်ကို ကျွန်တော်တို့ အတုခိုးလို့ မရဘူးလားဆိုတဲ့မေးခွန်း ခေါင်းထဲပေါ်လာတယ်။ ကမ္ဘာလှည့်ခရီးသည်တွေကို ကြိုဆိုချင်ရင် လွယ်ကူအောင် လုပ်ရမယ်။

### အတုခိုးရမယ့်ကိစ္စ

နိုင်ငံကူးလက်မှတ်ပြရုံနဲ့ ပြည်ဝင်ခွင့်ပေးတာကို လေ့လာဖို့ လိုလိမ့်မယ်။ အတုခိုးရမယ့် ကိစ္စဖြစ်တယ်။ ခေါက်ရိုးကျိုးနေတဲ့ အတွေးနဲ့တော့ ဖြစ်မယ်မထင်ဘူး။ နိုင်ငံခြားကမ္ဘာလှည့် ခရီးသည်တွေဟာ ရန်ကုန်နဲ့ မန္တလေးက ဝင်တာများတယ်။ အခုလို လက်ခံပြီးတဲ့အခါ ပြည်တွင်းဘယ်နေရာသွားသွား ထပ်ပြီး စစ်ဆေးစရာ မလိုတော့ဘူးလို့ စဉ်းစားမိပေမယ့် ဟဲဟိုးလေဆိပ်တို့၊ သံတွဲလေဆိပ်တွေမှာ ထပ်စစ်နေသေးတာ တွေ့ရတယ်။ တစ်ချိန်တုန်းက ရှိတဲ့စိတ်ဓာတ်တွေက ပြင်ဖို့ခက်နေတာ။ မယုံကြည်မှုနဲ့ အရာရာကို သုံးသပ်တော့ လွယ်အောင်လုပ်တာကို မနှစ်မြို့ကြဘူး။ အမေရိကန်ရောက်ဖူးတဲ့သူတိုင်း သိကြမှာဖြစ်တယ်။ သူ့နိုင်ငံဝင်တဲ့အခါ ကြပ်ကြပ်မတ်မတ်စစ်တယ်။ ဗီဇာကို အသေးစိတ်စိစစ်တယ်။ ပြန်ထွက်တဲ့အခါ လူဝင်မှုကြီးကြပ်ရေးအဖွဲ့မရှိတော့ဘဲ လေယာဉ်ကုမ္ပဏီကသာ သာမန်စစ်တယ်။ နိုင်ငံကထွက်တဲ့သူကို အမှန်တော့ စစ်စရာမလိုဘူးလေ။ ထွက်တာကို လွယ်ကူအောင်ဖန်တီးထားတာ။ ဒါဟာလည်း သမားရိုးကျ အတွေးအခေါ်မဟုတ်ဘဲ ရှင်သန်တဲ့အမြင်ဖြစ်တယ်။ ပြန်စဉ်းစားရင် ကျွန်တော်တို့နိုင်ငံမှာ အတော်တိုးတက်နေပါပြီ။ တစ်ချိန်က ၂၄ နာရီဗီဇာ ရှိခဲ့တယ်။

နောက်တော့ ၇၂ နာရီ၊ တစ်ပတ်နဲ့ တဖြည်းဖြည်း ဖြေလျှော့ခဲ့တာ။ အခြေအနေတွေပေါ် မူတည်ပြီး လုပ်ခဲ့ကြတာ။ အခုချိန်မှာတော့ လွတ်လွတ်လပ်လပ် စဉ်းစားတွေးခေါ်ဖို့ လိုအပ်တယ်။ မလိုအပ်တဲ့ လုပ်ထုံးလုပ်နည်းတွေကို ပပျောက်အောင် လုပ်သင့်တယ်။ အရာရာကို စိုးရိမ်တဲ့စိတ်၊ မယုံကြည်တဲ့စိတ်နဲ့ သုံးသပ်နေလို့ မဖြစ်တော့ဘူး။ မှားမှာကြောက်နေတဲ့စိတ်ကို ဖျောက်သင့်တယ်။ လုံခြုံရေးဆိုတာကို ရှေ့တန်းတင်ပြီး တွေးတာထက် မျှမျှတတစဉ်းစားသင့်ပါတယ်။

တည်းမယ့်ဟိုတယ်က ဟန္ွိုင်းမြို့ဟောင်းအတွင်းရှိတာမို့ ရှေးဟောင်းအဆောက်အအုံတွေကို တွေ့မြင်ရတယ်။ ဥရောပရောက်နေသလို ခံစားရတယ်။ အထူးသဖြင့် ပြင်သစ်နိုင်ငံ ပါရီမြို့လိုပဲ ပြင်သစ်တွေဟာ ဗီယက်နမ်အပါအဝင် လာအို၊ ကမ္ဘောဒီးယား သုံးနိုင်ငံကို (Indo-china) အဖြစ် သတ်မှတ်ပြီး နှစ်ပေါင်း ၁၀၀ ကျော် ကျွန်ပြုခဲ့တယ်။ အမှန်တော့ ၁၈ ရာစုနဲ့ ၁၉ ရာစုနောက်ပိုင်းမှာ အာရှနိုင်ငံတွေကို ဥရောပနိုင်ငံတွေက အမဲဖျက်သလို ခွဲဝေပြီး အုပ်ချုပ်စိုးမိုးခဲ့ကြတယ်။ အိန္ဒိယ-မြန်မာ-စင်ကာပူ-မလေးရှား- ပါကစ္စတန်နိုင်ငံတွေဟာ အင်္ဂလိပ် လက်အောက်ရောက်ခဲ့ပြီး ပြင်သစ်ကတော့ (Indo-china) သုံးနိုင်ငံကို အုပ်ချုပ်ခဲ့တယ်။ အင်ဒိုနီးရှားနိုင်ငံကိုတော့ ဟော်လန်နိုင်ငံက သိမ်းပိုက်ခဲ့ပြီး ဖိလစ်ပိုင်ကိုတော့ စပိန်နိုင်ငံက

> **“ဒီခရီးက သုံးရက်နဲ့ နှစ်ညဆိုပေမယ့် အတွေ့အကြုံမျိုးစုံရခဲ့တဲ့ ခရီးစဉ်ဖြစ်တယ်။ ကမ္ဘာ့ သဘာဝအံ့ဖွယ်စာရင်းဝင် ဟာလောင်းဘေးဟာ ရောက်သင့်တဲ့၊ သွားသင့်တဲ့ နေရာတစ်နေရာ ဖြစ်တယ်။ တိုက်ရိုက်ခရီးစဉ်မို့လည်း မပင်ပန်းလှဘူး၊ သူတို့နိုင်ငံရဲ့ အနေအထားကြည့်ပြီး ကိုယ့်နိုင်ငံမှာလည်း လုပ်စရာတွေက အများကြီးဆိုတာ သဘောပေါက်မိတယ်”**

စီမံခဲ့တယ်။ ကျွန်ဘဝက လွတ်မြောက်ခဲ့တဲ့နိုင်ငံကတော့ ထိုင်းနိုင်ငံတစ်နိုင်ငံပဲ ရှိတာ။ အုပ်ချုပ်တဲ့ ဥရောပနိုင်ငံရဲ့လွှမ်းမိုးမှုဟာ အခုချိန်အထိ လက်ကျန်အဖြစ် ကျန်ရှိနေတာမြင်ရတယ်။ ဗီယက်နမ်မှာဆို နံနက်စာအနေနဲ့ ပြင်သစ်မှာ စားသောက်တဲ့ ပေါင်မုန့်ကို စားသုံးနေကြတယ်။

### အစီအစဉ်တွေ လုပ်သင့်

လေယာဉ်ကွင်းမှာ လာကြိုတဲ့ ဧည့်ကြိုရဲ့အကြံပြုချက်နဲ့ နာမည်ကြီးတဲ့ စားသောက်ဆိုင်မှာ ညစာစားခဲ့တယ်။ ဗီယက်နမ်အစားအစာ အမျိုးပေါင်း ၁၀၀ ကျော်တယ်။ ရှမ်းစာလိုလို၊ ကချင်စာလိုလို၊ မုန့်ဟင်းခါးဖတ်ကိုတော့ တွင်တွင်သုံးတယ်။ ကျွန်တော်က အသားရှောင်တော့ ရွေးစရာနည်းနည်းခက်တယ်။ နာမည်ကြီး ဗီယက်နမ်ခေါက်ဆွဲပြုတ် “ဖာ” ကို မစားနိုင်ဘူး။ အမဲသားပြုတ်နဲ့ ချက်ပြုတ်ထားတာ။ ဝက်အူချောင်းတွေကလည်း ကယားပြည်ကအစားအစာနဲ့ ခပ်ဆင်ဆင်။ ဟာလောင်းကို အသွား မနက်စောစောထပြီး နံနက်စာ စားကြတယ်။ ခန်းမထဲက လူတွေက အပြည့်။ ရာကျော်တယ်။ အားလုံးက တရုတ်လူမျိုးတွေ။ ထုံးစံအတိုင်း အသံကျယ်လောင်လောင် အမြဲတမ်းအော်ဟစ်နေသလိုပဲ။ အခုဆိုရင် တစ်ကမ္ဘာလုံးမှာ တရုတ်နိုင်ငံက ကမ္ဘာလှည့်ခရီးသည်တွေကို ကြိုဆိုလက်ခံနေရတာ။ အနောက်နိုင်ငံမှာလည်း ဒီအတိုင်းပဲ။ နိုင်ငံချမ်းသာလာတာနဲ့ အမျှ လူတွေက အပန်းဖြေခရီးထွက်တတ်တဲ့ အလေ့အကျင့်ရှိလာတယ်။ သုံးနိုင်ဖြုန်းနိုင်သူကို ကြိုဆိုရမှာပဲ။ သူတို့ဆီက ရမယ့်ဝင်ငွေက နည်းတာမှ မဟုတ်တာ။ ဒါကြောင့်လည်း နိုင်ငံတွေမှာ တရုတ်စကားတတ်တဲ့ ဝန်ထမ်းတွေကို ရွေးချယ်ခန့်ထားကြတယ်။ အရောင်းစျေးသည်တွေ၊ အစိုးရဝန်ထမ်းတွေ တရုတ်စကားတတ်အောင် ကြိုးစားကြတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း အစီအစဉ်တွေ လုပ်သင့်တယ်လို့ ယူဆတယ်။ အကျိုးနဲ့ အပြစ်ကို ချိန်ပြီး လုပ်ရမှာ။ အပြစ်တွေကိုသာ ကြည့်လို့ မဖြစ်ပါဘူး။

### မြန်မာတွေကို တွေ့ဆုံဖြစ်

နံနက်စာစားပြီး ဟာလောင်းကို ကားနဲ့ထွက်ခွာခဲ့တယ်။ ယာဉ်မောင်းဧည့်ကြိုနဲ့ ကျွန်တော်တို့နှစ်ယောက် လမ်းခရီးက သာယာတယ်။ လမ်းတွေက အတော်ကောင်းတာ။ အမြန်လမ်းက ဥရောပမှာရှိတဲ့လမ်းတွေလိုပဲ။ ဟန္ွိုင်းမြို့အလွန်မှာ တံတားကို ဖြတ်ကျော်တော့ ခပ်လှမ်းလှမ်းမှာ တံတားအဟောင်းတစ်စင်းကို မြင်ရတယ်။ ပုံစံက ရှေးဟောင်းပုံစံ ဧည့်ကြိုက ဒီတံတားကို ပြင်သစ်မြို့ နာမည်ကြီး အီဖယ်မျှော်စင် တည်ဆောက်တဲ့ အင်ဂျင်နီယာတွေက တည်ဆောက်ခဲ့ကြောင်း ရှင်းပြတယ်။ တံတားပုံစံက အဝေးကကြည့်ရင် နဂါးပုံစံနဲ့ စစ်အတွင်း အမေရိကန်တွေ ဗုံးကြဲခဲ့လို့ တချို့အပိုင်းတွေက ပျက်စီးနေတာ တွေ့ရတယ်။ လမ်းတစ်ဝက်မှာ ခဏနားပြီး ဗီယက်နမ်ထွက်ပစ္စည်း ရောင်းချတဲ့ဆိုင်မှာ ဈေးဝယ်ကြတယ်။ ဆိုင်ထဲမှာ မြန်မာတွေကို တွေ့ဆုံဖြစ်တယ်။ အခုလို လည်ပတ်လာတာကို မြင်ရတော့ ကျေနပ်မိပါတယ်။

ဟာလောင်းဘေးရောက်တော့ ကျွန်တော်တို့စီးမယ့် သင်္ဘောပေါ်တက်ပြီး သတ်မှတ်ထားတဲ့ အခန်းထဲမှာ အထုပ်တွေချပြီး စားသောက်ခန်းထဲ စုဝေးကြတယ်။ စားသောက်ခန်းထဲမှာ စားပွဲတွေ နေရာချထားပြီး နိုင်ငံအလံတွေ ထောင်ထားတယ်။ ကျွန်တော်တို့ရဲ့စားပွဲမှာ မြန်မာအလံနဲ့ စင်ကာပူအလံ။ တချို့စားပွဲမှာတော့ အင်္ဂလန်အလံ၊ ဂျာမနီအလံ၊ တောင်ကိုးရီးယားအလံ၊ သြစတြေးလျအလံ၊ ဗီယက်နမ်အလံထောင်ထားတဲ့ စားပွဲ နှစ်ပွဲရှိတယ်။ စုစုပေါင်း ခရီးသည် ၃၀ ပဲရှိတာ။ နေရာချပြီး ခရီးအစီအစဉ်ကို ရှင်းပြတယ်။

### သဘာဝတရားကို အသားပေးထား

သင်္ဘောဟာ ဆိပ်ကမ်းက တဖြည်းဖြည်းထွက်လာတော့ မြင်ကွင်းက အံ့မခန်းလောက်စရာပါပဲ။ ဘယ်နေရာကြည့်ကြည့် ပင်လယ်ပြင်ကြီးထဲမှာ ကျွန်းတွေပေါ်နေတာ။ တချို့က သိပ်ကြီးနေပြီး တချို့က ခပ်သေးသေး။ ကျွန်တော်တို့လို ကျွန်းတွေပတ်နေတဲ့ သင်္ဘောပေါင်း အစီး ၂၀၀ လောက်ရှိတယ်။ အရွယ်အစားကလည်း အမျိုးမျိုး။ အခုလို ကျွန်းတွေပတ်ရင်း နေ့လယ်စာကျွေးတယ်။ အစားအသောက်က ကောင်းတယ်။ ပင်လယ်စာတွေများတော့ ကျွန်တော့်အတွက် အဆင်ပြေသွားတယ်။ နေ့လယ်ခဏနားပြီး အံ့သြစရာဂူရှိတဲ့ ကျွန်းဆီထွက်ခဲ့ကြတယ်။ မိုးကရွာနေတော့ သင်္ဘောအဆင်းမှာ သတိထားရတယ်။ ဂူထဲဝင်ဖို့တောင်ပေါ်တက်ရတယ်။ လှေကားတွေရှိပေမယ့် မတ်စောက်တာမို့ အားစိုက်တက်ခဲ့ကြတယ်။ ဂူကြီးထဲမှာ အခန်းက သုံးခန်း။ အထဲဝင်လိုက်တာနဲ့ ထုံးကျောက်ဂူဖြစ်တာမို့ ကျောက်တွေရဲ့ တည်ဆောက်ထားပုံက ထူးဆန်းတာ၊ တိရစ္ဆာန်ပုံတွေ ဖြစ်တယ်လို့ ပြောကြတယ်။ အထူးခြားဆုံးက ဂူရဲ့မျက်နှာကြက် သဘာဝအလှက အင်မတန်ထူးဆန်းတာ။ အဆောင်သုံးခုထဲဝင်တဲ့အခါ မီးတွေထွန်းညှိထားတာက သပ်ရပ်လှတယ်။ သဘာဝတရားကို အသားပေးထားတယ်။ အထူးခြားဆုံးကတော့ အမှိုက်တစ်စမှ မတွေ့ဘူး။ သန့်ရှင်းအောင် ဘယ်လိုဆောင်ရွက်ထားသလဲ မသိဘူး။ ခရီးသည်တွေ ဒီလောက်များလျက်နဲ့ အခုလို ထိန်းသိမ်းထားတာ ချီးကျူးရမယ့်ကိစ္စဖြစ်တယ်။ မြန်မာပြည်မှာရှိတဲ့ ထုံးကျောက်ဂူတွေဟာလည်း လှပလာတယ်။ ဒါပေမယ့် အပြင်အဆင် သန့်ရှင်းရေးတွေတော့ ဂရုစိုက်ရမှာ။ နောက်ကျွန်းတစ်ခုကတော့ ရုရှားအာကာသအမည်ပေးထားတဲ့နေရာ။ ကျွန်းပေါ်တက်ပြီး ခဏနားကြတယ်။ ဂူကိုကြည့်ပြီး ပင်လယ်ကွေ့ထဲ လှည့်ပတ်ခဲ့တယ်။ ညစာကိုတော့ နေ့လယ်စာလိုမဟုတ်တော့ဘဲ ကိုယ့်အရှေ့မှာ စားသောက်ဖွယ်ရာတွေကို လာချပေးတယ်။ ကျွန်တော်ကြိုက်တဲ့ ကမာကို စားရတယ်။ ပုစွန်တွေ၊ ပြည်ကြီးငါးတွေကလည်း လတ်လတ်ဆတ်ဆတ်။

နောက်တစ်နေ့ မနက်အစောကြီးထ ထိုက်ချိလေ့ကျင့်ခန်းကို သင်ပေးတယ်။ သင်တန်းအပြီး နံနက်စာစားပြီး ကျောက်ဂူတစ်ဂူရှိတဲ့ ကျွန်းကို လိုက်ပို့တယ်။ ဂူက အီတလီနိုင်ငံက ဂူတွေနဲ့ ခပ်ဆင်ဆင်။ ပင်လယ်ပြင်အတွင်းမှာရှိတဲ့ ဂူဖြစ်တာမို့ ဂူအောက်က ရေတွေ ဖြတ်ရတယ်။ ကရင်ပြည်နယ်မှာရှိတဲ့ ဆဒ္ဒန်ဂူနဲ့လည်း ဆင်တယ်။

ဂူကတစ်ဆင့် သင်္ဘောပြန်တက်။ နေ့လယ်စာစားပြီး ဟန္ွိုင်းမြို့ကို ပြန်မယ့်ဆိပ်ကမ်းကို ထွက်ခဲ့ကြတယ်။ ဆိပ်ကမ်းမှာ ဧည့်ကြိုနဲ့ ကားက စောင့်နေကြတယ်။ အပြန်လမ်းမှာ ကြွေထည် မြေထည်ရောင်းတဲ့ဆိုင် ဝင်ကြတယ်။ ညဘက်မှာ တစ်နေ့က စားတဲ့ စားသောက်ဆိုင်မှာပဲ ညစာကို စားဖြစ်တယ်။

ဒီခရီးက သုံးရက်နဲ့ နှစ်ညဆိုပေမယ့် အတွေ့အကြုံမျိုးစုံရခဲ့တဲ့ ခရီးစဉ်ဖြစ်တယ်။ ကမ္ဘာ့သဘာဝ အံ့ဖွယ်စာရင်းဝင် ဟာလောင်းဘေးဟာ ရောက်သင့်တဲ့၊ သွားသင့်တဲ့ နေရာတစ်နေရာ ဖြစ်တယ်။ တိုက်ရိုက်ခရီးစဉ်မို့လည်း မပင်ပန်းလှဘူး။ သူတို့နိုင်ငံရဲ့ အနေအထားကြည့်ပြီး ကိုယ့်နိုင်ငံမှာလည်း လုပ်စရာတွေက အများကြီးဆိုတာ သဘောပေါက်မိတယ်။ ။



# မြောင်းရေလျှံပြီး မြေပြိုမှုဖြစ်ပွား၍ နေအိမ်များပြိုကျမည်ကို စိုးရိမ်ရ

**မတူပီ မေ ၁၃**

မတူပီမြို့၌ မေ ၁၀ ရက်က လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မတူပီမြို့ လောင်ဗန်းရပ်ကွက်ရှိ မြို့ပတ်လမ်းနှင့် လည်မျိုလမ်းတို့ မြောင်းရေတိုက်စား၍ ပြိုကျမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ မြောင်းရေတိုက်စားမှုကြောင့် လောင်ဗန်းအုပ်ချုပ်ရေးမှူး ဦးဆုံနိန်း၏နေအိမ်နှင့် အခြားလူနေအိမ် ငါးလုံး မြေပြိုမှုဘေးကြုံနိုင်ပြီး အက်ကြောင်းများ အိမ်ခြံဝင်းအတွင်းဘက်အထိ ရောက်နေပြီဖြစ်၍ နောက်ထပ် မိုးရွာသွန်းမှုကြောင့် မြောင်းရေလျှံခြင်း ထပ်မံဖြစ်ပွားပါက မြေပြိုမှုထဲ၌ ပါသွားနိုင်ကြောင်း သိရသည်။

“အရင်နှစ်တွေက မြောင်းရေ ဒီလောက်လျှံကျတာ မဖြစ်ဖူးဘူး၊ ဒါပေမယ့် လောင်ဗန်းရပ်ကွက်အထက်ပိုင်း နတလကျောင်း၊ အိမ်တွင်းမှုကျောင်းနဲ့ အထက (၁) ကျောင်းဝင်းအတွင်းမှာ ရှိတဲ့ ရေမြောင်းတွေကို ပိုလ်တိုက်ချွန်း အားကစားကွင်းထဲကို ရေလွှဲလို့ အခုလို မြောင်းရေလျှံပြီး ရေတိုက်စားမှုတွေ ဖြစ်ရတာပါ၊ မြောင်းရေက လည်မျိုချောင်း လောက်ကြီးတယ်၊ ပြီးတော့ ဒီမြို့ပတ်လမ်းမှာ ရေပြွန်လုပ်ပေးဖို့ဆိုပြီး ဘိလပ်မြေအိတ်၊ ကျောက်၊ ဘိလပ်မြေဖျော်စက် တစ်ခုနဲ့ လျှပ်စစ်မီးတိုင်တစ်ခု ရှိတာလည်း မြောင်းရေနဲ့အတူ မြေပြိုတဲ့အထဲ ပါသွားပြီ” ဟု လောင်ဗန်းရပ်ကွက် မြို့ပတ်လမ်း၌ နေထိုင်သူတစ်ဦးက ပြောသည်။

ယခင်နှစ်များက မြေပြိုမှုဘေး ကြုံခဲ့ရသည့် စန်ဘောင်ရပ်ကွက် ဘွေရားလမ်းဘက်တွင် ရေပြွန်နှင့် ရေနုတ်မြောင်းများ တည်ဆောက်ပေးခြင်းကြောင့် မြေပြိုမှုဘေးမရှိသော်လည်း မြောင်းရေနှင့်အတူပါလာသည့် မြေများ လမ်းပေါ် ပိတ်ဆို့နေသဖြင့် မြို့နယ်စည်ပင်သာယာရေးက သွားရောက်ဖယ်ရှားပေးခဲ့သည်။

မတူပီမြို့တွင်း၌ မြို့နယ်စာရင်းစစ်ရုံး နောက်ဘက်ရှိ မြေထိန်းနံရံ လမ်းမပေါ်သို့ ပြိုကျခဲ့သောကြောင့် မြို့နယ်စည်ပင်သာယာရေးမှ ပြန်လည်ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## ကျောက်ပန်းတောင်းမြို့နယ်တွင် ရာသီဥတုကြောင့် စိန်တစ်လုံးသရက်သီး အထွက်နှုန်းနည်းနိုင်

**ကျောက်ပန်းတောင်း မေ ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်း ပုပ္ပားအရှေ့မြောက်ဘက်နှင့် အရှေ့ခြမ်းဒေသများမှ ဥယျာဉ်ခြံလုပ်ငန်းလုပ်ကိုင်ကြသည့် ကျေးရွာများ၌ စိန်တစ်လုံးသရက်သီးများကို အများအပြား စိုက်ပျိုးကြရာ ယခုနှစ်တွင် ရာသီဥတုအခြေအနေကြောင့် သရက်သီးများ အထွက်နှုန်းနည်းနိုင်ကြောင်း သိရသည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် စိန်တစ်လုံးသရက်သီးကို ပုပ္ပားအရှေ့မြောက်ဘက်နှင့် အရှေ့ခြမ်းကျေးရွာများဖြစ်သော နတ်ကန်လည်၊ ဆည်းမ၊ လျှော်တော၊ဘိုတဲ၊ လွန်အိုင်၊ ကျောက်ခွက်၊ ဆည်၊ ပျဉ်မကြီးနှင့် လယ်ကျဉ်းခေါင်း အစရှိသည့် ကျေးရွာများတွင် စီးပွားဖြစ်စိုက်ပျိုးကြပြီး နတ်ကန်လည်ကျေးရွာတွင် အများဆုံး စိုက်ပျိုးကြရာ အိမ်ထောင်စုတစ်စုလျှင် သရက်ခြံ တစ်ခြံမှ သုံးခြံ၊ လေးခြံအထိ စိုက်ပျိုးကြကြောင်းသိရသည်။

စိန်တစ်လုံးသရက် စိုက်ပျိုးရာတွင် အပင် ၆၀၀ ခြံတစ်ခြံအတွက် ဆိုက်ဘာပိုးသတ်ဆေး၊ မှိုဆေးနှင့် အားဆေးဖိုး တစ်ကြိမ်လျှင် ကျပ်တစ်သိန်းခွဲခန့် ကုန်ကျပြီး၊ ဆေးပက်အလုပ်သမားခအပါအဝင် တစ်ရာသီလုံးအတွက် ဆေးဖိုးနှင့် လုပ်အားခ ကျပ်ရှစ်သိန်းမှ ၁၂ သိန်းခန့်အထိ ကုန်ကျကြောင်း သိရသည်။ ထို့အပြင် မိုးမကျမီတွင် သီးကင်းများ အလုံးလုံ့အောင် အိပ်စွပ်သည့်အလုပ်ကိုလည်း အချိန်ယူလုပ်ကိုင်ကြရပြီး အိပ်စွပ်လုပ်ငန်းအတွက် အလုပ်သမားရှားပါးမှုကလည်း ကြုံတွေ့နေရသည့် အခက်အခဲတစ်ခုဖြစ်ကြောင်း သိရသည်။

စိန်တစ်လုံးသရက်သီးကို ခြံအလိုက် ပုတ်ပြတ်ရောင်းချပါက အပင်နှင့်အသီး၏ အခြေအနေအပေါ် မူတည်၍ တစ်ခြံလျှင် ကျပ် ၁၀ သိန်း၊ ၁၅ သိန်းမှစတင်ကာ ကျပ်သိန်း ၁၅၀ နှင့် သိန်း ၂၀၀ အထိပင် ရရှိနိုင်ကြောင်း၊ သရက်သီးပေါ်ချိန်တွင် မူဆယ်၊ ကျောက်ဆည်၊ တောင်ကြီး၊ နေပြည်တော်အစရှိသည့် မြို့များမှ ကုန်သည်ပွဲစားများက ကျေးရွာအထိလာရောက်၍ ပုတ်ပြတ်ဝယ်ယူကြကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**

## သုံးခွမြို့ရှိTRIစေတနာကွန်ရက်မှ အသက် ၈၀နှစ်နှင့်အထက် ဘိုးဘွားနေအိမ်များအား ပြုပြင်တည်ဆောက်ပေး

**သုံးခွ မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့တွင် TRI စေတနာကွန်ရက်မှာ စေတနာအလှူရှင်က တစ်လတစ်ဦး ၅၀၀ ထည့်ဝင်လှူဒါန်းကြပြီး သီးခြားအလှူရှင်များ စုပေါင်း၍ လစဉ်အသက် ၈၀ နှစ်နှင့်အထက် နွမ်းပါးအဘိုးအဘွား ၁၀၈ ဦးအား လစဉ်ဆန်လေးပြည်စီ လှူဒါန်းလျက်ရှိသည်မှာ သုံးနှစ်ကျော်ရှိပြီဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် အသက်၈၀ နှင့်အထက် နွမ်းပါးဘိုးဘွားများအား နှစ်စဉ် မိုးမကျမီ နေအိမ်အသစ် တည်ဆောက်ပေးခြင်း၊ ပြုပြင်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်မှာ ယခုနှစ် ၂၀၁၈ တွင် လေးနှစ်ပြီဖြစ်ကြောင်း သိရှိရသည်။ အမှတ် ၃၊ ၅၊ ၇၊ ၁၁ ရပ်ကွက်နှင့် အနောက်ကျေးရွာတို့မှ အဘွား ခြောက်ဦးတို့၏ နေအိမ်အလျား ၁၂ ပေ၊ အနံ ၈ ပေ (သွပ်မိုး၊ ခနိမိုး၊ ထရံကာ၊ ပျဉ်ခင်း၊ အုတ်ဖိနပ်၊ သစ်သားတိုင်)အား အသစ်ပြန်လည် တည်ဆောက်ပေးပြီး ၁၀၊ ၁၂ရပ်ကွက်တွင် အိမ်ဟောင်းနှစ်လုံးအား အကြီးစားပြုပြင်ပေးခြင်း၊ နေအိမ် ၁၉ လုံးအား တစ်အိမ်လျှင် လိုအပ်သော ဝါး ၁၀ လုံး၊ ဓနိ ၃၀၀ စီ လှူဒါန်းပေးခဲ့ခြင်းများ ပြုလုပ်ခဲ့သည်ဟု TRI အဖွဲ့မှ ဦးချစ်ကိုက ပြောကြားခဲ့သည်။ အမှတ် ၁၁ ရပ်ကွက်မှ ဒေါ်တဆုပ်က "အခုလို မိုးမရွာခင် အဘွားနေအိမ်ကို အသစ်ဆောက်ပေးလို့ လှူဒါန်းပေးသူတွေ၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသူတွေကို ကျေးဇူးတင်ပါတယ်၊ ကျန်းမာချမ်းသာစေကြောင်း မေတ္တာပို့သပါတယ်" ဟု ပြောကြားခဲ့သည်။

**ကိုကျော် (သုံးခွ)**

## ဧပြီလအတွင်း ပြည်ပအလုပ် ၁၄၉၀၀ ကျော်နှင့် ပြည်တွင်းအလုပ် ၁၅၂၀၀ ကျော် ခန့်ထားနိုင်ခဲ့

**နေပြည်တော် မေ ၁၃**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်း ဝင်ငွေတိုးပွားစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ရည်ရွယ်၍ ပြည်ပသို့ တရားဝင်အလုပ်သမား စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၈ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားနိုင်ရေးအတွက် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ပြီးခဲ့သည့် ဧပြီလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ပြည်တွင်းအလုပ်အကိုင်နေရာပေါင်း ၁၅၅၅၀ အလုပ်ခန့်ထားနိုင်ခဲ့သလို ပြည်ပနိုင်ငံများသို့လည်း အလုပ်သမားပေါင်း ၁၄၉၈၅ ဦးကို အလုပ်အကိုင်များ ရှာဖွေပေးပြီး တရားဝင်စေလွှတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားသုံးစွဲမှု ယမန်နှစ်ကထက် ၁၇ ရာခိုင်နှုန်းတိုးလာ

**နေပြည်တော် မေ ၁၃**


ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားကို နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်သုံးစွဲလျက်ရှိရာ ယခုနှစ် ဓာတ်အားသုံးစွဲမှုမှာ ယမန်နှစ်ကထက် ၁၇ ရာခိုင်နှုန်းတိုးလာကြောင်းနှင့် ဓာတ်အား ဖြန့်ဖြူးရေးတွင်လည်း တိုင်းဒေသကြီးအတွင်း ဓာတ်အားခွဲရုံများ တိုးချဲ့၍ ဓာတ်အားဖြန့်ဝေပေးလျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၏ အမြင့်ဆုံးသုံးစွဲဝန်အားမှာ ၂၀၁၇ စက်တင်ဘာ ၂၀ ရက်တွင် ၁၃၅၄ ဒသမ ၆၈ မဂ္ဂါဝပ်ဖြစ်ပြီး ယခုနှစ် ဧပြီ ၂၇ ရက်တွင် အမြင့်ဆုံးဝန်အား ၁၄၉၇ ဒသမ ၃ မဂ္ဂါဝပ်အထိ တိုးမြင့်သုံးစွဲမှုကို ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဒါရိုက်တာအဖွဲ့ဝင် ဦးအောင်ကျော်ဦးထံမှ သိရသည်။



၁၃၂ ကေဗွီငှက်ပျောဒိုင်းပင်မဓာတ်အားခွဲရုံတွင် ၅၀ အမ်ဗွီအေ ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ တည်ဆောက်ပြီးစီးမှု မှတ်တမ်းပုံ

"ရန်ကုန်ရဲ့ ဓာတ်အားသုံးစွဲမှုက မနှစ်ကထက် ၁၇ ရာခိုင်နှုန်းတိုးလာတာဖြစ်ပါတယ်၊ မနှစ်က မေလမှာရှိတဲ့ အမြင့်ဆုံးဓာတ်အားသုံးစွဲမှုက ၁၂၈၂ မဂ္ဂါဝပ်ပဲ ရှိပါတယ်၊ အခု ပြီးခဲ့တဲ့ရက်မှာ စုစုပေါင်း ၁၅၀၀ မဂ္ဂါဝပ်အထိ တက်လာပါတယ်၊ အဲဒီလို တက်လာတဲ့အခါမှာ ဓာတ်အားသုံးစွဲမှုများတဲ့အတွက် တချို့နေရာတွေမှာ ဓာတ်အားပြတ်တောက်မှုတွေ ရှိခဲ့ပါတယ်၊ ရာသီဥတုကလည်း အခုရက်ပိုင်းမှာ မကောင်းတဲ့အတွက် ဖြစ်ပါတယ်၊ နောက်တစ်ချက်က ဗို့အားသုံးစွဲမှုများလာတဲ့အချိန်မှာ ဓာတ်အားလိုင်းတွေ ဓာတ်အားခွဲရုံတွေမှာ ယာယီအားဖြင့် မနိုင်နင်းတဲ့ ကိစ္စတွေဖြစ်လာတယ်၊ ရန်ကုန်မြို့ရဲ့ မီးပေးတဲ့စနစ်ကနယ်တွေနဲ့ကွာပါတယ်၊ ရန်ကုန်မှာရှိတဲ့ ဧရိယာတိုင်းမှာ မီးပေးလို့ရတဲ့ Source တစ်ခုထက်မက ရှိပါတယ်၊ အဲဒီလိုဖြစ်လာတဲ့အချိန်မှာ ဓာတ်အားပေးမှုများလာပြီး ထရန်စဖော်မာ မနိုင်ဘူးဆိုရင် တခြားထရန်စဖော်မာ သို့မဟုတ် တခြားလိုင်းကနေ လှည့်ပြီးတော့ ဓာတ်အားပေးရတာရှိပါတယ်၊ ဓာတ်အားခွဲရုံတွေမှာ တချို့ပင်မခွဲရုံ ထရန်စဖော်မာတွေကိုလိုက်ပြီး Capacity တိုးမြှင့်ပေးရတာရှိပါတယ်၊ ဓာတ်အားပြတ်တောက်မှုနဲ့ ပတ်သက်ပြီးတော့ ကွပ်ကဲကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်၊ ပြီးခဲ့တဲ့ လနဲ့စာရင် ဒီဘက်လတွေမှာ ဓာတ်အားပြတ်တောက်မှု နည်းတာတွေ့ရပါတယ်၊ ယခုနှစ်အတောအတွင်းမှာ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအနေနဲ့ အိမ်ခြေ ၇၀၀ လောက်အထိ တိုးမြှင့်ပြီးတော့ မီတာတပ်ဆင်ပေးထားပါတယ်၊ နောက်ပြီး ဖြန့်ဖြူးရေးမှာလည်း မြို့တိုင်းရွာတိုင်းမှာ အများကြီး တိုးချဲ့ပြီးဆောင်ရွက်လျက်ရှိပါတယ်" ဟု ၎င်းက ပြောသည်။




ရန်ကုန်တိုင်းဒေသကြီးအတွင်း
၂၄-၄-၂၀၁၈မှ ၃၀-၄-၂၀၁၈နှင့် ၁-၅-၂၀၁၈ မှ ၇-၅-၂၀၁၈ အတွင်း
စုစုပေါင်းဓာတ်အားပြတ်တောက်မှု နှိုင်းယှဉ်ပြဇယား

လျှပ်စစ်ဓာတ်အားများ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ADB ချေးငွေ၊ နိုင်ငံတော်မှ ခွင့်ပြုထားသော သုံးစွဲငွေများ အပါအဝင် စုစုပေါင်း ကျပ် ၃၄ ဒသမ ၂၃၄ ဘီလီယံဖြင့် ၆၆ ကေဗွီအေဓာတ်အားခွဲရုံ သုံးရုံ၊ ၈၀ အမ်ဗွီအေ/၃၃ ကေဗွီ ဓာတ်အားခွဲရုံ သုံးရုံ တိုးချဲ့တည်ဆောက်နိုင်ခဲ့ပြီး ဓာတ်အားဖြန့်ဖြူးရေး ထရန်စဖော်မာ စုစုပေါင်း ၇၃၂ လုံး တည်ဆောက်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ကြိုးနှင့် သစ်ပင်သစ်ကိုင်းများနှင့် ထိမိပြီး ယာယီလျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်းများ မဖြစ်ပေါ်စေရန် ရည်ရွယ်၍ သစ်ပင်ခုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်ချိန် နည်းပါးစေရန်အတွက် ဆောင်ရွက်မည့်နေရာများကို ကြိုတင်စစ်ဆေးပြီး အသုံးပြုမည့်ပစ္စည်းများ ကြိုတင်ပြင်ဆင်ထားခြင်း၊ ဓာတ်အားဖြတ်မည့်အချိန်ကို ကြိုတင်အသိပေး ကြေညာခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဦးအောင်ကျော်ဦး၏ ပြောကြားချက်အရ သိရသည်။

ဓာတ်အားလိုင်းများတွင် Over Current ကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်းမှ ကာကွယ်ရန်အတွက်လည်း ဓာတ်အားခွဲရုံများရှိ Relay Setting များ၊ CT Ratio များကို ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဓာတ်အားလိုင်းများတွင် ငှက်များနားနေခြင်းကြောင့် ဓာတ်အားပြတ်တောက်မှုမှ ကာကွယ်ရန် Bird Spike များ တပ်ဆင်ခြင်းနှင့် ငှက်များခိုနားမှုများသော ဓာတ်အားလိုင်းများရှိ အလယ် Pin ကြွေသီးကို မြှင့်တင်၍ ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

## သီရိမင်္ဂလာဈေးဟောင်းနေရာတွင် မော်တော်ယာဉ်ရောင်းဝယ်ရေးလုပ်ငန်းများသာ လုပ်ကိုင်လျက်ရှိ

**ရန်ကုန် မေ ၁၃**

ရန်ကုန်မြို့ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ သီရိမင်္ဂလာဈေးဟောင်းမှာ မူလက အသစ်ပြန်လည်ဆောက်လုပ်ရန် ပြောဆိုမှုများရှိခဲ့သော်လည်း လက်ရှိအချိန်တွင် မော်တော်ယာဉ်ရောင်းဝယ်ရေးလုပ်ငန်းများသာ လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရသည်။

ရန်ကုန်မြို့တွင်းသို့ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို အဓိကဖြန့်ဖြူးခဲ့ရာ သီရိမင်္ဂလာဈေးဟောင်းကို ဘုရင့်နောင်လမ်းမကြီးရှိ သီရိမင်္ဂလာဈေးသစ်နေရာသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် မူလဈေးဟောင်းနေရာတွင် မော်တော်ယာဉ် ရောင်းဝယ်ရေးလုပ်ငန်းများ၊ ကုမ္ပဏီရုံးခန်းများ၊ စားသောက်ဆိုင်နှင့် မိုတယ်များ ဆက်လက်ဖွင့်လှစ် လုပ်ကိုင်လျက်ရှိသည်။

အဆိုပါနေရာကို အသစ်ပြန်လည်ဆောက်လုပ်ရန် ယခင်က သတင်းများထွက်ပေါ်ခဲ့သော်လည်း မော်တော်ယာဉ်ရောင်းဝယ်သူအချို့၏ ကန့်ကွက်မှုများကြောင့် မူလအတိုင်းထားရှိခြင်းဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အရာရှိတစ်ဦးကမူ "သီရိမင်္ဂလာဈေးဟောင်းကို အသစ်ဆောက်မယ်ဆိုတာ မဟုတ်ပါဘူး"ဟု ပြောသည်။

ယခင်နှစ်များက အဆိုပါ ဈေးအဆောက်အအုံမှ ကွန်ကရစ်အချို့ကွာကျခဲ့ကြောင်း သိရသည်။ "အပေါ်ထပ်မှာ အထပ်သားတွေ ကုန်အတင်အချလုပ်တဲ့အခါ အလေးချိန်ရှိတယ်လေ၊ ဘေးနားမှာလည်း ကွန်တိန်နာလမ်းရှိတော့ အဲဒီက တုန်ခါမှုဖြစ်ပြီး ကွာကျတာပါ၊ အခုလဲ ကားတွေပေါ်ကျမှာစိုးလို့ ဆန်ခါပိုက်တွေနဲ့ ကာထားတယ်"ဟု မော်တော်ယာဉ်ရောင်းဝယ်နေသူတစ်ဦးက ပြောသည်။



ဟံသာဝတီယာဉ်ရောင်းဝယ်ရေးနေရာမှ လက်ရှိယာဉ်ရောင်းဝယ်ရေးစခန်းတစ်ခုဖြစ်သော သီရိမင်္ဂလာဈေးဟောင်းနေရာသို့ ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း ပြောင်းရွှေ့၍ ယာဉ်အရောင်းအဝယ် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် မော်တော်ယာဉ်ရောင်းဝယ်ရေးလုပ်ငန်းများအတွက် အောင်မင်္ဂလာအဝေးပြေး ဂိတ်အမှတ်(၃)အနီးတွင် သက်ဆိုင်ရာက နေရာသတ်မှတ်ပေးခဲ့သော်လည်း ထိုနေရာမှာ ယာဉ်အစီးရေ ၂၀၀ ခန့်သာ ရပ်နားနိုင်သည့်အတွက် အဆင်ပြေမှုမရှိကြောင်း မော်တော်ယာဉ်ရောင်းဝယ်သူများက ပြောသည်။ လက်ရှိအချိန်တွင် သီရိမင်္ဂလာဈေးဟောင်း ယာဉ်ရောင်းဝယ်ရေးစခန်း၌ မော်တော်ယာဉ်အစီးရေ ၈၀၀ နီးပါး နေ့စဉ် အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**သတင်း-ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# မကွေးတိုင်းဒေသကြီးတွင် ရွေ့လျားရေသန့်စင်ယာဉ်ဖြင့် ရေသန့်စင်ပေးလျက်ရှိ

**မကွေး မေ ၁၃**

နွေရာသီ သောက်သုံးရေရှားပါးလျက်ရှိသော မကွေးတိုင်းဒေသကြီးအတွင်းမှ ကျေးရွာများသို့ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရေသယ်ယာဉ်များဖြင့် ရေများဖြန့်ဝေပေးနေသလို ရွေ့လျားရေသန့်စင်ယာဉ်ကို အသုံးပြု၍လည်း ကျေးရွာများမှ ရေများကို သောက်သုံးနိုင်အောင် သန့်စင်ပြီး ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။



"ရေရှားပါးတဲ့ ရွာတွေကို ရေပေးဝေဖို့ လုပ်တာပေါ့၊ အရင်နှစ်တွေကတော့ မီးသတ်ကားတွေနဲ့ ရေသယ်တာပေါ့၊ ဒီနှစ်ကစပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးချုပ်ကို ရွေ့လျားရေသန့်စင်ယာဉ် ကိုးစီး ပေးထားတယ်၊ ဦးတို့မကွေးတိုင်းဒေသကြီးကလည်း ရေသန့်စင်ယာဉ်တစ်စီးရတယ်၊ ခုလိုရေနည်းပါးနေတဲ့အချိန်မှာ မြေသားရေလှောင်ကန်တွေမှာ ရေတွေနောက်နေတယ်၊ အဲ့ဒီရေတွေကို ဒီရေသန့်ကားရဲ့ ရေသန့်စင်စက်နဲ့စုပ်မယ်၊ စုပ်လိုက်ပြီးတော့ တစ်ခါတည်း သန့်လိုက်ပြီးတော့ ph7ရတဲ့အထိ သန့်စင်အောင် ထုတ်ပေးပြီးတော့ ဆောင်ရွက်ပေးနေတာပေါ့၊ ရေသန့်စင်စက်ယာဉ် ရွေ့လျားမှုအတွက်ကိုတော့ ဌာနက အကုန်ကျခံတယ်၊ ရေသန့်စက်မောင်းဖို့အတွက်ကိုတော့ လွှတ်တော် ကိုယ်စားလှယ်တွေတို့၊ အလှူရှင်တွေတို့က လိုက်ပြီး ဆောင်ရွက်ပေးတာပေါ့၊ ရေနောက်နေတဲ့ ရေလှောင်ကန်တွေရှိရင်လည်း ပြောထားပေးပါ"ဟု မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတတ်ရေး ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းထိုက်ဇော်ကပြောသည်။

ရွေ့လျား ရေသန့်စင်ယာဉ်များကို Japan International Cooperation System(JICS)မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ စုစုပေါင်း ကိုးစီး လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ ဘတ်ဂျက်ဖြင့် တစ်စီး ဝယ်ယူခဲ့ရာ စုစုပေါင်း ရွေ့လျား ရေသန့်စင်ယာဉ် ၁၀ စီးရှိကြောင်း၊ အဆိုပါ ရေသန့်စင်ယာဉ် ၁၀ စီး အနက် JICS မှ လှူဒါန်းသောယာဉ်များကို တိုင်းဒေသကြီး၊ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနများသို့ ခွဲဝေပေးခဲ့ရာ တိုင်းဒေသကြီးအတွက် တစ်စီးလက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေသန့်စင်စက်ယာဉ်ကို တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧပြီလအတွင်းက လက်ခံရရှိခဲ့ပြီးနောက် ကြာကန်ကျေးရွာ၊ ဆားတိုင်ကန်ကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ လက်ဆည်ကန်ကျေးရွာ၊ ညောင်ပင်ကျေးရွာစသည့် ကျေးရွာ ငါးရွာသို့သွား၍ ဒေသခံပြည်သူများအတွက် ရေဂါလန်ပေါင်း ၃၀၀၀ ကို သန့်စင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ဒုတိယ ညွှန်ကြားရေးမှူးထံမှ သိရသည်။

အဆိုပါ ရေသန့်စင်စက်ယာဉ်သည် ကုန်ကြမ်းရေအနေဖြင့် အင်နဲခတ် ပါရှိသောရေအရင်းအမြစ်နှင့် စက်ဆီချောဆီများပါဝင်သော ရေအရင်းအမြစ်တို့မှ အပ ကျန်သည့် မြစ်ရေ ချောင်းရေ ကန်ရေအစရှိသည့် ရေအရင်းအမြစ် အမျိုးမျိုးကို သန့်ရှင်းသောသောက်သုံးရေ ရရှိသည်အထိ သန့်စင်ပေးနိုင်ပြီး တစ်နာရီလျှင် သောက်သုံးရေသန့် ဂါလန် ၆၀၀ ခန့် ထုတ်ပေးနိုင်ကြောင်း၊ တစ်ရက်လျှင် ဂါလန် ၅၀၀၀ ခန့်အထိ သန့်စင်ပေးနိုင်ကြောင်း သိရသည်။ ရေသန့်စင်ရန် စက်လည်ပတ်သည့်အခါ ရေဂါလန် ၁၂၀၀ ခန့်ကို သန့်စင်နိုင်ရန်အတွက် ဒီဇယ်ငါးဂါလန်ခန့် ကုန်ကျကြောင်း၊ ရေသန့်စင်ယာဉ်ကို ဂျပန်နိုင်ငံ Metawater ကုမ္ပဏီလီမိတက်က ထုတ်လုပ်ထားခြင်းဖြစ်ပြီး တန်ဖိုးမှာ မြန်မာငွေ ကျပ်သိန်း ၄၅၀၀ ခန့်ရှိကြောင်း သိရသည်။

ရေသွားရောက် သန့်စင်ပေးမည့် အခြေအနေနှင့်ပတ်သက်၍ ဒုတိယ ဦးစီးမှူးက "မကွေးတိုင်းအတွင်းက မြို့နယ် ၂၅ မြို့နယ်မှာရှိတဲ့ မြို့နယ်ဦးစီးတွေရယ်၊ တိုင်းရုံးတွေ ခရိုင်ရုံးတွေရယ်ကို ဖုန်းဆက်ပြီး အကူညီတောင်းရင် ရေသွားလှူပေးတာပေါ့၊ တချို့ရွာတွေမှာ ရေအလှူရှင်တွေကလည်း လှူကြတယ်၊ အလှူရှင်မရှိတော့ဘူးဆိုရင် ဦးတို့က တန်းပြီးတော့ သွားလှူပေးတယ်"ဟု ဆက်ပြောပြသည်။

နွေရာသီ ရေရှားပါးသောကျေးရွာများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဆိုပါ ရေသန့်စင်ယာဉ်ကို အသုံးပြုကာ ရေသန့်စင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာတွင် စက်လည်ပတ်မှုအတွက် ကုန်ကျမည့် စက်သုံးဆီဖိုးကို ကျေးရွာများက အကုန်အကျခံ၍လည်းကောင်း၊ စေတနာရှင် အလှူရှင်များက စက်သုံးဆီဖိုး လှူဒါန်းခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# ငါးနှစ်အတွင်း ကင်ဆာဝေဒနာရှင် ၃၀၀၀ ခန့်ကို မြစ်ကြီးနားဆေးရုံကြီးတွင် ကုသပေးခဲ့

**မြစ်ကြီးနား မတ် ၁၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက်ရှိ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ငါးနှစ်အတွင်း ကင်ဆာရောဂါရှိသူ ၃၀၀၀ ခန့်အား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ကုသပေးခဲ့သည့် လူနာများတွင် အမျိုးသမီးများက အမျိုးသားများထက် ပိုများကာ လူနာ ၇၅ ရာခိုင်နှုန်းမှာ အသက် ၅၀ ကျော် အမျိုးသမီးများဖြစ်ပြီး ကျန် ၂၅ ရာခိုင်နှုန်းခန့်မှာ အမျိုးသားများဖြစ်ကြောင်း သိရသည်။

"ကင်ဆာရောဂါ ဖြစ်ပွားတဲ့သူကလည်း တစ်နှစ်ထက်တစ်နှစ် ပိုများလာသလို ရင်သားကင်ဆာနဲ့ သားအိမ်ခေါင်းဝကင်ဆာဖြစ်တဲ့ အမျိုးသမီးတွေ ပိုများနေတယ်" ဟု မြစ်ကြီးနားမြို့ခုတင် ၅၀၀ ဆံ့ဆေးရုံကြီးမှ ကင်ဆာအထူးကုဆရာဝန် ဒေါက်တာ အက်စ်နော်ထန်အောင်က ပြောသည်။

ကချင်ပြည်နယ်တွင် အဖြစ်များနေသည့် ကင်ဆာ ငါးမျိုးမှာ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ သားအိမ်ခေါင်းဝကင်ဆာ၊ အူမကြီးကင်ဆာနှင့် အဆုတ်ကင်ဆာတို့ဖြစ်ကြောင်း သိရသည်။ ရင်သားကင်ဆာသည် မျိုးရိုးလိုက်ခြင်းကြောင့်လည်း ဖြစ်ပွားနိုင်ပြီး နို့မတိုက်သည့်မိခင်များ၊ အိမ်ထောင်မကျသေးသည့် အမျိုးသမီးများတွင် အများဆုံးဖြစ်ပွားကြောင်း၊ အသည်းကင်ဆာလူနာများတွင် အရက်သောက်ခြင်းကြောင့် ဖြစ်ပွားမှုက ရာခိုင်နှုန်းနည်းနေပြီး အသည်းရောင်အသားဝါ ဘီပိုးနှင့်စီပိုး ဖြစ်ပွားရာမှ အသည်းကင်ဆာဆက်ဖြစ်သည့်လူနာက ပိုများကြောင်း၊ သားအိမ်ခေါင်းဝကင်ဆာမှာ သန္ဓေတားဆေးထိုးသည့် အမျိုးသမီးများ၊ လိင်ဆက်ဆံဖော်များသည့် အမျိုးသမီးများနှင့် အိမ်ထောင်စောစောကျသည့် အမျိုးသမီးများတွင် အဖြစ်များကြောင်း၊ အူမကြီးကင်ဆာမှာ ကြာရှည်ခံအောင် ပြုလုပ်ထားသည့် အစားအစာနှင့် အကင်များကြောင့် အများဆုံးဖြစ်ပွားကြောင်း၊ အဆုတ်ကင်ဆာမှာ ဆေးလိပ်သောက်ရာမှတစ်ဆင့် ဖြစ်ပွားမှုများနေကြောင်း သိရသည်။

ကင်ဆာဝေဒနာရှင်များအား ကုသရာတွင် ခွဲစိတ်သည့်အဆင့်၊ ဓာတ်ရောင်ခြည်ကင်သည့်အဆင့်နှင့် ဆေးသွင်းကုသသည့်အဆင့်ဟူ၍ အဆင့် သုံးဆင့်ဖြင့် ကုသပေးလျက်ရှိကြောင်းလည်း သိရသည်။

**မင်းမင်းဦး**



# နေပြည်တော်တွင် တိုင်းရင်းဆေးဖြင့် အခမဲ့ ကွင်းဆင်းကုသပေး

**နေပြည်တော် မေ ၁၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး(နေပြည်တော်)မှ တာဝန်ရှိသူများအဖွဲ့သည် လယ်ဝေးမြို့နယ် သဲကောကြီးကျေးရွာအုပ်စု သဲကောလေးကျေးရွာရှိ နှလုံးလှလူမှုကူညီရေးအသင်းရုံးသို့ မေ ၁၂ ရက်က ကွင်းဆင်း၍ ဒေသခံပြည်သူများအား အခမဲ့ ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

အခမဲ့ ကွင်းဆင်းဆေးကုပေးရာတွင် တိုင်းရင်းဆေးရုံကြီး(နေပြည်တော်)မှ အကြီးတန်း တိုင်းရင်းဆေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူမူချိုက မြန်မာ့တိုင်းရင်းဆေးအကြောင်းနှင့် ကျန်းမာသက်ရှည်နေရအောင် တိုင်းရင်းနည်းကိုဆောင်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တိုင်းရင်းဆေးမှူး ဦးအောင်သူက ကျီးပေါင်းရောဂါနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များကိုလည်းကောင်း ဒေသခံများအား အသိပညာပေးဟောပြောပြီးနောက် သဲကောကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် နှလုံးလှလူမှုကူညီရေးအသင်းဝင်များ၏ ပံ့ပိုးမှုဖြင့် ဒေသခံပြည်သူများအား ဆေးဝါးကုသပေးခဲ့ကြသည်။ တိုင်းရင်းဆေးရုံကြီး (နေပြည်တော်)မှ ကျန်းမာရေးဝန်ထမ်း ၁၃ ဦးက ကုသပေးခဲ့ရာ သဲကောလေးကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ မကျည်းကုန်း၊ ငွေ့ကြီး၊ သုံးတန်ကူး၊ ကြံခင်း၊ ဝဲကြီး၊ သရက်ခုံ၊ ညောင်ကုန်း၊ သာစည် စသည့် ကျေးရွာတို့မှ ဒေသခံများ၏ အရိုးကျီးပေါင်း၊ ထုံနာ၊ ကျင်နာ၊ ဒူးနာ၊ ခါးနာ၊ သွေးတိုး၊ လေငန်း၊ အာရုံကြော အစရှိသည့် ရောဂါများကို စမ်းသပ်ကုသပေးနိုင်ခဲ့သလို ဆေးရုံတက်ရောက်ရမည့် ဝေဒနာရှင်များကိုလည်း လိုအပ်သလို ညွှန်ပို့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# မင်းဘူး(စကု)မြို့တွင် အမှိုက်သိမ်းယာဉ်များဖြင့် နေ့စဉ်အမှိုက်သိမ်းဆည်းပေးနေ

**မင်းဘူး မေ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပသည့် မြို့ပြတစ်ခု ဖြစ်လာစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့ပေါ်ရပ်ကွက်များတွင် အမှိုက်သိမ်းယာဉ်များနှင့် လုပ်သားအင်အား ၁၉ ဦးဖြင့် နေ့စဉ်အမှိုက်များ သိမ်းဆည်းပေးနေကြောင်း သိရသည်။

မင်းဘူးမြို့တွင် ယခင်ကရှိသည့် အမှိုက်သိမ်းယာဉ် လေးစီးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းထားသည့် အမှိုက်သိမ်းယာဉ် တစ်စီး၊ စုစုပေါင်း အမှိုက်သိမ်းယာဉ် ငါးစီး အသုံးပြု၍ သန့်ရှင်းရေးလုပ်သား ၁၉ ဦးတို့ဖြင့် အမှိုက်များ သိမ်းပေးနေသလို အသံချဲ့စက်ဖြင့် ကြေညာခြင်း၊ ခေါင်းလောင်းတီးခြင်းတို့ဖြင့် အမှိုက်သိမ်းချိန်ကို အသိပေး၍ အမှိုက်သိမ်းပေးခြင်းကြောင့် မြို့ပေါ်ရပ်ကွက်နေ ပြည်သူများအနေဖြင့် အမှိုက်စွန့်ပစ်ရာတွင် အဆင်ပြေလျက်ရှိကြောင်းလည်း မြို့နယ်စည်ပင် အမှုဆောင်အရာရှိက ပြောသည်။



"ကျွန်တော်တို့ မင်းဘူး(စကု)မြို့နယ်ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပသော မြို့ပြတစ်ခုအဖြစ်အောင် သန့်ရှင်းရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်နေပါတယ်၊ အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းကို လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းများအပြင် ရွှေတပင်မြို့ကွက်သစ်၊ သူဌေးကုန်းရပ်ကွက်၊ ရွှေမင်္ဂလာရပ်ကွက်၊ အောင်မြေရပ်ကွက်၊ သိမ်ကုန်းရပ်ကွက်များကို ထပ်မံတိုးချဲ့သိမ်းဆည်းဆောင်ရွက်ပေးထားပါတယ်၊ ဒါ့အပြင် ကျွန်တော်တို့ မင်းဘူး(စကု)မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေနဲ့ မြို့ပေါ်ရပ်ကွက်များက ပြည်သူများကိုလည်း အမှိုက်များ စနစ်တကျ စွန့်ပစ်ရေးအတွက် ဆက်လက်ပြီးတော့ အသိပညာပေးဟောပြောပွဲများ၊ ဆွေးနွေးပွဲများကို ကွင်းဆင်းဆောင်ရွက်သွားဖို့ရှိပါတယ်၊ မင်းဘူး(စကု)မြို့ကို သန့်ရှင်းသပ်ရပ်မှုရှိသော မြို့ပြတစ်ခုဖြစ်အောင် ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးကြဖို့နဲ့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုတွေ မလုပ်ကြဖို့လည်း ပြောချင်ပါတယ်"ဟု မြို့နယ်စည်ပင် အမှုဆောင်အရာရှိက ဆက်လက်ပြောကြားသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရန်ကုန်တိုင်းဒေသကြီး ရေကူးဆပ်ကော်မတီ ဥက္ကဋ္ဌဖလား လူရွေးပွဲကျင်းပမည်

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ရေကူးဆပ်ကော်မတီဥက္ကဋ္ဌဖလား ရေကူးပြိုင်ပွဲအတွက် လူရွေးပြိုင်ပွဲကို လာမည့် ဇွန် ၂ ရက်နှင့် ၃ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲသို့ ရေကူးဝါသနာရှင်များ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

လာမည့် ဇွန် ၂၀ ရက်နှင့် ၂၂ ရက်တို့တွင် နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့်ပြည်နယ် ရေကူးပြိုင်ပွဲများ ကျင်းပတော့မည်ဖြစ်၍ အဆိုပါပြိုင်ပွဲအတွက် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ကြိုတင်ကာ လူရွေးချယ်မှုတစ်ရပ်အနေဖြင့် အဆိုပါ ရန်ကုန်တိုင်းဒေသကြီး ရေကူးဆပ်ကော်မတီဥက္ကဋ္ဌဖလား ရေကူးလူရွေးပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသော အားကစားသမားများအနေဖြင့် မေ ၁၆ ရက်မှ ၁၉ ရက်အတွင်း နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ လာရောက်စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၀၉- ၅၀၄၆၆၅၄ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။

**မင်းခေတ်**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများမှ ထွက်ရှိသောဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁၁-၅-၂၀၁၈ရက်မှ ၁၈-၅-၂၀၁၈ထိ နေ့စဉ် နံနက် ၉:၃၀နာရီ မှ ညနေ ၄:၀၀နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၁၈-၅-၂၀၁၈ ရက် ညနေ ၄:၀၀နာရီဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၈၂၅၁၉၀၈ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး-မကွေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် ၂၀၁၈ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လစာအတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံတင်ရောင်းချမည့်ရက်** - ၁၅-၅-၂၀၁၈ ရက်(အင်္ဂါနေ့)
**တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** - တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့
**တင်ဒါပုံစံနောက်ဆုံး ပေးသွင်းရမည့်ရက်** - ၁၄-၆-၂၀၁၈ ရက် (ကြာသပတေးနေ့) ညနေ ၄:၃၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါး/ဆေးပစ္စည်းများစာရင်းကို အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး-မကွေးမြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**
**တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး-မကွေးမြို့**
**ဖုန်း-၀၆၃-၂၀၂၅၁၁၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
## ပါရဂူဘွဲ့(Ph.D)သင်တန်းဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D)သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-
- (က) တရုတ်ဘာသာ
- (ခ) ကိုရီးယားဘာသာ

၂။ ပါရဂူဘွဲ့(Ph.D)သင်တန်းတက်ရောက်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။
- (က) ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
- (ခ) ၂၀၁၈ခုနှစ် ဇွန်လ ၁ ရက်တွင် အသက်၃၀ထက် မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်လျှော့ပေါ့စဉ်းစားမည်။)
- (ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့်တစ်နှစ်တက်ရောက်နိုင်သူဖြစ်ရမည်။
- (ဃ) ဝင်ခွင့်လျှောက်ထားသူများ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
  - (၁) ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက် အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှတရုတ်ဘာသာနှင့် ကိုရီးယားဘာသာရပ်၌ အနိမ့်ဆုံးမဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီမေးခွန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်ရမည်။
  - (၂) ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှနည်းပြ၊ သရုပ်ပြများဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက် ၁နှစ် အနည်းဆုံးရှိရမည်။
- (င) ပါရဂူဘွဲ့အကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် တစ်နှစ်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

၃။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၈-၅-၂၀၁၈ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပါရဂူဘွဲ့(Ph.D)သင်တန်းတွင် ဝင်ခွင့်စာမေးပွဲကိုအောက်ပါအတိုင်းဖြေဆိုရမည်။
- (က) ၂၁-၅-၂၀၁၈ရက် (တနင်္လာနေ့) ၉:၀၀နာရီမှ ၁၂:၀၀နာရီ (တရုတ်ဘာသာ၊ ကိုရီးယားဘာသာ)
- (ခ) ၂၂-၅-၂၀၁၈ရက်(အင်္ဂါနေ့) ၉:၀၀နာရီမှ ၁၂:၀၀နာရီ (အင်္ဂလိပ်ဘာသာ)

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို ၂၈-၅-၂၀၁၈ရက် (တနင်္လာနေ့) တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ တရုတ်ဘာသာနှင့် ကိုရီးယားဘာသာဌာနမှူးတို့ထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ မော်ကွန်းထိန်း ဖုန်းနံပါတ်-၀၁-၅၁၅၂၃၆ ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
## နေပြည်တော်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သင်တန်းကျောင်း အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း၏ အောက်ဖော်ပြပါ လုပ်ငန်းများအား ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆လအတွင်း ဆောင်ရွက်လိုသည့် မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
- (က) မြေဖို့ခြင်း
- (ခ) ၄လက်မ အဝီစိတွင်း
- (ဂ) ဂါလန် ၁၀၀၀၀ဆံ့ မြေအောက်ရေလှောင်ကန်
- (ဃ) အုတ်ခြံစည်းရိုး
- (င) HT Line+ 315 KVA Transformer တပ်ဆင်ခြင်းနှင့် လမ်းမီးတိုင်သွယ်တန်းခြင်း

၂။ တင်ဒါလျှောက်လွှာအား(၁)စောင်လျှင် ၁၀၀၀၀(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ရုံးအမှတ်-၅၄၊ နေပြည်တော်၊ ဘတ်ဂျက်နှင့် ထောက်ပံ့ဌာန၊ ထောက်ပံ့ဌာနခွဲတွင် ဝယ်ယူနိုင်ပါသည်။
- (က) **စတင်ရောင်းချမည့်ရက်** - ၈-၅-၂၀၁၈ ရက် (အင်္ဂါနေ့)
- (ခ) **အရောင်းပိတ်မည့်ရက်** - ၈-၆-၂၀၁၈ ရက် (သောကြာနေ့)
- (ဂ) **တင်ဒါပိတ်မည့်ရက်** - ၁၁-၆-၂၀၁၈ ရက် (တနင်္လာနေ့)
- (ဃ) **တင်ဒါဖွင့်မည့်ရက်** - ၁၃-၆-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)
- (င) **တင်ဒါလျှောက်လွှာ တင်ရမည့်နေရာ** - ဘတ်ဂျက်နှင့် ထောက်ပံ့ဌာန၊ ထောက်ပံ့ဌာနခွဲ

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ရုံးအမှတ် ၅၄၊ နေပြည်တော်၊ ဘတ်ဂျက်နှင့် ထောက်ပံ့ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၃၄၃၀၃၂၄၊၀၆၇-၃၄၃၀၃၂၅တို့သို့ ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊**
**ရုံးအမှတ်-၅၄၊ နေပြည်တော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ပျဉ်းမနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ပျဉ်းမနားမြို့၊ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လူနာများ ကုသပေးရန် FDA အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲ/ဓာတ်မှန်သုံးဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၇-၅-၂၀၁၈ ရက် (ကြာသပတေးနေ့)
**တင်ဒါပုံစံစတင်ရောင်းချမည့်အချိန်** - နံနက် ၉:၃၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၆-၂၀၁၈ ရက်(သောကြာနေ့) ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ ပစ္စည်းများစာရင်းအသေးစိတ်ကို ရုံးချိန်အတွင်း ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်၊ ပျဉ်းမနားမြို့**
**ဖုန်း-၀၆၇-၂၂၃၀၉၊ ၀၆၇-၂၄၆၆၄**

## မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန် FDA အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ၊ ဆေးရုံသုံးပစ္စည်း (Consumables)များနှင့် အောက်ဆီဂျင်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၁၄-၅-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၆-၂၀၁၈ ရက် ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အခြားသိလိုသည်များရှိပါက ရုံးချိန်အတွင်း ဤဆေးရုံကြီးတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**

## ကွန်ပျူတာတက္ကသိုလ်(မကွေး)၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ ဆရာ/ဆရာမ ဆောင်၊ ကျောင်းသား/ကျောင်းသူ အိပ်ဆောင် ဆောက်လုပ်ရန်အတွက်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် ကွန်ပျူတာတက္ကသိုလ်(မကွေး)တွင် ဆရာ၊ဆရာမ ဝန်ထမ်းအိမ်ရာ (တစ်)လုံးနှင့် ကျောင်းသား၊ကျောင်းသူအိပ်ဆောင်(တစ်)လုံး အသစ်ဆောက်လုပ်ရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၁-၅-၂၀၁၈ ရက်
**တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၁-၆-၂၀၁၈ ရက် ညနေ ၄ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ကွန်ပျူတာတက္ကသိုလ်(မကွေး)၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ လူမှုရေးဝန်ကြီးဌာန** - ဖုန်း- ၀၆၃-၂၈၁၃၁၊ ၀၉-၄၀၁၆၁၆၄၇၉
**ကွန်ပျူတာတက္ကသိုလ်(မကွေး)** - ဖုန်း- ၀၆၃-၂၈၅၈၈၊ ၀၉-၂၅၉၁၆၃၆၄၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## စစ်ကိုင်းတက္ကသိုလ်
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်မည့် စစ်ကိုင်းတက္ကသိုလ်၏ လုပ်ငန်းများဖြစ်သော ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

